# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 8 July 2020 ၁၀၀၆၇


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေး



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ ဒေါက်တာရဲထွန်းဝင်း၊ ဒေါ်ဇာခြည်ငွေး၊ ဦးသိန်းမြင့်တို့နှင့် အပြန်အလှန်ဆွေးနွေးစဉ်။

နေပြည်တော် ဇူလိုင် ၇

Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် COVID–19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ဇာခြည်ငွေး၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကြက်၊ ဘဲ မွေးမြူထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးသိန်းမြင့် တို့နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများကို အပြန်အလှန် ဆွေးနွေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


- ☆ မွေးမြူရေးသည် စီးပွားရေးအတွက်သာမက ပြည်သူလူထု၏ ကျန်းမာရေးနှင့်လည်း ဆက်စပ်နေ
- ☆ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပါက ပြည်သူများ၏ ကျန်းမာရေးနှင့် နိုင်ငံတော်၏စီးပွားရေးအတွက်လည်း အထောက်အကူဖြစ်မည်

ကြေးမုံ ယနေ့ ဖတ်စရာ

**ကျွန်တော် အမှတ်ရနေသော ဗိုလ်ချုပ်**


စာမျက်နှာ » ၆


**ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ အထွေထွေရွေးကောက်ပွဲလေ့လာခွင့် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာ**


စာမျက်နှာ » ၁၀


**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**


စာမျက်နှာ » ၁၅





ကြေးမုံ

# တစ်ရွာစီမှ တစ်ပြည်လုံးဖွံ့ဖြိုးခြင်းဆီသို့

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု မြင့်မားနှုန်းမှာလည်း ကျေးလက်ဒေသများ ဖြစ်သည်။ လက်ရှိ လူမှုစီးပွားအခြေအနေအရလည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့်လည်းကောင်း ကျေးလက်ဒေသမှ အလုပ်လုပ်ကိုင်ကြသူများမှာ ရွှေ့ပြောင်းလုပ်သားများအဖြစ် ပြောင်းလဲလုပ်ကိုင်လာကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးမှုမှာ အလှမ်းဝေးလျက်ရှိသည်။

လူတို့၏သဘာဝမှာ ရေကြည်ရာ မြက်နုရာတွင် ပြောင်းရွှေ့လုပ်ကိုင်ကြစမြဲဖြစ်၍ မိမိဒေသတွင် ရေမကြည် မြက်မနု နေထိုင်လုပ်ကိုင်ချင်စရာမရှိသမျှ ပြောင်းရွှေ့ကြမည်မှာ သဘာဝပင် ဖြစ်သည်။ ထိုသို့ပြောင်းရွှေ့လုပ်ကိုင်မှုကြောင့် စွန့်လွှတ်ပေးဆပ်ရမှုများမှာ များလှပေသည်။ ရွှေ့ပြောင်းလုပ်သားများမှာ ပြည်တွင်းမြို့ပြများ၌သာမက အဆင်ပြေရာ ပြည်ပနိုင်ငံများသို့လည်း အမြောက်အမြား ပြောင်းရွှေ့လုပ်ကိုင်နေကြသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။

လက်ရှိကာလတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသောကြောင့် မိခင်နိုင်ငံသို့ ပြန်လိုကြသော ရွှေ့ပြောင်းလုပ်သားများ နေ့စဉ်တဖွဲဖွဲ ပြန်လာနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့သော မတည်မြဲမှုအခြေအနေများကြောင့် ကျေးလက်နေပြည်သူများ၏ဘဝမှာ မရေရာမသေချာဖြစ်ကြရသည်။ ယင်းတို့ကို ကုစားပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက နည်းလမ်းအမျိုးမျိုး ရှာဖွေလုပ်ကိုင်ပေးနေသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ခေတ်အဆက်ဆက် လုပ်ကိုင်ခဲ့သော်လည်း ခရီးမပေါက်ခဲ့သဖြင့် ယခုအခြေအနေတွင် မဖြစ်မနေခရီးရောက်အောင် ကြိုးစားလုပ်ဆောင်နေကြသည်ကို မြင်တွေ့လိုက်ရသည်။

ကျေးလက်ဒေသပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွင် တောင်သူလယ်သမားများအတွက် အသေးစားလယ်ယာစီးပွားရေးလုပ်ငန်းပံ့ပိုးပေးခြင်းနှင့် Cash For Work စီမံကိန်းဖြင့် ကျေးရွာများအား ထောက်ပံ့ပေးခြင်းတို့သည် ထိရောက်သောအစီအစဉ်များဖြစ်သည်။ အသေးစားလယ်ယာစီးပွားရေးလုပ်ငန်းတွင် တောင်သူလယ်သမားများအနေဖြင့် ထုတ်ကုန်ရောင်းအားကျဆင်းပြီး ဝင်ငွေမရှိသည့်အခါ သို့မဟုတ် ပုံမှန်ပြည်ပငွေလွှဲများ မရှိသည့်အခါ စိုက်ပျိုးရေးဦးစီးဌာနမှ စပါးမျိုးစေ့ထုတ်လုပ်ငန်း ဧက တစ်သိန်း စီမံကိန်းကို နိုင်ငံတစ်ဝန်းလုံးတွင် အကောင်အထည်ဖော်လိုက်ခြင်းသည် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား မြင့်မားပြီး တောင်သူများ ဝင်ငွေတိုးတက်စေမည် ဖြစ်သည်။

Cash For Work စီမံကိန်းသည် ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသော ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်းများပြုပြင်ခြင်း၊ ရေနုတ်မြောင်းများပြုပြင်ခြင်း၊ ကွန်ကရစ်လမ်းများခင်းခြင်း၊ မြေသားလမ်းများခင်းခြင်း၊ မိုးရေလှောင်ကန်များ တူးဖော်ပြုပြင်ခြင်း စသည့်လုပ်ငန်းများကို ကျေးရွာလူထုကိုယ်တိုင် ရွေးချယ်ဖော်ထုတ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်သည်။ မိမိကျေးရွာဖွံ့ဖြိုးရေးအတွက် အလုပ်လုပ်ကြသော ကျေးရွာသူ၊ ကျေးရွာသားများကို လုပ်အားခပေးချေသောစနစ်ဖြစ်သည်။ ထောက်ပံ့ငွေ၏ အနည်းဆုံး ၄၀ ရာခိုင်နှုန်းကို လုပ်အားခအဖြစ် အသုံးပြုပြီး ကျန် ၆၀ ရာခိုင်နှုန်းကို ပစ္စည်းသုံးမည်ဖြစ်၍ ဝင်ငွေလည်းရ၊ ရွာလည်းလှသည့် လက်တွေ့ကျသော စီမံကိန်းဖြစ်သည်။

အလားတူ စီမံကိန်းအမျိုးမျိုးကို ကျေးလက်ဒေသများတွင် စတင်ဖော်ဆောင်နေပြီး နိုင်ငံတော်အစိုးရက ကမ္ဘာ့ဘဏ်ချေးငွေ၊ နိုင်ငံတော်ရန်ပုံငွေတို့ဖြင့် အမြောက်အမြားကျခံထောက်ပံ့နေပြီ ဖြစ်သည်။ ယင်းရန်ပုံငွေများကို ကျေးလက်ပြည်သူလူထု လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက် အားသွန်ခွန်စိုက်လုပ်ကိုင်ကြခြင်းဖြင့် ကျေးလက်ဒေသများ လှပဝေစည်အောင် ကြိုးစားရမည်ဖြစ်သည်။ ထိုစီမံကိန်းများသည် ရပ်ရွာအခြေပြု လုပ်ငန်းများဖြစ်၍ ကျေးလက်ပြည်သူများအားလုံး စည်းလုံးညီညာစွာဖြင့် စနစ်တကျဖော်ဆောင်တတ်ခြင်း၊ ဒီမိုကရေစီ အလေ့အကျင့်ကောင်းများရရှိခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ အရှိန်အဟုန်မပြတ်ထုတ်လုပ်နိုင်ပြီး ကျေးလက်ပြည်သူများ လူမှုစီးပွားနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသော လူမှုစီးပွားစိန်ခေါ်မှုများကို ကျေးလက်နေပြည်သူများ၏ စုပေါင်းစွမ်းပကားဖြင့် ကျော်လွှားနိုင်မည့်အင်အားများ ရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုများ လျှော့ချရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကိုဗစ်-၁၉ ကြောင့်ပင် ရရှိလာပြီဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ အမြော်အမြင်ရှိမှု၊ စီမံခန့်ခွဲပေးမှုတို့ဖြင့် ကျေးလက်နေပြည်သူအားလုံး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ကျေးရွာတစ်ရွာချင်းစီမှ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ကြဉ်းကြရမည် ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



## ရတနာမြေစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းက ပြည်ပပို့ကုန်ပြောင်းမျိုးများ စိုက်ပျိုးထုတ်လုပ်

**ဒီးမော့ဆို ဇူလိုင် ၇**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ကုန်းသာကျေးရွာရှိ ရတနာမြေစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းရှိ အသင်းသားများ၏ လယ်ယာမြေ ဧက ၈၈ ဒသမ ၅၃ ဧကအား အဆင့်မြှင့်တင်ပြုပြင်နိုင်ရေးအတွက် ပံ့ပိုးချေးငွေတစ်ကေလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ဖေဖော်ဝါရီလ၌ ချေးငွေကျပ် ၂၆၇ သိန်းကို ထုတ်ချေးပေးနိုင်ပြီး ဧပြီလတွင် မြေယာပြုပြင်၍ စိုက်ပျိုးရာသီဖြစ်သည့် မေလအတွင်း ပြည်ပပို့ကုန်ပြောင်းမျိုးများကို စိုက်ပျိုးထားသည်။

လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခင်က တစ်သီးစားသာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုရာသီမှစ၍ နှစ်သီးစားစိုက်ပျိုးလုပ်ကိုင်နိုင်မည်ဖြစ်သည့်အတွက် အသင်းရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အသင်းသားများ၏ လူမှုဘဝပိုမိုတိုးတက်ကောင်းမွန်သော ခံစားခွင့်အကျိုးရလဒ်ကို ရရှိစေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၇-၇-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၁,၀၀၀ | ၇၃၃ | ၇,၇၀၇,၀၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၀၀ | ၁,၇၇၀ | ၆,၇၂၆,၀၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁၀ | ၈၁,၀၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၀၀၀ | ၁,၇၉၀ | ၃၉,၆၅၇,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁၀၀ | ၂၈၀,၀၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၅၉ | ၁၅၆,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၇

ရန်ကုန်(ရွှေဈေး) ၁၂၂၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၄၀/၅၈၀ ကျပ် | ၅၇၅/၆၀၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၇၀ ကျပ် | ၅၆၀/၅၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၁၀/၆၂၅ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၈၀/၅၁၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၇၀/၄၈၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၈၀/၄၉၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၂၀/၄၆၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၇.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၁.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၄.၇၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၇၈၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၉.၇၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၅၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၇.၃၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၉.၆၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၆၉.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၂၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့် အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

☆ **ရှေ့ဖုံးမှ**

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် မွေးမြူရေးကဏ္ဍသည် စီးပွားရေးအရ အလားအလာကောင်းသည့် ကဏ္ဍဖြစ်ပါကြောင်း၊ မွေးမြူရေးသည် စီးပွားရေးအတွက်သာမက ပြည်သူလူထု၏ ကျန်းမာရေးနှင့်လည်း ဆက်စပ်နေပါကြောင်း၊ နို့ထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းမှုများရှိပါကြောင်း၊ မိမိနိုင်ငံအတွင်း၌ ထုတ်လုပ်နိုင်ပါက စီးပွားရေးအရ ကောင်းပါကြောင်း၊ သုတေသနတွေ့ရှိချက်အရ ကလေးများကို အရပ်ရှည်အောင် အားအပေးနိုင်ဆုံး အစားအစာသည် နွားနို့ဖြစ်ပါကြောင်း၊ နွားနို့နှင့် ကြက်ဥကို မှန်မှန်စားသုံးနိုင်ပါက ကလေးများ ပိုမိုကြီးထွားပြီး ကျန်းမာကြမည်ဖြစ်ပါကြောင်း၊ ကြက်ဥနှင့် ငါးသည်လည်း လူတို့၏ ကျန်းမာရေးနှင့် ကိုက်ညီပါကြောင်း၊ တချို့ ငါးများတွင်ပါဝင်သည့် အဆီသည် ကျန်းမာရေးအတွက် အထူးကောင်းမွန်ပါကြောင်း။

**ထုတ်ကုန်ကောင်းမွန်ရန်လို**

ကိုဗစ်အလွန်ကာလတွင် မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေလိုပါကြောင်း၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပါက ပြည်သူများ၏ ကျန်းမာရေးနှင့် နိုင်ငံတော်၏ စီးပွားရေးအတွက်လည်း အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း၊ မွေးမြူရေးကဏ္ဍ ပိုမိုအောင်မြင်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဈေးကွက်များ ပိုမိုရရှိလာစေရန် မည်သို့စီစဉ်ထားသည်ကို သိရှိလိုပါကြောင်း၊ ဈေးကွက်ကောင်းကောင်းရရှိလိုပါက မိမိတို့၏ ထုတ်ကုန်အဆင့်အတန်း ပိုမိုကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ဒေါက်တာရဲထွန်းဝင်းအနေဖြင့် ကိုဗစ်-၁၉ ကာလတွင် မွေးမြူရေးကဏ္ဍအတွက် ဆောင်ရွက်နေမှုအခြေအနေနှင့် ကိုဗစ်-၁၉ အလွန်ကာလတွင် မွေးမြူရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်စေရန် အစိုးရက မည်သို့စီစဉ်ထားသည်ကို အများပြည်သူသိနိုင်အောင် ပြောပြပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက မြန်မာနိုင်ငံ၏ မွေးမြူရေးလုပ်ငန်းအနေဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူသည့်စနစ်ကို အခြေခံပါကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ၆၅ ရာခိုင်နှုန်းသော အိမ်ထောင်စုများသည် မွေးမြူရေးတိရစ္ဆာန် သို့မဟုတ် အိမ်မွေးတိရစ္ဆာန် တစ်မျိုးမျိုးအား မွေးမြူကြပါကြောင်း၊ မွေးမြူရေးလုပ်ငန်းသည် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေရရှိရေးအတွက်လည်း အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ပြည်သူလူထုအတွက် ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်းနှင့် ဉာဏ်ရည်ဖွံ့ဖြိုးစေခြင်းတို့အတွက် လိုအပ်သော အသားဓာတ်ကိုလည်း မွေးမြူရေးလုပ်ငန်းက ထုတ်လုပ်ပေးနေပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများသို့ ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသည့် မွေးမြူရေးတိရစ္ဆာန်များ တင်ပို့ခြင်းမှလည်း နိုင်ငံခြားဝင်ငွေရရှိစေပါကြောင်း။

ကိုဗစ်-၁၉ ကာလအတွင်း မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်မှုများကို မြို့နယ်ပေါင်း ၂၄ မြို့နယ်မှ မွေးမြူသူပေါင်း ၄၉၀၀ ကျော်ကို စစ်တမ်းကောက်ယူခဲ့ပါကြောင်း၊ ထုတ်လုပ်မှုအပိုင်းတွင် ထိခိုက်မှုထူးခြားစွာ မရှိသော်လည်း ဈေးကွက်ကျဆင်းခြင်း၊ ဝယ်လိုအားကျဆင်းခြင်း၊ ကုန်စည်စီးဆင်းမှုတုံ့ဆိုင်းခဲ့ခြင်းကြောင့် မွေးမြူရေးလုပ်ငန်းများအပေါ် ၄၀ ရာခိုင်နှုန်းခန့် ထိခိုက်ခဲ့ရပါကြောင်း၊ အထူးသဖြင့် ရေရှည်ရင်းနှီးမြှုပ်နှံမှု မပြုလုပ်နိုင်သည့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းနှင့် အလတ်စား မွေးမြူရေးလုပ်ငန်းများတွင် ပိုမိုထိခိုက်ခဲ့ပါကြောင်း၊ ထို့နည်းတူစွာ ငါးလုပ်ငန်းတွင်လည်း ထိခိုက်မှု အနည်းငယ်ရှိသည်ကို တွေ့ရပါကြောင်း။

**စဉ်ဆက်မပြတ်ထုတ်လုပ်**

ကိုဗစ်-၁၉ ကာလအတွင်း ကုန်စည်စီးဆင်းမှု နှေးကွေးခဲ့သော်လည်း စားသုံးသူများလက်ဝယ်သို့ မွေးမြူရေးထုတ်ကုန်များ ရောက်ရှိအောင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့် စဉ်ဆက်မပြတ် ပူးပေါင်းပြီး ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပြည်သူလူထု လိုအပ်သည့် ကြက်ဥ၊ သား၊ ငါး၊ နို့များကို စားသုံးသူလက်ဝယ်ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် စားသုံးသူများ၏ စိတ်ပူပန်မှုများကို လျော့ကျစေခဲ့ပါကြောင်း၊ သားစိမ်း၊ ငါးစိမ်းဈေးများ ယာယီကျဆင်းခဲ့သော်လည်း မေလအလယ်ခန့်တွင် ဈေးများပြန်လည်တည့်မတ်လာပါကြောင်း၊ မွေးမြူရေးလုပ်ငန်းသည် အချိန်တိုအတွင်း ပြန်လည်ထူထောင်နိုင်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ အသား၊ ငါး၊ နို့တို့သည် ပြည်သူလူထု၏ အခြေခံစားကုန်များဖြစ်သည့်အတွက် စဉ်ဆက်မပြတ် ထုတ်လုပ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ အလွန်ကာလတွင် မွေးမြူရေးလုပ်ငန်းများ ပြန်လည်တည့်မတ်လာရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော သွင်းအားစုများရရှိရေးအတွက် ကြိုတင်ပြင်ဆင်လျက်ရှိပါကြောင်း။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ဝန်ထမ်းပေါင်း ၂၈၀၀ ရှိပါကြောင်း၊ ယင်းအထဲတွင် တိရစ္ဆာန်ဆရာဝန် ၁၀၉၀ ခန့်ရှိပါကြောင်း၊ တိရစ္ဆာန်ဆရာဝန်တစ်ဦးသည် တိရစ္ဆာန်ယူနစ် ၂၀၀၀၀ ကို တာဝန်ယူရပါကြောင်း၊ အခြားနိုင်ငံများနှင့်ယှဉ်ကြည့်လျှင် တာဝန်ယူရသည့်အပိုင်း များပြားပါကြောင်း၊ ဝန်ထမ်းအင်အားနည်းပါးနေပါကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသများတွင် တိရစ္ဆာန်ကျန်းမာရေးအကူလုပ်သားများကို စနစ်တကျ လေ့ကျင့်ပြီး လုပ်ငန်းဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်လာနိုင်အောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

**ကာကွယ်ဆေးထိုးနှံ**

ကိုဗစ်ကာလအတွင်း အသွားအလာကန့်သတ်ချက်များရှိသော်လည်း ကျေးလက်ဒေသရှိ တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းကို အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး သုံးခုတို့တွင် ကျေးရွာအရောက် ဝက်ရောဂါနှင့်ကြက်ရောဂါ ကာကွယ်ဆေးများထိုးနှံပေးခဲ့ပါကြောင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ရောဂါကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရာသီအလိုက် ဖြစ်တတ်သည့် တိရစ္ဆာန်ရောဂါများကာကွယ်ရေးနှင့် သဘာဝဘေးကျရောက်မှုဆိုင်ရာ ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများအား အသိပေးကြေညာချက်များကို မီဒီယာများမှတစ်ဆင့် ပညာပေး ဖြန့်ဝေပေးခဲ့ပါကြောင်း။

COVID-19 ဗိုင်းရပ်စ်ပိုးသည် တောရိုင်းတိရစ္ဆာန်များမှတစ်ဆင့် လူကို ကူးစက်စေမှု မရှိဟု ပညာရှင်များက သုတေသနပြုတင်ပြထားကြပါကြောင်း၊ သို့သော်လည်း တိရစ္ဆာန်တွင်ဖြစ်သည့် Coronavirus နှင့် မျိုးရင်းချင်းတူနေပါကြောင်း၊ ထို့ကြောင့် တိရစ္ဆာန်တွင်ဖြစ်သည့် Coronavirus ကို လေ့လာဆန်းစစ်နိုင်ရန်အတွက် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA)၏ အကူအညီဖြင့် ရန်ကုန်မြို့ အင်းစိန်တွင်ရှိသည့် Veterinary Assay Laboratory ၌ Coronavirus လေ့လာဆန်းစစ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဝက်တုပ်ကွေးရောဂါမရှိ**

လက်ရှိ တိရစ္ဆာန်ရောဂါနှင့်ပတ်သက်ပြီး ရင်ဆိုင်နေရသည်မှာ အာဖရိကဝက် အပြင်းဖျားရောဂါဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တွင် ရောဂါဖြစ်ပွားခဲ့ပြီးဖြစ်ပါကြောင်း၊ အခြားဒေသများတွင်လည်း ရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေးနှင့် စူးစမ်းလေ့လာရေးလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ လတ်တလောတွင် တရုတ်နိုင်ငံ၌ ဝက်တုပ်ကွေးရောဂါ (H1N1) တွေ့ရှိကြောင်း သတင်းများပေါ်ထွက်နေပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဝက်တုပ်ကွေးရောဂါ (H1N1) နှင့်ပတ်သက်ပြီး လေ့လာဆန်းစစ်မှုများ ပြုလုပ်နေသည်မှာ ၃ နှစ်ရှိပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဝက်တုပ်ကွေးရောဂါ တွေ့ရှိခြင်း မရှိသေးပါကြောင်း။

Covid-19 Economic Relief Plan (CERP) အစီအစဉ်အရ မွေးမြူသူများကို သင်တန်းပို့ချသည့်လုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်ထားပါကြောင်း၊ နိုင်ငံတော်က ချပေးသည့် ရန်ပုံငွေကျပ်သန်း ၁၄၄၀ ဖြင့် မွေးမြူရေးဆိုင်ရာ သင်တန်းခြောက်မျိုးကို မြို့နယ်ပေါင်း ၁၁၈ မြို့နယ်တွင် သင်တန်းသားပေါင်း ၆၀၀၀၀ ခန့်အထိ ပို့ချပေးရန် ခန့်မှန်းထားပါကြောင်း၊ အဓိကအနေဖြင့် နေရပ်ပြန်သူများ၊ ကျေးလက်ဒေသနေ မွေးမြူသူများနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူများကို သင်တန်းပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအကုန်တွင် သင်တန်းအားလုံးပြီးစီးသွားမည်ဖြစ်ပါကြောင်း။

ကျေးလက်တွင် မွေးမြူမည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများပို့ချသွားမည် ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းနှင့်ပတ်သက်ပြီး အထူးအားပေးသည့် စီမံချက်များကို မြို့နယ်အလိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကျေးရွာမတည်ရန်ပုံငွေဖြင့်လည်း ဝန်ကြီးဌာနက ကျေးရွာပေါင်း ၁၇၀၀ တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းကျေးရွာများရှိ မွေးမြူရေးလုပ်ကိုင်သူများအတွက် လိုအပ်သည့် အရင်းအမြစ်များ၊ ပညာရပ်များ၊ ပံ့ပိုးမှုများကို ဆောင်ရွက်ပေးနိုင်ရန် ပြင်ဆင်ပြီးဖြစ်ပါကြောင်း။

ထို့ပြင် မြို့နယ်အလိုက် တိုင်းရင်းကြက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငါးလုပ်ငန်းတွင်လည်း နိုင်ငံတော်မှ ချပေးသည့် ငွေကျပ်သန်း ၆၀၀၀ ဖြင့် ငါးကန်ဧကပေါင်း ၁၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**အအေးခန်းများလိုအပ်**

မွေးမြူရေးထုတ်ကုန်များသည် ပျက်စီးလွယ်သည့်အတွက် သိုလှောင်ထိန်းသိမ်းရန် အအေးခန်းများ လိုအပ်ပါကြောင်း၊ အအေးခန်းများ လုံလောက်စွာ တည်ဆောက်ထားနိုင်ခြင်း မရှိသည့်အတွက် ကုန်စည်စီးဆင်းမှု နှေးကွေးသွားသည့် ကိုဗစ်-၁၉ ကာလအတွင်းတွင် ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ပါကြောင်း၊ အအေးခန်းသိုလှောင်ရုံများအား ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် တည်ဆောက်ရန် ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ လေးသန်းရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ဇာခြည်ဌေးက ကိုဗစ်-၁၉ ကူးစက်ရောဂါ ကျရောက်သည့် အချိန်ကာလအတွင်း ရေချိုရေငန်ငါးလုပ်ငန်းကဏ္ဍ၌ ဝယ်လိုအား လျော့ကျခြင်း၊ ဈေးနှုန်းများလျော့နည်းခြင်းနှင့် ပြည်ပပို့ကုန်လုပ်ငန်းများ တုံ့ဆိုင်းသွားခြင်း စသည့်အခက်အခဲများကို ကြုံတွေ့ခဲ့ရပါကြောင်း။

ပြည်တွင်း ပြည်ပ ဈေးကွက်များ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရေး အချိန်ကာလတစ်ခုအထိ စောင့်ဆိုင်းရမည်ဟု ခန့်မှန်းပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ကနဦးအချိန်ကာလတွင် ရေချိုရေငန်ငါးလုပ်ငန်းအတွင်းရှိ စက်ရုံ၊ အလုပ်ရုံအများစုသည် မြန်မာနှစ်သစ်ကူး ပိတ်ရက်နှင့်အတူ ရက်ရှည် ခေတ္တခဏရပ်နားခဲ့ရပါကြောင်း၊ နိုင်ငံတော်မှ လုပ်ငန်းလည်ပတ်ခွင့် စတင်ခွင့်ပြုသည့်အချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း လိုအပ်သည်များကို အမြန်ဆုံး ပြင်ဆင်ဖြည့်ဆည်းပြီး လုပ်ငန်းစတင်လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ အလုပ်ပိတ်ရက်အတွင်း ရေလုပ်ငန်းကဏ္ဍ အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ စားဝတ်နေရေး၊ အလုပ်အကိုင်နှင့် လစာများ ပြေလည်စေရန် လုပ်ငန်းရှင်များက ကြိုးစားညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

**ချေးငွေစီစဉ်ပေးမည်**

ပြည်တွင်း၌ လိုအပ်လျက်ရှိသည့် ငါး၊ ပုစွန်ရိက္ခာများကိုလည်း စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးလုပ်ငန်းများအပေါ် ဖြေလျှော့ဆောင်ရွက်ပေးခဲ့သည့်အပြင် ရေလုပ်ငန်းကဏ္ဍတွင် ငါးသားပေါက်များ ကူညီပံ့ပိုးပေးသည့် အစီအစဉ်၊ ငါးဖမ်းရေယာဉ်များ၊ ဆိပ်ကမ်းများ ပြုပြင်ထုတ်လုပ်ရေး အအေးခန်းစက်ရုံများနှင့် ငါး၊ ပုစွန်မွေးမြူရေးကန်များကို အတိုးနှုန်းသက်သာသည့် ချေးငွေများ စီစဉ်ပေးမည်ဟု သိရှိရသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း။

☆ **နို့ထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းမှုများရှိပါကြောင်း၊ မိမိနိုင်ငံအတွင်း၌ ထုတ်လုပ်နိုင်ပါက စီးပွားရေးအရ ကောင်းပါကြောင်း၊ သုတေသနတွေ့ရှိချက်အရ ကလေးများကို အရပ်ရှည်အောင် အားအပေးနိုင်ဆုံး အစားအစာသည် နွားနို့ဖြစ်ပါကြောင်း၊ နွားနို့နှင့် ကြက်ဥကို မှန်မှန်စားသုံးနိုင်ပါက ကလေးများ ပိုမိုကြီးထွားပြီး ကျန်းမာကြမည်ဖြစ်ပါကြောင်း၊ ကြက်ဥနှင့် ငါးသည်လည်း လူတို့၏ ကျန်းမာရေးနှင့် ကိုက်ညီပါကြောင်း၊ တချို့ ငါးများတွင်ပါဝင်သည့် အဆီသည် ကျန်းမာရေးအတွက် အထူးကောင်းမွန်ပါကြောင်း။**

မြန်မာနိုင်ငံတွင် ငါး၊ ပုစွန်မွေးမြူရေးလုပ်ကိုင်နေသည့် ဧကပေါင်း ငါးသိန်းကျော်ရှိပါကြောင်း၊ ဧက ၁၂၀၀၀၀ ခန့်သာ လယ်ယာမြေအခြားနည်းအသုံးပြုခွင့် ရရှိထားပါကြောင်း၊ ကျန်ရှိသည့် ဧက ၃၇၀၀၀၀ ခန့်မှာ လျှောက်ထားမှုများ ဆောင်ရွက်ခဲ့သော်လည်း ပြဋ္ဌာန်းကျင့်သုံးခဲ့သည့် ဥပဒေများကြောင့် မြေယာခွင့်ပြုချက်များမရရှိဘဲ ကြန့်ကြာနေရခြင်းအပေါ်တွင် ထင်သာမြင်သာရှိသည့် နိုင်ငံတော်၏ ဖြေလျှော့မှုအဖြစ် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို ဗဟိုလယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီ၏ အစီအစဉ်ဖြင့် ဒဏ်ကြေးငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ အထိသတ်မှတ်၍ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ခွင့်ပြုပေးခဲ့သည့်အတွက် အဖွဲ့ချုပ်အနေဖြင့် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းများအရ ငါးလုပ်ငန်းများဖြစ်သည့် ပင်လယ်ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများ၊ အစာရောင်းဝယ်ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ၊ ငါး၊ ပုစွန် မွေးမြူရေးနှင့် ရေချိုငါးဖမ်းဆီးရေးလုပ်ငန်းများ၊ ငါး၊ ပြုပြင်ထုတ်လုပ်ရေးနှင့် အအေးခန်း စက်ရုံလုပ်ငန်းများ၊ ရေထွက်ကုန်ဝယ်ယူရောင်းချရေး လုပ်ငန်းများ၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် ထုတ်လုပ်ရေးလုပ်ငန်းများတွင် နိုင်ငံသား ၃ ဒသမ ၅ သန်းခန့်ကို အလုပ်အကိုင်များ ဖန်တီးပေးထားပါကြောင်း၊ ထို့ကြောင့် ရေလုပ်ငန်းကဏ္ဍအနေဖြင့် စိုက်ပျိုးရေးကဏ္ဍပြီးလျှင် နိုင်ငံတော်အတွက် ဒုတိယအများဆုံး အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိပါကြောင်း။

**ပို့ကုန်မှဝင်ငွေရရှိရေး**

ဖမ်းဆီးမွေးမြူသည့် ငါး၊ ပုစွန်များကို နိုင်ငံသားများအတွက် ဖူလုံစွာ စားသောက်ခွင့်ရရှိစေပြီး ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မှုကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇၂၈ သန်းရရှိခဲ့ပါကြောင်း၊ ယခု ၉ လတာကာလအတွင်း နှိုင်းယှဉ်ချက်အရ ပြီးခဲ့သည့်ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော် ပိုမိုရရှိခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း ရေလုပ်ငန်းရှိ လုပ်ငန်းကဏ္ဍအသီးသီးက လုပ်ငန်းလည်ပတ်စေရေး ဆက်လက်ကြိုးစားဆောင်ရွက်နေသည့်အတွက် ယခုနှစ်တွင် ပို့ကုန်မှ ဝင်ငွေပိုမိုရရှိရေးကို ခန့်မှန်းထားပါကြောင်း၊ မြန်မာ့ငါးလုပ်ငန်းသည် ရာသီဥတုတူညီသည့် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နှစ်ပေါင်း ၁၅ နှစ်ခန့်အတွင်း တိုးတက်မှု အနည်းငယ်သာ ရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရေလုပ်ငန်းကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အချိန်အနည်းငယ်အတွင်း နိုင်ငံခြားဝင်ငွေ ဘီလီယံမြောက်မြားစွာ တိုးမြင့်ရရှိနိုင်ရန် အလားအလာများစွာရှိပါကြောင်း၊ ရေလုပ်ငန်းသည် စားနပ်ရိက္ခာကို အခြေခံသော လုပ်ငန်းဖြစ်သောကြောင့် ကိုဗစ်-၁၉ ကဲ့သို့ ကမ္ဘာ့ကပ်ရောဂါ ကျရောက်ချိန်တွင် စားသုံးသူဈေးကွက်အတွင်း လိုအပ်ချက်အနည်းငယ် အပြောင်းအလဲရှိသည်မှအပ အခြားလုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက သက်ရောက်မှုအနည်းဆုံး လုပ်ငန်းဖြစ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် အများပိုင်ကုမ္ပဏီကို တည်ထောင်ပြီး ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ငါးသားဖောက်လုပ်ငန်းမှစတင်ကာ စားသုံးသူထံသို့ အသင့်ရောင်းချနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

နိုင်ငံတော်အနေဖြင့် ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကူညီဆောင်ရွက်ပေးရန် အဆင့်(၅)ဆင့်ကို တင်ပြလိုပါကြောင်း၊ ငါးလုပ်ငန်းဆိုင်ရာမူဝါဒများ၊ ဥပဒေများအား အမှန်တကယ် လိုအပ်ချက်များနှင့်ကိုက်ညီ၍ ငါးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေးကို ရည်ရွယ်ရေးရှု ချမှတ်ရေးဆွဲပေးပါရန်၊ ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ငါးလုပ်ငန်းများ ဖြစ်စေရေးအတွက် အမျိုးသားအဆင့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန်၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအခြေအနေတွင် နိုင်ငံပေါင်း ၄၅ နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့ရောင်းချလျက်ရှိပြီး ယခုထက်ပိုမို၍ ဈေးကွက်များ တွင်တွင်ကျယ်ကျယ် ရရှိလာနိုင်ရန်နှင့် ရေထွက်ကုန်ပစ္စည်းများ အမျိုးအစားနှင့် အရေအတွက်ပမာဏ တိုးချဲ့တင်ပို့ရောင်းချနိုင်ရန်အတွက် နိုင်ငံတော်မှဦးဆောင်၍ နှစ်နိုင်ငံချစ်ကြည်ရေး ကုန်သွယ်မှုစာချွန်လွှာများ ပိုမိုကျယ်ပြန့်စွာ လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ပေးပါရန်၊ ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း ငါးမွေးမြူသူများအနေဖြင့် လုပ်ငန်းဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ လျော့နည်းခဲ့ပါကြောင်း၊ ကိုဗစ်အလွန်ကာလတွင် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများရရှိရန် နိုင်ငံတော်အနေဖြင့် အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိနိုင်ရေး ကူညီပေးပါရန်နှင့် မြန်မာ့ရေထွက်ကုန်ပစ္စည်းများ နိုင်ငံတကာသို့ အဆင့်မီစွာ တင်ပို့ရောင်းချနိုင်ရန် ငါးမွေးမြူထုတ်လုပ်ရေးလုပ်ငန်း အဆင့်ဆင့်တွင် လိုက်နာကျင့်သုံးရမည့် မူဝါဒများ၊ နည်းပညာများ၊ အခြေခံကျသော ယန္တရားများနှင့် အဆောက်အအုံများ၊ စက်ပစ္စည်းကိရိယာများသည် နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ထိုလိုအပ်ချက်များကို အဆင့်မြှင့်တင်ရန် ရင်းနှီးမြှုပ်နှံမှု မြောက်မြားစွာ လိုအပ်ပါကြောင်း၊ ထို့ကြောင့် ငါးပုစွန် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ကျယ်ပြန့်စွာ တိုးတက်အောင်မြင်နိုင်ရန် ချေးငွေစနစ်နှင့် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေရန် ဆောင်ရွက်ပေးပါရန်တို့ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

**ပြန်လည်ဖြန့်ဖြူးနေပြီ**

ဆက်လက်၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်၊ ဘဲ မွေးမြူထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးသိန်းမြင့်က ကိုဗစ်-၁၉ ကာလတွင် မွေးမြူရေးလုပ်ငန်းသည် ထိခိုက်မှုရှိခဲ့ပါကြောင်း၊ သို့သော် ကြီးကြီးမားမား မဟုတ်ပါကြောင်း၊ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ မုန့်လုပ်ငန်းများ၊ ဟိုတယ်များ ပိတ်သိမ်းထားသည့်အတွက်ကြောင့် ရောင်းချရန်နေရာများ ဈေးကွက်အနည်းငယ် လျော့ကျသွားပါကြောင်း၊ ကိုဗစ်-၁၉ ကာလဖြစ်သည့်အတွက် အလုပ်သမားများ အလုပ်ခွင် ပြန်လည်မဝင်ရောက်နိုင်သည့်အတွက် လုပ်ငန်းစတင်ရန် တစ်လ၊ ၄၅ ရက်ခန့် နောက်ကျသွားပါကြောင်း၊ လက်ရှိတွင် ပုံမှန်အနေဖြင့် ဈေးကွက်ကို ပြန်လည်ထုတ်လုပ် ဖြန့်ဖြူးနေပြီဖြစ်ပါကြောင်း။

မိမိအနေဖြင့် မွေးမြူရေးကဏ္ဍတွင် လက်တွေ့ဖြစ်ပျက်နေသည့် လုပ်ငန်းနှင့် အကြောင်းအရာများကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ မွေးမြူရေးတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေး၊ အသေးစား၊ အလတ်စားမွေးမြူရေးလုပ်ငန်းများသည် ကျေးလက်ပြည်သူအများစုအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖော်ဆောင်ပေးခဲ့ပါကြောင်း။

လက်ရှိမွေးမြူထားရှိမှုအနေဖြင့် အသားစားကြက်၊ ဥစားကြက်နှင့် တိုင်းရင်းကြက် အကောင်ရေ ၃၈၈ သန်း၊ ခိုင်းနွားအကောင်ရေ ၉ ဒသမ ၅ သန်း၊ နို့စားနွားအကောင်ရေ သုည ဒသမ ၁၁ သန်း၊ ကျွဲအကောင်ရေ ၁ ဒသမ ၈ သန်း၊ သိုးနှင့်ဆိတ် အကောင်ရေ ၂ ဒသမ ၁ သန်း၊ ဝက်အကောင်ရေ ၅ ဒသမ ၄သန်း၊ ဘဲငန်း၊ ငုံး၊ မန်ဒါလီနှင့် ကြက်ဆင်အကောင်ရေ ၈ ဒသမ ၉ သန်းခန့် မွေးမြူထားပါကြောင်း၊ နေ့စဉ်စားသုံးမှုအတွက် တစ်ရက်လျှင် ကြက်အကောင်ရေ ခြောက်သိန်းဖြင့် တစ်လကို သိန်း ၁၈၀ ခန့်ထုတ်လုပ်ပါကြောင်း၊ ဥစားကြက် မွေးမြူမှုအနေဖြင့် ကောင်ရေ ၂၀၄ သိန်းခန့်ရှိပါကြောင်း၊ နေ့စဉ်ကြက်ဥအလုံးရေ ၁၁၇ သိန်း ထုတ်လုပ်ပေးလျက်ရှိပါကြောင်း။

**ညောင်နှစ်ပင် မွေးမြူရေးဇုန်**

လက်ရှိအခက်အခဲမှာ မြေယာကိစ္စဖြစ်ပါကြောင်း၊ မွေးမြူရေးသမားများသည် လူသူနီးကပ်သည့်နေရာတွင် မွေးမြူ၍ မရပါကြောင်း၊ လူနှင့်ဝေးကွာသည့်နေရာတွင် မွေးမြူရပါကြောင်း၊ ၂၀၀၀ ပြည့်နှစ်က ညောင်နှစ်ပင် မွေးမြူရေးဇုန်ကို ဖော်ဆောင်ပေးခဲ့ပါကြောင်း၊ မွေးမြူရေးသမားများအနေဖြင့် လက်ရှိငါး မွေးမြူရေးလုပ်ငန်းများအတွက် မြေယာအသုံးချခွင့် ဧက ငါးသိန်းကျော် ရရှိထားပြီး မိမိတို့အနေဖြင့် ဧက ၁၉၂၀ သာရှိပါကြောင်း၊ ယင်းအခက်အခဲများကြားမှ နေ့စဉ်ပြည်သူလူထု စားသုံးနိုင်ရေးအတွက် ရိက္ခာကို မွေးမြူရေးသမားများက ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ မွေးမြူရေးတိုးတက်မှုသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နောက်ကျနေပါကြောင်း၊ ယင်းမှာ မြေယာအခက်အခဲကြောင့်ဖြစ်ပါကြောင်း၊ မြေယာကို အခြားသုံးစွဲခွင့်ရရှိရေး အဓိက တင်ပြလိုပါကြောင်း။

လက်ရှိ မွေးမြူရေးပုံစံများကို တင်ပြလိုပါကြောင်း၊ ယနေ့မွေးမြူနေသူများ၏ ပုံစံသည် ကျေးလက်ပြည်သူများ၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးသမားများနှင့် အသေးစား၊ အလတ်စားသမားများက မွေးမြူထားခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှု နည်းပါးသူများဖြစ်သည့်အတွက် ဝါးဖြင့်ဆောက်လုပ်၍ မွေးမြူသည့်ခြံ လက်ရှိ ၆၅ ရာခိုင်နှုန်းရှိပါကြောင်း၊ သစ်သားဖြင့် ဆောက်လုပ်၍ မွေးမြူသည့်ခြံ ၂၅ ရာခိုင်နှုန်းရှိပါကြောင်း၊ ငွေကြေး တတ်နိုင်သူများအနေဖြင့် အလုံပိတ်စနစ်ဖြင့် မွေးမြူသည့်ခြံ ၁၀ ရာခိုင်နှုန်းရှိပါကြောင်း၊ တိုင်းရင်းကြက်များကို လွှတ်ကျောင်းမွေးမြူမှုအနေဖြင့် နှစ်ရာခိုင်နှုန်းရှိပါကြောင်း၊ ယင်းကိန်းဂဏန်းကို ကြည့်မည်ဆိုပါက မိမိတို့၏ ထုတ်လုပ်မှုတန်ဖိုး၊ စရိတ်မြင့်မည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုရရှိမှသာ ပြည်ပကိုယှဉ်၍ ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် လက်ရှိဖြစ်ပျက်နေသည့် ဈေးကွက်အခက်အခဲသည် အင်မတန်မှ အရေးကြီးပါကြောင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူသည့် လုပ်ငန်းများကို ပြည်ပမှ ရင်းနှီးမြှုပ်နှံပြီး လာရောက် လုပ်ကိုင်နေသည့်သူများက မွေးမြူရေးသမားများ၏နေရာကို ဝင်လုပြီး လုပ်ကိုင်နေသည့်အခြေအနေ ဖြစ်နေပါကြောင်း၊ ၎င်းတို့သည် ငွေကြေးများများဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများအပေါ် ဝင်ရောက်လုပ်ကိုင်နေခြင်းကြောင့် အသေးစား၊ အလတ်စား မွေးမြူရေးသမားများ နေရာဖယ်ပေးရမည့် အခြေအနေဖြစ်နေပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကြီးမားသူများ၏ မွေးမြူခြင်းနှင့် ထုတ်လုပ်ကုန်များကို တားမြစ်ခြင်း မဟုတ်ပါကြောင်း၊ သို့သော် ၎င်းတို့၏ ထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချမှသာလျှင် အဆင်ပြေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်ပြီး ထုတ်ကုန်များကို ပြည်တွင်း၌ ရောင်းချနေမည်ဆိုပါက ထုတ်ကုန်နှင့် ဝယ်လိုအား မမျှတဘဲ စားသုံးမှုနေရာတွင် အသေးစားမွေးမြူရေးများက မယှဉ်ပြိုင်နိုင်ပါကြောင်း၊ ၎င်းတို့အနေဖြင့် ပြည်ပသို့ ဈေးကွက် ထိုးဖောက်ရှာဖွေပြီး ဖော်ဆောင်သင့်ပါကြောင်း။

**ထုတ်လုပ်မှုခက်ခဲလာ**

ပြည်ပမှ အေးခဲအသားများ နယ်စပ်ဒေသမှ ဝင်ရောက်မှုများသည် မွေးမြူရေးသမားများကို လာရောက်ထိခိုက်နေပါကြောင်း၊ ယင်းကိစ္စများကိုလည်း နိုင်ငံတော်မှ တားမြစ်ပိတ်ပင်ပေးရန် လိုအပ်ပါကြောင်း၊ FDI လုပ်ငန်းများကိုလည်း ဥပဒေပြဋ္ဌာန်းရန် လိုအပ်ပါကြောင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ပျောက်မည့်အနေအထားမျိုး ကြုံတွေ့နေရပါကြောင်း၊ မွေးမြူရေးအစာ ထုတ်လုပ်မှုအပိုင်းအနေဖြင့် အဓိကတင်ပြလိုသည်မှာ ပြောင်းကိစ္စဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် မွေးမြူရေးအစာ တန်ချိန်ပေါင်း သိန်း ၂၀၊ ၂၀၁၈ ခုနှစ်တွင် ၂၃ သိန်းနှင့် ၂၀၁၉ ခုနှစ်တွင် ၂၆ သိန်းခွဲ ထုတ်လုပ်ခဲ့ပါကြောင်း၊ ယခု ၂၀၂၀ပြည့်နှစ်တွင် သိန်း ၃၀ ထုတ်လုပ်နိုင်ရန် လျာထားပါကြောင်း၊ လက်ရှိ ပြောင်းထွက်ရှိမှု ပမာဏနှင့် သုံးစွဲမှုပမာဏသည် တစ်ဝက်နီးပါးဖြစ်ပါကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနေမှုသည် ထုတ်လုပ်မှုပမာဏနည်းပါးပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းပြောင်းဈေးသည် လက်ရှိတွင် ဈေးနှုန်းမြင့်တက်မှုနှင့်အတူ ထုတ်လုပ်မှုခက်ခဲလာပါကြောင်း၊ ပြည်ပသို့ရောင်းချနေမှုကို ကန့်ကွက်ခြင်းမဟုတ်ပါကြောင်း၊ ပြည်တွင်းလုံလောက်မှုရှိအောင် ညှိနှိုင်းပြီး ရောင်းချပေးစေလိုပါကြောင်း။

ပဲပုပ်ကို ပြည်ပမှ တင်သွင်းနေရပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ပဲပုပ်တန်ချိန်ပေါင်း ၆၆၅၀၀၀ တင်သွင်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန်ပေါင်း ရှစ်သိန်း တင်သွင်းရန် ခန့်မှန်းထားပါကြောင်း၊ ပြည်ပမှ တင်သွင်းရသည့် ပဲပုပ်သည် နိုင်ငံခြားငွေနှင့် သုံးစွဲနေရခြင်းဖြစ်ပါကြောင်း၊ အမှန်တကယ် ပဲပုပ်ကို တင်သွင်းလိုခြင်း မဟုတ်ပါကြောင်း၊ ယခင် ၁၀ နှစ်က ပြည်တွင်းထုတ်လုပ်သည့် ပဲဖတ်နှင့် နမ်းဖတ်များကို အဓိကသုံးစွဲခြင်းဖြစ်ပါကြောင်း၊ ယနေ့ ပဲဖတ်နှင့် နမ်းဖတ်သည် ပဲပုပ်ဈေးထက်များနေပြီး ထုတ်လုပ်မှုသည်လည်း လုံလုံလောက်လောက် မရရှိခြင်းကြောင့် ပဲပုပ်ကို အစားထိုးတင်သွင်းရခြင်းဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် ပဲပုပ်ကို လုံလုံလောက်လောက် စိုက်ပျိုးပေးနိုင်မည်ဆိုပါက ပြည်ပငွေကြေး သုံးစွဲမှုကို လျှော့ချနိုင်ပြီး ပြည်တွင်းစားသုံးသည့် ဆီကိုလည်း ရရှိမည်ဖြစ်ပါကြောင်း၊ ယင်းကိစ္စကို စိုက်ပျိုးရေးဘက်မှ အကျယ်တဝင့် ကူညီဆောင်ရွက်ပေးပါက မွေးမြူရေးလောကအတွက် အင်အားရရှိမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

**ပိုမိုစိတ်ဝင်စားလာ**

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံအား စိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံပြီး တိုးတက်ဖွံ့ဖြိုးသည့် စက်မှုနိုင်ငံဖြစ်စေလိုပါက အသေးစားနှင့် အလတ်တန်းစားလုပ်ငန်းများကို အားပေးရမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်ပြီး အစားအစာကို ပိုမိုစိတ်ဝင်စားလာကြပါကြောင်း၊ ကျန်းမာရေးနှင့်ကိုက်ညီသည့် အော်ဂဲနစ်အစားအစာများကို ပိုမိုစားသုံးလိုကြပါကြောင်း။

ငါးပုစွန်မွေးမြူရေးနှင့် ပတ်သက်၍လည်း ယခု ကိုဗစ်ကာလတွင် ထိခိုက်မှုနည်းပါးစေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စဉ်းစားရမည် ဖြစ်ပါကြောင်း၊ ဈေးကွက်ကို မိမိကိုယ်တိုင် ဖန်တီးရန်လိုအပ်ပါကြောင်း၊ ဈေးကွက်ရှာခြင်းနှင့် ဈေးကွက်ဖန်တီးခြင်းသည် မတူညီပါကြောင်း၊ ဈေးကွက်ရှာခြင်းသည် ရှိပြီးသားဈေးကွက်ကို လိုက်ရှာခြင်းဖြစ်ပါကြောင်း၊ ဈေးကွက်ဖန်တီးခြင်း၊ ဈေးကွက်ထွင်ခြင်းသည် မိမိတို့ ထုတ်လုပ်နိုင်သည့် ပစ္စည်းများကို အခြားသူများဝယ်ချင်အောင် လုပ်ဆောင်ရခြင်းဖြစ်ပါကြောင်း၊ နှစ်ခုစလုံးသည် အရေးကြီးပါကြောင်း၊ နိုင်ငံအတွက် သွားသင့်သည့် လမ်းကြောင်းအပေါ်အခြေခံပြီး ရေရှည်အတွက် စီစဉ်ရမည်ဖြစ်ပါကြောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် အရည်အသွေးကို ထိန်းသိမ်းနိုင်သည့် အသေးစားလုပ်ငန်းများကို အားပေးလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ငါးအမျိုးအစားပေါင်း များစွာရှိပါကြောင်း၊ မြန်မာနိုင်ငံကထွက်သည့် ငါးအမျိုးအစား အနည်းငယ်ကိုသာ နိုင်ငံခြားသားများက သိရှိပါကြောင်း၊ ကျန်ငါးအမျိုးအစားများကိုလည်း သိရှိလာအောင်နှင့် ဈေးကွက်ရှာဖွေပေးခြင်းတို့ကို ဆောင်ရွက်စေလိုပါကြောင်း၊ ကြာရှည်ထားရန် မလွယ်သည့် ရေထွက်ပစ္စည်းများကို ကြာရှည်ထားနိုင်သော တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်နိုင်ပါက ငါးပုစွန်ကဏ္ဍအတွက် အလွန်အကျိုးအမြတ်ရှိမည်ဟု ထင်ပါကြောင်း။

**အာမခံချက်ရှိမည်**

နိုင်ငံတစ်နိုင်ငံတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အသေလုပ်ထားခြင်း မဟုတ်ပါကြောင်း၊ နိုင်ငံ၏လိုအပ်ချက်အရ ပြောင်း၍ရပါကြောင်း၊ ပြောင်းလဲမည်ဆိုပါက အဘက်ဘက်ကို သုံးသပ်ရကြောင်း၊ စီးပွားရေးအရ ပြောရလျှင် Business Confident ယုံကြည်မှုရှိရန် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ရပါကြောင်း၊ စီးပွားရေးလုပ်ရန် သင့်တော်သည့်၊ ကောင်းမွန်သည့် ပတ်ဝန်းကျင်ဖြစ်ရန် လိုပါကြောင်း၊ ဥပဒေနှင့်ဆက်စပ်ပြောရလျှင် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတိုင်းအတွက် အရေးကြီးပါကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးကို အင်မတန်မှ အလေးထားပါကြောင်း၊ တရားဥပဒေစိုးမိုးရေးရှိမှ နိုင်ငံတစ်နိုင်ငံက တည်ငြိမ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံအတွင်း နေထိုင်သည့် ပုဂ္ဂိုလ်များအားလုံးနှင့် လာရောက် စီးပွားရေးလုပ်နေကိုင်နေသည့် ပြင်ပကပုဂ္ဂိုလ်များအားလုံး လုံခြုံမှုရှိမည်ဖြစ်ပြီး အနာဂတ်အတွက် အာမခံချက်ရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်တရားဥပဒေစိုးမိုးရေးသည် အင်မတန်မှ အရေးကြီးပါကြောင်း၊ စီးပွားရေးကဏ္ဍနှင့်လည်း အင်မတန်မှ နီးနီးကပ်ကပ် ပတ်သက်မှုရှိပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လာရောက်ရန်အတွက်ဆိုလျှင် မိမိတို့နိုင်ငံသည် အဘက်ဘက်မှ တိုးတက်နိုင်သည့် အလားအလာရှိကြောင်းကိုပြသရန် အင်မတန်အရေးကြီးပါကြောင်း၊ နိုင်ငံအတွင်းက လုပ်သားများ၏ အရည်အချင်းသည်လည်း အရေးပါပါကြောင်း၊ ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကြသည့် မိမိတို့နိုင်ငံသား အများစုသည် ရေလုပ်ငန်းများနှင့် ဆက်စပ်သည့်လုပ်ငန်းများတွင် လုပ်ဆောင်နေကြပါကြောင်း၊ ကိုဗစ်ကာလတွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ အလုပ်သမားပေါင်းများစွာ သိန်းနှင့်ချီ ပြန်လာကြပါကြောင်း၊ ယနေ့အထိ နေ့စဉ်ထောင်ကျော် ပြန်လာနေကြပါကြောင်း၊ ထိုင်းတွင် အလုပ်လုပ်သည့် မြန်မာနိုင်ငံက အလုပ်သမားများသည် ထိုင်းသို့ ပြန်သွားပြီး အလုပ်လုပ်ရန် အခက်အခဲများ ရှိနိုင်ပါကြောင်း၊ ၎င်းတို့တွင် ကျွမ်းကျင်မှုများ ရှိပါကြောင်း၊ မိမိလိုအပ်ချက်နှင့် နိုင်ငံတော်၏ လိုအပ်ချက်နှစ်ခုကို ဆက်စပ်ပြီး လုပ်နိုင်မည်ဆိုပါက အားလုံးအတွက် များစွာအကျိုးရှိပါကြောင်း၊ ရေလုပ်ငန်း၊ ငါးပုစွန်လုပ်ငန်းများကို နိုင်ငံတော်က အားပေးပါကြောင်း၊ တစ်ချိန်တည်းတွင် နိုင်ငံတော်၏ အဓိကမူဝါဒတစ်ခုဖြစ်သည့် အလုပ်အကိုင် ဖန်တီးရေးအတွက် လုပ်ငန်းရှင်များကလည်း ဝိုင်းဝန်းကူညီပေးစေလိုပါကြောင်း။

> **☆ နိုင်ငံတစ်နိုင်ငံတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အသေလုပ်ထားခြင်းမဟုတ်ပါကြောင်း၊ နိုင်ငံ၏လိုအပ်ချက်အရ ပြောင်း၍ရပါကြောင်း၊ ပြောင်းလဲမည်ဆိုပါက အဘက်ဘက်ကို သုံးသပ်ရကြောင်း၊ စီးပွားရေးအရ ပြောရလျှင် Business Confident ယုံကြည်မှုရှိရန် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ရပါကြောင်း၊ စီးပွားရေးလုပ်ရန် သင့်တော်သည့်၊ ကောင်းမွန်သည့် ပတ်ဝန်းကျင်ဖြစ်ရန်လိုပါကြောင်း၊ ဥပဒေနှင့်ဆက်စပ်ပြောရလျှင် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတိုင်းအတွက် အရေးကြီးပါကြောင်း**

မည်သည့်လုပ်ငန်းဖြစ်စေ နိုင်ငံတော်၏ မူဝါဒတစ်ခုဖြစ်သည့် အသက်မွေးဝမ်းကျောင်းပညာကို အားပေးခြင်းနှင့်ဆက်စပ်၍ စဉ်းစားပေးစေလိုပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် အသက်မွေးဝမ်းကျောင်းပညာကျောင်းများ၊ သင်တန်းများ၊ အသက်မွေးဝမ်းကျောင်းပညာ ရေတို၊ ရေရှည်သင်တန်းများကို လုပ်ငန်းရှင်များနှင့် အစိုးရဘက်က စဉ်းစားစေလိုပါကြောင်း။

မိမိတို့နိုင်ငံတွင် အားတက်စရာကောင်းသည်မှာ ကိုဗစ်အချိန်တွင် အားလုံးက ဝိုင်းပြီးပူးပေါင်းဆောင်ရွက်ကြပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး ပံ့ပိုးကြပါကြောင်း၊ ယင်းမှာ ကိုဗစ်ကာလ၏အကျိုးဆက်ကောင်းကျိုးတစ်ခုဖြစ်ပါကြောင်း၊ ယင်းကို ဆက်လက်ထိန်းသိမ်းထားစေလိုပါကြောင်း၊ ကိုဗစ်ကာလအတွင်း ရသည့် သင်ခန်းစာများကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဆိုပါက များစွာတိုးတက်နိုင်ပါကြောင်း၊ ငါးပုစွန်လုပ်ငန်းသည် ကိုဗစ်ကာလတွင် ဆက်လက်လုပ်ဆောင်နိုင်သည့် လုပ်ငန်းတစ်မျိုးဖြစ်ပါကြောင်း၊ ကျန်းမာရေးလိုအပ်ချက်များနှင့်ကိုက်ညီအောင် လုပ်နိုင်သည့် လုပ်ငန်းမျိုးဖြစ်ပါကြောင်း။

ငါးပုစွန်ကဏ္ဍတွင် ပြည်ပက မသိသေးသည့် ငါးမျိုးများကို ပြည်ပက သိရှိအောင်၊ လိုချင်အောင်၊ တောင်းဆိုချက်များ များလာအောင် လုပ်နိုင်မည်ဆိုပါက အကျိုးအမြတ်ရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံက ထွက်သည့် ပစ္စည်းများသည် တချို့နိုင်ငံတွင် အင်မတန်မှ ဈေးကြီးကြီးဖြင့် ဝယ်ရပါကြောင်း၊ ခရင်းကမာနှင့် ကဏန်းပျော့ဆိုလျှင် အချို့အနောက်နိုင်ငံများတွင် ရှားပါးပြီး အလွန်ဈေးကြီးပါကြောင်း၊ ယင်းပစ္စည်းမျိုးကို ဆန်းသစ်တီထွင်မှုဖြင့် ကမ္ဘာ့ဈေးကွက်ပေါ်တွင် တိုး၍ရအောင်၊ ပြည်တွင်း၌လည်း နိုင်ငံခြားသားများ စားသည့်အခါ အရသာတွေ့အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်အနေဖြင့် များစွာတန်ဖိုးရှိသွားနိုင်ပါကြောင်း။

**နို့ထွက်ပစ္စည်း အရေးကြီး**

မိမိတို့နိုင်ငံတွင် နှစ်အနည်းအငယ်အတွင်း ဆိတ်မွေးမြူရေး တိုးတက်လာသည်ကို သိရပါကြောင်း၊ ဆိတ်များသည် မွေးမြူရလွယ်ကူပြီး အညာဒေသ၏ ရာသီဥတုနှင့် ကိုက်ညီပါကြောင်း၊ အညာဒေသမှပြည်သူများသည်လည်း ဆိတ်နှင့် ယဉ်ပါးနေသည့်အတွက် ဆိတ်မွေးမြူရေးသည် ခက်ခက်ခဲခဲ မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် နွားမွေးမြူရေးကို အားသန်ပုံမရပါကြောင်း၊ နွားမွေးမြူရေးသည် နို့ထွက်ပစ္စည်းများကြောင့် အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံသို့ ဝင်လာသည့် နို့မှုန့်၊ နို့စိမ်းစသည့် ပစ္စည်းများကို ထုတ်နိုင်မည်ဆိုပါက တင်သွင်းစရာ လိုတော့မည်မဟုတ်ပါကြောင်း၊ တချို့အရှေ့တောင် အာရှနိုင်ငံများ၏ ရာသီဥတုနှင့် မိမိတို့နိုင်ငံ၏ ရာသီဥတုသည် မကွာခြားလှပါကြောင်း၊ ၎င်းနိုင်ငံများတွင် နွားမွေးမြူရေး၊ နို့ထွက်ပစ္စည်းထုတ်လုပ်ရေးကို အောင်အောင်မြင်မြင်လုပ်ဆောင်နိုင်လျှင် မိမိတို့နိုင်ငံတွင်လည်း မလုပ်နိုင်စရာ အကြောင်းမရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နယ်စပ်မှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုကို နိုင်ငံတော်အစိုးရက တတ်နိုင်သမျှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပ နှစ်ခုဆက်စပ်နေသည့် ကိစ္စရပ်ကို များစွာချင့်ချိန်ဆောင်ရွက်ရပါကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု မလိုအပ်သည့် အဆင့် မရောက်သေးပါကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုကို အတိုင်းအတာတစ်ခုအထိ အားကိုးနေရသေးပါကြောင်း၊ သို့မှသာ မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ဖြင့် သွားနိုင်မည်ဖြစ်ပါကြောင်း၊ စာမျက်နှာ ၅ သို့ ☆

# အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

**တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်။ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက် လက်မပျက်ဘဲ ရသမျှအခွင့်အရေးကိုရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့ မြန်မာပြည်ကြီး ကျုပ်တို့ ချစ်ရာရောက်မယ်။ ကျုပ်တို့ မြန်မာပြည် ထူထောင်နိုင်မယ်။**

**(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**



☆ စာမျက်နှာ ၄ မှ

ထို့ကြောင့် တချို့နေရာများတွင် ပြည်တွင်းနှင့်ပြည်ပ နှစ်ဖက်ချိန်ခွင်လျှာ ညီမျှအောင် ဆိုလျှင် ပြည်တွင်းကလည်း ပိုမိုဝါယမ စိုက်ထုတ်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ အရည်အချင်း ပိုမိုတိုးတက်လာစေရန်၊ ပြည်တွင်းနှင့်သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများ ပိုမိုဆီလျော်စေအောင် လုပ်ဆောင်ပေး၍ ရပါကြောင်း၊ ပြည်ပမှ လာရောက်လုပ်ကိုင်သူများကို ယှဉ်ပြိုင်၍မရအောင် ကန့်သတ်မှုများ ဆောင်ရွက်မည်ဆိုလျှင် ပြည်ပမှ လာရောက်လုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းများ များစွာကျဆင်းသွားမည်ဖြစ်ပါကြောင်း၊ ကျဆင်းသွားပါက မိမိတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းကိစ္စကို အမြဲချိန်ဆနေရပါကြောင်း၊ ပြည်တွင်းကို တိုးတက်စေလိုပါကြောင်း၊ မိမိပြည်တွင်းကိုသာ အားကိုးနိုင်ခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း။

### ဆွဲဆောင်မှုပေးရန်လို

ပြည်ပမှ ကျွမ်းကျင်သည့်ပုဂ္ဂိုလ်များကို များစွာအားကိုးရသည့်အခါ ၎င်းတို့မလာရောက်နိုင်သည့်အခါတွင် လုပ်ငန်းများ ဆက်လက်လည်ပတ်၍မရပါကြောင်း၊ မိမိတို့နိုင်ငံအတွင်း၌ ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များ လုံလုံလောက်လောက်ရှိပါက ယင်းပြဿနာ မရှိနိုင်ပါကြောင်း၊ ပြည်တွင်းအား မပြည့်သေးသည့်အတွက် ပြည်ပအားကို အတိုင်းအတာတစ်ခုအထိ အသုံးပြုနေရခြင်းဖြစ်ပါကြောင်း၊ အကျိုးအမြတ်ရှိမှသာ လာရောက်ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါကြောင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းများအနေဖြင့် မည်သို့မျှ အကျိုးအမြတ်မရှိဘဲ လာရောက်ရင်းနှီးမြှုပ်နှံမည် မဟုတ်ပါကြောင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံချင်အောင် ဆွဲဆောင်မှုပေးရန်လည်း လိုအပ်ပါကြောင်း။

နယ်စပ်မှ တရားမဝင်သည့်ပစ္စည်းများ၊ အဆင့်မမီသည့်ပစ္စည်းများ တင်သွင်းခြင်းများကို တရားဥပဒေစိုးမိုးရေးဘက်မှ တတ်နိုင်သမျှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွင်းက အရည်အသွေး မြင့်တက်နိုင်အောင် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ယင်းကိစ္စကို နိုင်ငံတော်အစိုးရပဲလုပ်၍ မရပါကြောင်း၊ နိုင်ငံတော်အစိုးရလုပ်ဆောင်နိုင်သည်မှာ ပညာရေးဖြစ်ပါကြောင်း၊ ပညာရေးဘက်ဆိုင်ရာတွင် မိမိတို့ပြည်သူများ အရည်အသွေးမြင့်လာစေရန် အစိုးရက လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ အလုပ်လုပ်ရင်းဖြင့် လုပ်သားများ အရည်အချင်းမြင့်တက်သွားစေရန်၊ လုပ်ရည်ကိုင်ရည်တစ်ချိန်လုံးတိုးတက်စေရန် လုပ်ငန်းရှင်များကလည်း အတိုင်းအတာတစ်ခုအထိ တာဝန်ယူစေလိုပါကြောင်း၊ မိမိလုပ်ငန်းတွင် လုပ်ကိုင်နေသည့် လုပ်သားများကို အနာဂတ်အတွက် အလားအလာရှိသည့် ပြည်သူများအဖြစ် မြင်စေလိုပါကြောင်း၊ လုပ်ငန်းခွင်တွင် ရှိနေသည့် အချိန်အခါတွင် လုပ်ငန်းကျွမ်းကျင်မှုများ ဖြစ်လာစေလိုပါကြောင်း၊ လုပ်ငန်းကို စိတ်ပါဝင်စားစေလိုပါကြောင်း၊ အလုပ်သမားတစ်ယောက်သည် ၎င်း၏အလုပ်ကို သေချာစွာ ကောင်းကောင်းမွန်မွန် လုပ်ဆောင်ရန်ဆိုလျှင် အလုပ်ကို တန်ဖိုးထားတတ်ရမည်၊ ဂုဏ်ယူနိုင်ရမည် ဖြစ်ပါကြောင်း။

### ပြုစုပျိုးထောင်

လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏အလုပ်သမားများကို မိမိနိုင်ငံအတွက် အလားအလာရှိသည့် ပြည်သူများဆိုသည့်အမြင်ကို မပျောက်ကွယ်စေဘဲ ပြုစုပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့်လည်း ဈေးငွေ့ရရှိရေး၊ လိုအပ်သလို စည်းမျဉ်းစည်းကမ်း၊ ဥပဒေများ ပြောင်းလဲပြုပြင်ရေးကို တတ်နိုင်သမျှ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ လုံလောက်သည့် ရေရရှိရေး၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများ၊ ဈေးငွေ့ရရှိရေးကိစ္စများကို နိုင်ငံတော်က ကြည့်ရှုပေးမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ နယ်စပ်သည် ရှည်လျားပါကြောင်း၊ တစ်နိုင်ငံထက်မက နယ်စပ်ချင်းဆက်စပ်နေပါကြောင်း၊ ထိုသို့ဆက်စပ်နေသည့်အတွက် တစ်နိုင်ငံလုံး လုံခြုံအောင်လုပ်ဆောင်ရန် ယခုအချိန်ထိ မဖြစ်မြောက်သေးပါကြောင်း၊ ယင်းကိစ္စကိုလည်း ဦးတည်ဆောင်ရွက်နေပါကြောင်း၊ တရားမဝင် ကုန်သွယ်မှုများလည်း များပြားပါကြောင်း၊ ယင်းကိစ္စများကိုလည်း ကာကွယ်တားဆီးရန် တစ်ချိန်လုံး ကြိုးစားရပါကြောင်း၊ စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ကာကွယ်တားဆီးရေးကိစ္စများ လုပ်ဆောင်နိုင်သည့်အစွမ်းလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ လုံခြုံရေး လုံလုံလောက်လောက်ရှိစေအောင် လုပ်ဆောင်ခြင်းသည် ငွေရေးကြေးရေးနှင့် သက်ဆိုင်ပါကြောင်း၊ နောက်ဆုံးတွင် နိုင်ငံ၏ တိုးတက်ရေးသည် ပြည်သူလူထု၏ အရည်အသွေး၊ အရည်အချင်းနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် အခြေခံပါကြောင်း။

### ယခုထိ ရပ်တည်နိုင်

ကိုဗစ်-၁၉ ကိစ္စကို အကြောင်းပြု၍ ယနေ့တွေ့ဆုံရသည့်အခါတွင် မိမိတို့နိုင်ငံအတွက် အားတက်စရာကောင်းသည်မှာ နိုင်ငံက ချမ်းသာမှုမရှိသော်လည်း ကိုဗစ်-၁၉ ကို ယခုအချိန်ထိ ထိထိရောက်ရောက် ကိုင်တွယ်နိုင်ပါကြောင်း၊ နောက်ပိုင်း ရောဂါတွေ့ရှိသည့် ပြည်သူများသည် ပြည်ပမှ ကူးစက်ခဲ့သူများဖြစ်ပါကြောင်း၊ ပြည်တွင်းမှကူးစက်မှု မရှိသည်မှာ ကြာမြင့်ပြီဖြစ်ပါကြောင်း၊ အခြားနိုင်ငံများတွင် နှစ်ပတ်ကျော်ကျော်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိလျှင် ကိုဗစ်-၁၉ ကင်းစင်လွတ်မြောက်ပြီဟု ကြေညာသည့် နိုင်ငံများ ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ထိုသို့ပြော၍ မရပါကြောင်း၊ ပြည်တွင်းတွင် ကူးစက်မှုမရှိသော်လည်း မိမိတို့၏ ပြည်သူများ ပြည်ပမှ ကူးစက်ခဲ့ကြပါကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုကဲ့သို့ ထိန်းချုပ်နိုင်ခြင်းမှာ အားလုံးပူးပေါင်းဆောင်ရွက်မှုကြောင့်ဟု ယုံကြည်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း တတ်နိုင်သမျှ ပံ့ပိုးလှူဒါန်းပါကြောင်း၊ အစိုးရအနေဖြင့်လည်း စီးပွားရေးကဏ္ဍတွင် တတ်နိုင်သမျှ လုပ်ဆောင်ပေးပါကြောင်း၊ စတင်ဆောင်ရွက်ခဲ့သည့် အချိန်ကပင် ကျန်းမာရေးဘက်က ကြည့်ရုံဖြင့် မလုံလောက်ကြောင်း၊ စီးပွားရေးဘက်ကလည်း ကြည့်ရမည်ကို သိရှိပါကြောင်း၊ ကိုဗစ်-၁၉ ၏ အကျိုးဆက်သည် စီးပွားရေးအပေါ်သက်ရောက်မှု များစွာရှိနိုင်သည်ဆိုသည့် အမြင်ဖြင့် အစောပိုင်းကတည်းကပင် ပြင်ဆင်ထားသည့်အတွက် ယခုအချိန်ထိ ရပ်တည်နိုင်ခြင်းဖြစ်ပါကြောင်း။

### အလုပ်အကိုင်ရရှိရေး

မိမိအနေဖြင့် မကြာခဏသတိပေးနေသည်မှာ ကိုဗစ်-၁၉ ကိစ္စသည် မပြီးပြတ်သေးပါကြောင်း၊ ယင်းစိန်ခေါ်မှုသည် အဆုံးအထိ မရောက်သေးပါကြောင်း၊ ဆက်လက်ရပ်တည်ရန်းကန်ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများ အလုပ်အကိုင်ရရှိရေးကို နိုင်ငံတော်က ကြိုးစားဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း ကြိုးစားပေးစေလိုပါကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက ရေရှည်တွင် အားလုံးအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံသားများအနေဖြင့် ပြည်ပတွင် သွားရောက်၍ အလုပ်မရှာဖွေရအောင်နှင့် ပြည်တွင်းလုပ်ငန်းများလည်း ပိုမိုကျွမ်းကျင်သည့်အလုပ်သမားများရရှိပြီး ပိုမိုတိုးတက်လာနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက်အတွက် အကျိုးရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အားလုံးအတွက် အကျိုးရှိအောင် တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ရပါကြောင်း၊ ထိုသို့ကြိုးစားဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ဘက်မလိုက်ပါကြောင်း၊ အလုပ်သမားနှင့် လုပ်ငန်းရှင် နှစ်ဖက်စလုံးသည် နိုင်ငံသူ နိုင်ငံသားများ၊ မိမိတို့နိုင်ငံ၏ သားသမီးများဖြစ်ပါကြောင်း၊ နိုင်ငံတော်ဘက်မှ လိုအပ်သည့်အကူအညီများကိုလည်း ပွင့်ပွင့်လင်းလင်း ပြောကြားသည့်အတွက် ဝမ်းသာမိပါကြောင်း၊ လိုအပ်ချက်များအတွက် အစိုးရကို ပြောနိုင်ရမည်ဖြစ်ပါကြောင်း၊ လောကတွင် ရုန်းကန်ရသည်ဆိုခြင်းမှာ အရည်အချင်း၊ အရည်အသွေး တိုးတက်ရန်နှင့် ခံနိုင်ရည်ရှိရန်ဖြစ်ပါကြောင်း။

### အနာဂတ်အတွက် အာမခံချက်

မိမိတို့နိုင်ငံသည် ချမ်းသာမှုမရှိသေးသော်လည်း အားမငယ်စေလိုပါကြောင်း၊ အားလုံးဝိုင်းဝန်းပူးပေါင်း၍ ရုန်းကန်နိုင်သည့်အင်အားသည် မိမိတို့နိုင်ငံ၏ မျှော်လင့်ချက်ဖြစ်ပါကြောင်း၊ မျှော်လင့်ချက်သာမကဘဲ မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် အာမခံချက်ဖြစ်ပါကြောင်း၊ ဝင်ရောက်ဆွေးနွေးကြသည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့ Video Conferencing များတွင် ပြောကြားသည့်အချက်များကို မှတ်သားထားပါကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း ယင်းအချက်များကို မည်သို့ဆက်လက်ဆောင်ရွက်မည်ကိုလည်း လေ့လာ၍ ဆက်လက်ပြီး အလေးထားဆောင်ရွက်ကြစေလိုပါကြောင်းနှင့် အားလုံး ကျန်းမာကြပါစေကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## ဖားကန့်မြေပြိုမှုဖြစ်စဉ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကြက်ခြေနီက ထောက်ပံ့ကူညီ

**ရန်ကုန် ဇူလိုင် ၇**

ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေခါးကျေးရွာတွင် ဖြစ်ပွားခဲ့သော မြေစာပုံပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လိုအပ်သည့် လူမှုကရုဏာအကူအညီများနှင့် ထောက်ပံ့မှုများကို ဇူလိုင် ၂ ရက်က ဆောင်ရွက်ပေးလျက်ရှိသည်။

### ပူးပေါင်းဆောင်ရွက်

မြေပြိုကျမှုဖြစ်ပွားသည်မှစတင်၍ ဖားကန့်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ပျောက်ဆုံးနေသူများအား ရှာဖွေနေစဉ်အတွင်း အရေးပေါ်ယာယီတဲများတွင် စောင့်ဆိုင်းနေသည့် မိသားစုဝင်များနှင့် ကူညီဆောင်ရွက်နေသူများကို ဇူလိုင် ၃ ရက်တွင် နှာခေါင်းစည်းများ၊ သောက်ရေသန့်များနှင့် အစားအသောက်များကို ဖြန့်ဝေပေးခြင်း၊ စိတ်ပိုင်းလူမှုရေးပိုင်းဆိုင်ရာ အားပေးကူညီခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။



ဇူလိုင် ၄ ရက်တွင် ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေသူ ၁၄ ဦးနှင့် ဝေခါးကျေးရွာ တိုက်နယ်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသူ ၁၃ ဦး စုစုပေါင်းထိခိုက်ဒဏ်ရာရသူ ၂၇ ဦးတို့အတွက် အသင်းမှထောက်ပံ့သော တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများအပြင် ဒိန်းမတ်ကြက်ခြေနီအသင်း၏ အထောက်အပံ့ဖြင့် ထိခိုက်ဒဏ်ရာရသူ တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီကို ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဘရန်ဒီ၊ အသင်းဌာနချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးသီတာဝင်းနှင့် တာဝန်ရှိသူများက ကိုယ်တိုင်သွားရောက်ထောက်ပံ့ပေးသည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ အထောက်အပံ့ဖြင့် ဆေးကုသမှုခံယူနေသည့် ထိခိုက်ဒဏ်ရာရသူများအား ၎င်းတို့၏ မိသားစုဝင်များနှင့် ဖုန်းဆက်သွယ်မှု အဆင်ပြေစေရန်ရည်ရွယ်ကာ အသင်းဌာနချုပ်က ထိခိုက်ဒဏ်ရာရသူတစ်ဦးလျှင် ကျပ် ၅၀၀၀ တန် ဖုန်းငွေဖြည့်ကတ်များကို ဆေးကုသမှုခံယူနေသူ စုစုပေါင်း ၂၇ ဦးအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းအောင်(MRCS)**

## စဉ့်ကူးမြို့နယ်၌ မြစိမ်းရောင် ငါးကဏ္ဍ လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပြင်ဦးလွင် ဇူလိုင် ၇**

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ရွှေလှေကျေးရွာ မြစိမ်းရောင်ငါးကဏ္ဍ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာမြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များနှင့် ကျေးရွာဖွံ့ဖြိုးရေးလမ်းကော်မတီတို့က ဆောင်ရွက်လျက်ရှိရာ စဉ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးနေလင်းနှင့် ဝန်ထမ်းများက ယနေ့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၃)နှစ်မြောက် အာဇာနည်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

အဖေ (၆-၁၁-၂၀၁၁ နေ့တွင် ကွယ်လွန်သွားခဲ့သော ယောက္ခမဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးလွင်) ရေးသားခဲ့သော ဗိုလ်ချုပ်နှင့် သူအမှတ်တရ ဆုံစည်းခဲ့ရသည့် ဖြစ်စဉ် (၄)ရပ်အပေါ်တွင် သမိုင်းအချက်အလက်အချို့ကို ဖြည့်စွက်ရေးသားဖော်ပြခြင်းဖြစ်ပါသည်။ (စာရေးသူ)

# ကျွန်တော်အမှတ်ရနေသော ဗိုလ်ချုပ်

**—ဝ ဒလဘန်း ဝ—**

၁၉၃၈ ခုနှစ် နှစ်ဆန်းပိုင်း ချောက်မြို့မှစတင်ခဲ့သည့် ရေနံမြေသပိတ်ကြီး၏ လှုပ်ရှားမှုဂယက်က ရန်ကုန်သို့ တဖြည်းဖြည်းချင်း ရိုက်ခတ်လာသည်။ မတ်လ ၅ ရက်နေ့ ရန်ကုန်မြို့လုံးကျွတ် အစည်းအဝေးကြီးက ဗြိတိသျှပိုင် BOC ရေနံကုမ္ပဏီကြီးကို ရှုတ်ချခဲ့သည်။

တက္ကသိုလ်က ဝိဇ္ဇာဘွဲ့ရပြီးတစ်နှစ်ခန့်အကြာ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ(ဗကသ)နှင့် တက္ကသိုလ်ကျောင်းသားသမဂ္ဂ(တကသ) ဥက္ကဋ္ဌတာဝန်တို့မှ နုတ်ထွက်ခဲ့သည့် ကိုအောင်ဆန်း၏ အရိုက်အရာကို ဆက်ခံသည့် တကသဥက္ကဋ္ဌသစ် ကိုဗဟိန်းနှင့် ဗကသ အထွေထွေအတွင်းရေးမှူးကိုဗဆွေတို့ ရေနံချောင်း အမျိုးသား ကျောင်းသပိတ်ကိုဖြေရှင်းရန်အသွား မကွေးတွင် ဖမ်းဆီးခံရသည်။

ယင်းကိုကန့်ကွက်ကာ အာဏာရှင်ဖီဆန်ရေး အစီအစဉ်အရ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ရွှေတိဂုံရင်ပြင်တော်၌ တက္ကသိုလ်နှင့် ကျောင်းပေါင်းစုံက ကျောင်းသား ကျောင်းသူတို့ စုဝေးဆန္ဒပြကြသည်။ နောက်တစ်နေ့ တက္ကသိုလ်နှင့် ကျောင်းပေါင်းစုံက လူ ၁၀၀၀၀ ကျော် ကျောင်းသားထုရန်ကုန်မြို့တွင်း လှည့်လည်ဆန္ဒပြကြသည်။ ကျောင်းသားထုဆန္ဒပြပွဲကြီးမှာ အဖေလည်း ပါဝင်ခဲ့သည်။

### ပထမဆုံး ကျောင်းသားကိုယ်စားလှယ်

ကျောင်းသားခေါင်းဆောင်နှစ်ဦးကို ဖမ်းဆီးထားပြီး ကျောင်းသားထု၏ ကန့်ကွက်ဆန္ဒထုတ်မှုအပေါ် နယ်ချဲ့ဗြိတိသျှအစိုးရက တုံ့ပြန်သဘောထား တစ်စုံတစ်ရာမပေး၍ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျောင်းသားထုသည် အတွင်းဝန်ရုံးကို ဝိုင်းပြီးဆန္ဒပြကြသည်။ အစိုးရက မြင်းစီးပုလိပ်များဖြင့် ဆန္ဒပြပွဲကို လူစုခွဲစေခဲ့ရာ ကျောင်းသား ၈၀ ခန့် ထိခိုက်ဒဏ်ရာရခဲ့ပြီး ဂျပ်ဆင်ကောလိပ် ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော် နှစ်ရက်အကြာ ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ(ဗကသ) က ကြီးမှူးလျက် သပိတ်မှောက်ရန် ကြေညာလိုက်ရာ မြန်မာတစ်ပြည်လုံးရှိ ကျောင်းတိုင်းလိုလို နယ်ချဲ့ကိုဆန့်ကျင်သည့်သပိတ်ပွဲတွင် အဖေလည်း ဆက်လက်ပါဝင်ဆင်နွှဲခဲ့သည်။ မှတ်သားစရာ အချက်တစ်ချက်မှာ အဆိုပါ ဆန္ဒပြပွဲကြီးအပြီး တစ်ပတ်ခန့်အကြာ "ကိုအောင်ဆန်း" သည် ရန်ကုန်တက္ကသိုလ်



ကောင်စီတွင် ပထမဆုံး ကျောင်းသားကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

၁၆ နှစ်အရွယ်ရှိ အဖေသည် ကျောင်းသားသပိတ်ကြီးကြောင့် နိုင်ငံရေးစိတ်ဓာတ်များ တက်ကြွနိုးကြားလျက်ရှိသည်။ ဗကသဥက္ကဋ္ဌ ကိုအောင်ဆန်းကိုလည်း အလွန်လေးစားအားကျလျက်ရှိသည်။ ၁၀ တန်း ကျောင်းသားများက ကျောင်းသားသမဂ္ဂကိုမဖွဲ့ရဲကြ၍ ကိုးတန်းကျောင်းသား မောင်လွင်က အလံနီ ကိုလှကြည်၊ စိတ်တူသဘောတူ သူငယ်ချင်းတစ်စုနှင့်တိုင်ပင်ပြီး တက္ကသိုလ်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုလှမောင် (ဗိုလ်ဇေယျ)ကို ဖိတ်ခေါ်ကာ ကျောင်းသားသမဂ္ဂဖွဲ့ရေးအကြံဉာဏ်ယူပြီး သမဂ္ဂဖွဲ့သည်။ ယူဂျီလုပ်ငန်းများ မထင်မရှားလုပ်ဆောင်သည်။



၁၉၃၈ တို့ဗမာ အစည်းအရုံးဌာနချုပ် (ရေကျော်လမ်းမပေါ်ရှိ အဆောက်အအုံ)ရှေ့၌ သခင်အဖွဲ့ဝင်များနှင့် ဆရာမှိုင်း။

ချောက်ရေနံမြေသပိတ်တပ်မကြီးနှင့် သထုံ၊ ပဲခူး စီရင်စုက လယ်သမားတပ်ပေါင်းစုတို့ ၁၉၃၉ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ကမာရွတ် လမ်း(၄)ခွဆုံမှာ ဆုံမိကြပြီး ရွှေတိဂုံအနောက်တောင်စောင်းတန်းအနီး မြေကွက်လပ်မှာ စခန်းချကြသည်။ တို့ဗမာအစည်းအရုံးက ဦးဆောင်ကာ ရွှေတိဂုံအလယ်ပစ္စယံ၌ အုပ်ချုပ်ရေးစနစ်သစ်ကို တိုက်ဖျက်ရေးပြည်လုံးကျွတ်အစည်းအဝေး ပြုလုပ်သည်။ ဇန်နဝါရီလ ၁၀ ရက်နေ့ အစည်းအဝေးကြီးအပြီး ၂၃ ရက်နေ့တွင် တို့ဗမာအစည်းအရုံး အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်းအပါအဝင် ခေါင်းဆောင် ၁၀ ဦးတို့ကို ရန်ကုန်အရေးတကြီးလုံခြုံရေးဥပဒေဖြင့် ဖမ်းဆီးပြီး ထောင် ၁၅ ရက် ချသည်။

### ရန်ကုန်ကျောင်းသားသပိတ်

မြို့မကျောင်းသပိတ်စခန်းမှ ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော် အစာငတ်ခံဆန္ဒပြကြရာတွင် မြို့မိမြို့ဖများနှင့် ကျောင်းသားခေါင်းဆောင်များက မေတ္တာရပ်ခံချက်အရ နောက်တစ်နေ့ အစာငတ်ခံဆန္ဒပြပွဲ ရပ်ဆိုင်းလိုက်သည်။ ရန်ကုန်ကျောင်းသားသပိတ်ကိုထောက်ခံသည့် မန္တလေးမှ ရဟန်းသံဃာတော်များ၊ ကျောင်းသား ကျောင်းသူ၊ မြို့သူမြို့သား တစ်သိန်းကျော်ပါဝင်သည့် လူထုချီတက်ပွဲကို အစိုးရက ချေမှုန်းရာ သံဃာတော်နှင့် လူ ၂၀ ခန့် အသက်ဆုံးရှုံးခဲ့သည်။ မန္တလေးဆန္ဒပြပွဲကြီးကို အကြမ်းဖက်နှိမ်နင်းမှုအား ကန့်ကွက်သည့် ရန်ကုန်မြို့လုံးကျွတ်အစည်းအဝေးက ညွန့်ပေါင်းအစိုးရကို ကန့်ကွက်ရှုတ်ချပြီး ရက်ပိုင်းအကြာ အောက်လွှတ်တော်အစည်းအဝေးက ညွန့်ပေါင်းအစိုးရအပေါ် အယုံအကြည်မရှိအဆိုတင်သွင်းရာ ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရ ပြုတ်ကျခဲ့သည်။

ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဦးပု၏ ဒုတိယညွန့်ပေါင်းအစိုးရတက်ပြီးနောက် မော်လမြိုင် မော်တင်လိန်းကျောင်း ဆန္ဒပြပွဲကို ရဲကနှိမ်နင်း၍ ကျောင်းသား ကျောင်းသူများ ဒဏ်ရာရရှိကြသည်။ ဆာဦးသွင်အိမ်၌ အစိုးရနှင့် မြို့မိမြို့ဖလူကြီးများ ဆွေးနွေးပြီး ဗကသကို သပိတ်လှန်ရန် ဆင့်ဆိုခဲ့သည်။ တစ်နိုင်ငံလုံးရှိ ကျောင်းသား ကျောင်းသူကိုယ်စားလှယ်များ တက်ရောက်သည့် ကျောင်းသားလွှတ်တော် အစည်းအဝေး တစ်ရပ်ပြုလုပ်ကာ သပိတ်လှန်မှုကို မတ်လ ၈ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ရေနံကုမ္ပဏီများဘက်က ကတိခံဝန်ချက်များပေး၍ ရေနံမြေသပိတ်ကြီး တစ်နှစ်ခွဲအကြာ ၁၉၃၉ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ ဤသို့ ၁၉၃၈ ကျောင်းသားသပိတ်မှစတင်ကာ သပိတ်ပေါင်းစုံကို တွေ့ရ ကြုံရပြီး ကျောင်းသားသမဂ္ဂလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ရာမှ နယ်ချဲ့အစိုးရကို မနှစ်မြို့စိတ်များ အဖေ့စိတ်တွင်းဝယ် ကိန်းအောင်းအမြစ်တွယ်ခဲ့သည်။ တစ်ချိန်က ဗကသနှင့် တကသဥက္ကဋ္ဌ နောင်တွင် တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး ကိုအောင်ဆန်း(သခင်အောင်ဆန်း) ကို အားကျလေးစားကြည်ညိုစိတ်တွေ ဖြစ်ရသည်။ အလုံကူရှင်ဟိုက်စကူး ၁၀ တန်း၌ အဖေပညာသင်ကြားစဉ် ဂျာမနီက ပိုလန်ကို စက်တင်ဘာလ ၁ ရက်နေ့တွင် ကျူးကျော်ဝင်ရောက်တိုက်ခိုက်ရာမှ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားသည်။

### ပြည်သူ့အရေးတော်ပုံပါတီ

မြေအောက်တော်လှန်ရေးလှုပ်ရှားမှုလုပ်ရန် သခင်အောင်ဆန်းက ပြည်ပခေါင်းဆောင်၊ သခင်မြက ပြည်တွင်းခေါင်းဆောင်အဖြစ် ပါဝင်သော "ပြည်သူ့အရေးတော်ပုံပါတီ" (The People's Revolutionary Party) ကို ၁၉၃၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဖွဲ့စည်းလိုက်သည်။

ပြည်ပအကူရရေး သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ သြဂုတ်လ ၈ ရက်နေ့တွင် ဟိုင်လီသင်္ဘောဖြင့် လျှို့ဝှက်ထွက်ခွာသွားကြကာ ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် Shunten Maru သင်္ဘောဖြင့် ဂျပန်မှ ပြန်ရောက်လာကြသည်။ မတ်လ ၉ ရက်နေ့မှစ၍ အသုတ်လေးသုတ်ခွဲကာ ရဲဘော်သုံးကျိပ်ဝင်တို့ သခင်အောင်ဆန်းနှင့်အတူ ဂျပန်သို့ထွက်ခွာခဲ့သည်။

ဤကြားကာလ ၁၉၄၀ ပြည့်နှစ် စက်တင်ဘာလ ၇ ရက်နေ့က ဦးပု ညွန့်ပေါင်းအစိုးရပြုတ်ကျကာ ဦးစောဦးဆောင်သော ညွန့်ပေါင်းအစိုးရ စက်တင်ဘာလ ၉ ရက်နေ့တွင် တက်ကာ အစိုးရတစ်ရပ်အပြောင်းအလဲက ဖြစ်ခဲ့သေးသည်။

တို့ဗမာအစည်းအရုံးကြီးကို ဗြိတိသျှအစိုးရက တရားမဝင်ကြေညာကာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှာ ဖျက်သိမ်းခဲ့သည်။

ရန်ကုန်မြို့ကို ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ဂျပန်လေတပ်က ဗုံးစတင်ကြဲ၍ မြို့လူထု ၂၀၀၀ ခန့်သေပြီး ၂၅၀၀ ခန့် ဒဏ်ရာရသည်။ နှစ်ရက်အကြာ ဂျပန်စစ်လေယာဉ်များ ဒုတိယအကြိမ် ရန်ကုန်ကို ဗုံးကြဲသည်။

### ဗမာ့လွတ်လပ်ရေး တပ်မတော်

ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဗန်ကောက်မြို့ ဘော်နီယို ခြံဝင်းအတွင်း သခင်အောင်ဆန်းနှင့် အပေါင်းပါ သခင်သုံးဦးတို့ လက်မောင်းသွေးဖောက် သစ္စာဆိုကာ "ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)"ကို အုတ်မြစ်ချခဲ့သည်။

၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဗိုလ်မိုးကြိုး (ဗိုလ်မှူးကြီးဆူဇူကီး)နှင့် ဗိုလ်တေဇ(နောင်ဗိုလ်ချုပ်အောင်ဆန်း)တို့ ဦးစီးသော BIA ဌာနချုပ် စစ်ကြောင်းနှင့် မော်လမြိုင်စစ်ကြောင်းတို့ ဗန်ကောက်မှစတင်၍ စစ်ဆင်ရေးထွက်ခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် မန္တလေးကို ဂျပန်ဗုံးကြဲသည်။ ရန်ကုန်မြို့ကို ဂျပန်က တတိယအကြိမ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ဗုံးကြဲအပြီး ဘုရင်ခံ Sir Dorman Smith နှင့် ဝန်ကြီးများ ရန်ကုန်မြို့မှ မေမြို့သို့ စတင်ထွက်ခွာကြသည်။

စာမျက်နှာ ၇ သို့ ❍

---

## လွတ်လပ်ခါနီး

★ မကန်းချိန် စန်းအိမ်အဆင်းတွင်မှ
အောင်ချင်း တဘောင်သီလို့
ရောင်နီမှာ အောင်စည်ရွှမ်းကြတော့
လွမ်းမိရဲ့ သူတို့ကို။

★ ခါးတောင်း မဖြုတ်ခင်က
မကောင်းအယုတ်နော် ကြမ္မာမွှေလို့
ခမျာတစ်တွေ မရဏာမြေလားရှာရ
အားမဲ့ လူဗိုလ်။

★ မျိုးအခြေ ရိုးရာက ပတ်ခဲ့တဲ့
ဆိုးမွေကို ကြိုးကာဆပ်မယ်တဲ့
ဓားချပ်ကာ တစ်မာန်တင်းပါလို့
ရန်မင်းကိုတဲ့ သူတို့ဖြို
ရွှေဘိုရဲ့ နေမျိုး။

★ ရောင်ပျို့ကာနီ
အောင်မြို့ အတန်သီမှ
အောင်စစ်ချီ အောင်တပ်ဦးမှာလ
ဘီလူးကောင် သဘက်သင်းတွေက
ကိုယ့်ဗိုလ်ကို
ကိုယ်ပြန်ညှဉ်းသော်ကြောင့်
မြတ်ဆံရှင် ခြေတော်ရင်းမှာ
စင်းဝပ် ရိုကျိုး။ ။

မင်းသုဝဏ်

○ စာမျက်နှာ ၆ မှ

မတ်လ ၈ ရက်နေ့တွင် BIA က ရန်ကုန်မြို့ကို အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။ တစ်ပတ်အကြာ မတ်လ ၁၅ ရက်နေ့တွင် စစ်အုပ်ချုပ်ရေးကြေညာသည်။ မတ်လ ၂၅ ရက်နေ့တွင် ဘီအေအေအားကစားကွင်း (အောင်ဆန်းအားကစားကွင်း)၌ တပ်မတော်သား ၁၀၀၀၀ ခန့် ပါဝင်၍ ဗိုလ်မိုးကြိုး၊ ဗိုလ်တေဇ၊ သခင်ကိုယ်တော်မှိုင်းတို့ကို ချီတက်အလေးပြုသည့် စစ်ရေးပြအခမ်းအနား ပြုလုပ်သည်။

### BIA က အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့

ဧပြီလ ၃ ရက်နေ့ ဂျပန်ဗုံးကြဲ၍ မန္တလေးတစ်မြို့လုံးနီးပါး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။ မြို့သူမြို့သား ၂၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့သည်။ ဗြိတိသျှတို့သည် ၎င်းတို့ဆုတ်ခွာရာလမ်းကြောင်းရှိ စက်ရုံ၊ တံတား စသည်တို့ကို ဖောက်ခွဲဖျက်ဆီးပြီးသွားကြသည်။ မေလ ၁ ရက်နေ့တွင် မန္တလေးမြို့ကို BIA က သိမ်းပိုက်လိုက်ပြန်သည်။ BIA တပ်များ၊ အောင်ပွဲတစ်ခုပြီးတစ်ခု ရရှိနေချိန်၊ မိမိတို့အခြေအနေမကောင်းတော့သည်ကို သဘောပေါက်၍ ဘုရင်ခံ Dorman Smith သည် မေလ ၄ ရက်နေ့တွင် တပ်လေယာဉ်ဖြင့် မြစ်ကြီးနားမှ အိန္ဒိယနိုင်ငံသို့ ဆုတ်ခွာခဲ့သည်။ ရန်ကုန်မြို့ကို မတ်လ ၈ ရက်နေ့တွင် BIA က အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။ စစ်ဘေးစစ်ဒဏ်ဝေးရာ ဓနုဖြူသို့ အဖေတို့မိသားစု စစ်ရှောင်ရန်ရောက်သွားကြသည်။ အဖေ့စိတ်ထဲမှာတော့ နယ်ချဲ့ကိုဆန့်ကျင်သည့် ကျောင်းသားသပိတ်များကို အမှတ်ရနေသည်။



ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီးဆူဇူကီး(ခေါ်)ဗိုလ်မိုးကြိုးနှင့် ရဲဘော်သုံးကျိပ်ဝင်အချို့။

ကတိစကား သားဖြစ်သူ မောင်လွင်ထံမှ ရယူသည်။ ပြီးတော့မှ ဖခင်ကြီး ဦးဘသာက သား မောင်လွင်ကိုခေါ်ပြီး ရန်ကုန်သို့ တက်လာကြသည်။ ဖခင်ကြီး၏မိတ်ဆွေ သခင်ချစ်၏ စာကိုယူကာ အဖေသည် မင်္ဂလာဒုံစစ်သင်တန်း

**ဤသို့ ၁၉၃၈ ကျောင်းသားသပိတ်မှစတင်ကာ သပိတ်ပေါင်းစုံကို တွေ့ရကြုံရပြီး ကျောင်းသားသမဂ္ဂလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ရာမှ နယ်ချဲ့အစိုးရကို မနှစ်မြို့စိတ်များ အဖေ့စိတ်တွင်းဝယ် ကိန်းအောင်းအမြစ်တွယ်ခဲ့။ တစ်ချိန်က ဗကသနှင့် တကသဥက္ကဋ္ဌ နောင်တွင် တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး ကိုအောင်ဆန်း (သခင်အောင်ဆန်း)ကို အားကျလေးစား ကြည်ညိုစိတ်တွေ ဖြစ်ရ။**

ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေချိန် တပ်ထဲဝင်ပြီး နိုင်ငံ့အကျိုးကို တစ်တပ်တစ်အား ပါဝင်ဖြည့်ဆည်းလိုသည်။ တပ်ထဲဝင်လိုကြောင်း ဖခင်ကြီး ဦးဘသာကို ခွင့်တောင်းသည်။ အသက် ၁၈ နှစ်ပင် မပြည့်တတ်သေးသော မိမိသားကို ဖခင်ကြီးက တပ်ထဲမဝင်စေလိုပေ။ သားဖြစ်သူက အကြိမ်ကြိမ်ပူဆာရာ "စစ်သင်တန်း မည်မျှပင်ခက်ခဲကြမ်းတမ်းစေကာမူ တပ်ထဲဝင်ပြီးလျှင် သင်တန်းကို အောင်မြင်ပြီးဆုံးအောင်တက်ပြီး တိုင်းပြည်ကာကွယ်ရေးတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ပါမည်" ဟူသော ကျောင်းတက်ခွင့်ရရေး ဗိုလ်ကြီးကျော်ဇောနှင့် သွားတွေ့လျှောက်ထားသည်။ သကြံန်လွန်ပြီး ကာလလောက်တွင် မင်္ဂလာဒုံစစ်သင်တန်းကျောင်းဝင်ခွင့်ကို အဖေရသည်။

မေလ ၁ ရက်နေ့တွင် မန္တလေးမြို့ကို မြန်မာတို့ သိမ်းပိုက်နိုင်ခဲ့သည်။ ဘုရင်ခံ Dorman Smith လည်း မေလ ၄ ရက်နေ့တွင် မြစ်ကြီးနားမြို့မှ လေယာဉ်ဖြင့် အိန္ဒိယသို့ ဆုတ်ခွာသွားတော့သည်။ အိန္ဒိယနိုင်ငံ ဆင်းမလားသို့ ဘုရင်ခံနှင့်အတူ ဆုတ်ခွာသွားသော စစ်ပြေးအစိုးရအဖွဲ့ကို နန်းရင်းဝန် (ဝန်ကြီးချုပ်) ဆာပေါ်ထွန်းက ဦးဆောင်ပြီး ယင်းကို "ဆင်းမလားအစိုးရ" ဟုခေါ်သည်။

ဂျပန်တို့က မြန်မာနိုင်ငံကို ဇွန်လ ၁ ရက်နေ့ကစ၍ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်သည်။ ဂျပန်စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးအီးဒါး (Iida) က မေမြို့သို့ မြန်မာနိုင်ငံရေးခေါင်းဆောင်များကို ဖိတ်ခေါ်ဆွေးနွေးပြီး ဒေါက်တာဘမော်ခေါင်းဆောင်သော ပုဂ္ဂိုလ် ၁၀ ဦးပါ "ဗမာပြည်အုပ်ချုပ်မှုစီစဉ်ရေးအဖွဲ့" ကို ဖွဲ့စည်းပေးသည်။ ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်းကလည်း အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၌ BIA က ပါဝင်ပတ်သက်ခြင်းမပြုရန် အမိန့်ထုတ်သည်။

ဂျပန်တို့က မြန်မာနိုင်ငံလွတ်လပ်ရေးကို ကူညီရန်နှင့် မြန်မာလူငယ်များကို စစ်ပညာသင်ကြားပေးရန်ဟူသော ရည်ရွယ်ချက်တို့ဖြင့် ဂျပန်နိုင်ငံ၌ ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကဖွဲ့စည်းခဲ့သော မီနာမိကီကန် (Minami Kikan) အဖွဲ့အစည်းကို ဖျက်သိမ်းလိုက်သည်။ အဖွဲ့ခေါင်းဆောင်ဖြစ်ခဲ့ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ် စစ်သေနာပတိချုပ်အဖြစ် တာဝန်ယူခဲ့သော ဗိုလ်မှူးကြီးဆူဇူကီး (ဗိုလ်မိုးကြိုး)ကလည်း တာဝန်များပြီးဆုံး၍ တိုကျိုသို့ ဇူလိုင်လ ၁၄ ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားသည်။

### ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းခဲ့

ဇူလိုင်လနောက်ဆုံးပတ်တွင် ပျဉ်းမနား၌ တပ်များအားလုံးစုရန်တပ်မိန့်ထွက်သည်။ မင်္ဂလာဒုံတပ်ရှိသင်တန်းသားအားလုံးနှင့် အခြားတပ်ဖွဲ့များအားလုံး ပျဉ်းမနားစစ်ဌာနချုပ်သို့ စုရုံးရောက်ရှိကြပြီး ဇူလိုင်လ ၂၇ ရက်နေ့တွင် သစ်တောကျောင်း ဘောလုံးကွင်း၌ စုရုံးစစ်ရေးပြကြသည်။ ထိုနေ့၌ ဂျပန်စစ်အာဏာပိုင်တို့က အင်အား ၅၀၀၀၀ ခန့်ရှိသော "ဗမာ့လွတ်လပ်ရေးတပ်မတော်" (ဘီအိုင်အေ) ကို ဖျက်သိမ်းခဲ့သည်။ ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) စစ်ဌာနချုပ်(ဗဟိုစစ်ရုံးချုပ်)ကို ပျဉ်းမနားမြို့၌ ဖွင့်လှစ်သည်။ နောက်တစ်နေ့တွင် ဗိုလ်တေဇကို ဗိုလ်မှူးကြီးအဆင့်ဖြင့် စစ်သေနာပတိအဖြစ်လည်းကောင်း၊ ဗိုလ်စကြာနှင့် ဗိုလ်လက်ျာတို့ကို ဗိုလ်မှူးအဆင့်ဖြင့် စစ်ဦးစီးမှူးများအဖြစ်လည်းကောင်း ဗိုလ်ချုပ်ကြီးအီးဒါးက ခန့်အပ်သည်။ ဇူလိုင်လ ၂၉ ရက်နေ့တွင် ဗိုလ်မှူးကြီးအောင်ဆန်းအား ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ) ၏စစ်သေနာပတိအဖြစ်ခန့်အပ်သည့် အခမ်းအနားကို ပြုလုပ်သည်။ **ကျောင်းသားဘဝထဲက အဖေသည် သူ ချစ်ခင်လေးစားကြည်ညိုနေရသော ဗိုလ်ချုပ်ကို ပထမဆုံးအကြိမ်အဝေးက မြင်တွေ့အလေးပြုရသည်ကို သူ့တစ်သက် မေ့၍ရနိုင်မည်မဟုတ်ပါ။**

### ဘီဒီအေတပ်မတော်သားအဖြစ် ဘဝတစ်ဖြစ်လဲ

ဘီအိုင်အေတပ်မတော်သားဘဝကနေ ရက်ပိုင်းအတွင်း ဘီဒီအေတပ်မတော်သားအဖြစ် ဘဝတစ်ဖြစ်လဲကာ မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းသို့ အဖေပြန်ရောက်သည်။ ဗိုလ်သင်တန်းတက်စဉ် အလွန်ပင်ပန်းသော နေ့တစ်နေ့ကို အဖေအမှတ်တရရှိသည်။ ထိုနေ့က အဖေမှတ်မိသော တိုက်ပွဲလေ့ကျင့်ခန်းမှာ မနက်စောစော သင်တန်းကျောင်းနောက်ဘက်ပေါက်မှ ထွက်ကြရသည်။ ကျောင်းနောက်ဘက်ရေစင်ကြီးအောက်က ရန်သူရှေ့ပြေးကင်းကို စ၍တိုက်ရသည်။ ရန်သူကပြေးသည့်နောက်သို့ တောက်လျှောက်လိုက်တိုက်ရသည်။ တိုက်ပွဲဖြစ်လိုက်၊ ရန်သူဆုတ်ခွာရာသို့ လိုက်တိုက်လိုက်နှင့် တည်းကုန်း၊ ရွာမ၊ အင်းစိန်၊ ကမာရွတ် တောက်လျှောက်တိုက်လိုက်၊ ပြေးလိုက်နှင့်အလွန်မောကြသည်။ လမ်းမှာ ငါးခြောက်နည်းနည်းနှင့် ထမင်းဆုပ်ဝါး၊ ရေမော့သောက်ပြီး မနားတမ်းလိုက်ကြရသည်။ ဂျပန်နည်းပြတွေက အနားမပေးအတင်းမောင်းကြသည်။ အိမ်တော်ရာဘုရားလမ်းဘေးရောက်သောအခါ မိုးကမရွာ၊ နေကလည်းပူ၍ ရဲဘော်နှစ်ဦး မူးလဲသည်။ နောက်ဆုံး မြို့မကျောင်းရှေ့ မိုင်ဒါကွင်း၌ အနီးကပ်လုံ့စွပ်ထိုးတိုက်ပွဲနှင့် အဆုံးသတ်သည်။ ၁၅-၁၆ မိုင်ရှည်သည့် ခရီးရှည် တိုက်ပွဲမို့ အလွန်ပင်ပန်းနေကြသည်။ လုံ့စွပ်ထိုးတိုက်ပွဲကြည့် စင်မြင့်ပေါ်တွင် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းလည်း ရှိနေပေသည်။ မောလွန်းလှ၍ ပွဲကြည့်ပရိသတ်ကိုပင် အာရုံမထားနိုင်ရှိသည်။ တိုက်ပွဲအခမ်းအနားပြီးသည့်အခါ မင်္ဂလာဒုံတပ်ရင်းပြန်ရန် အဖေတို့အဖွဲ့ အယောက် ၃၀ လောက်က ပစ္စည်းများသိမ်းပြီး ကားပေါ်တင်ရသည့် တာဝန်ကျသည်။ ပစ္စည်းများသိမ်းနေဆဲ ဗိုလ်ချုပ်က "ကောင်လေးတွေပင်ပန်းရှာရှော့မယ်၊ ပေါင်မုန့်ကျွေးလိုက်ပါ" ဟု ပြော၍ ပေါင်မုန့်စားရမည့် သတင်းကောင်းကို ကြားရသည်။ ကံခေချင်တော့ အဖေတို့ အလှည့်မရောက်ခင် ဝေစရာပေါင်မုန့်က ပြတ်သွားသည်။ ထိုသတင်း ဗိုလ်ချုပ်ထံရောက်သွားရာ "ပေါင်မုန့်ထပ်ဝယ်၊ ဝယ်မရရင်ကိတ်မုန့်ကျွေး" ဟု စိတ်ဆိုးပြီးပြောကြောင်း သတင်းရပြန်သည်။ နောက်ဆုံးပြန်ခါနီး ကားပေါ်အရောက် မုန့်များရောက်လာ၍ ဆာဆာနှင့်ပါးစပ်ထဲထည့် ကိုက်စားလိုက်ရာ ပေါင်မုန့်အစား ကိတ်မုန့်ဖြစ်နေ၍ ဝမ်းသာအားရ မြိန်ရေရှက်ရေစားကြရသည်။ တပ်ရင်းပြန်ရောက်၍ အဖြစ်အပျက်မှန်ကို ကျန်ရဲဘော်များအား ပြောပြရာ မယုံကြ။ အမောမှမပြေသေးဘူး၊ နောက်နိုင်ရန်ကောဟု အပြစ်တင်ခံရသည်။

(ဆက်လက်ဖော်ပြပါမည်)

## ပခုက္ကူစာပေဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် ဇူလိုင် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု သုတေသနစာပေ ဒုတိယဆုရရှိသည့် ထွန်းထွန်း (အဏ္ဏဝါဇီဝ) ၏ "သမိုင်းအစဉ်အလာအရ မြန်မာအမျိုးသမီးတို့၏ အခွင့်အရေးများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ပုဂံခေတ်မှသည် ယနေ့ခေတ်သို့တိုင် ခေတ်အဆက်ဆက် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း မြန်မာအမျိုးသမီးများအနေဖြင့် အမျိုးဘာသာသာသနာစောင့်ထိန်းမှုသမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ စာပေဂီတ ယဉ်ကျေးမှု အနုပညာရပ်ဝန်းများတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့သည့် သမိုင်းများအပြင် မြန်မာအမျိုးသမီးများ၏ ခေတ်အဆက်ဆက်မှ ထူးခြားပြောင်မြောက်သော စွမ်းဆောင်ရည်တို့ကို လေ့လာဖော်ထုတ်ထားသည့် နှစ်လိုဖွယ်ရာ စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၁၀၀၀ ဖြင့် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ - ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇ - ၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း-၀၁ - ၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၇**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၉ ခုနှစ် ဘာသာပြန်စာစဉ်၊ စာရေးဆရာ "ရဲတင့်" ရေးသားသည့် "မီဒီယာနိုင်ငံရေး" စာအုပ်ကို စာအုပ်အသင်း၏ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၀) အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက်)

**အားလုံးမင်္ဂလာပါ။**

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၀)အစည်းအဝေးကို တက်ရောက်နေကြသူများအားလုံး ကျန်းမာချမ်းသာပါစေကြောင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ(၃)ရက်မှာ ကျင်းပခဲ့တဲ့ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီရဲ့ (၁/၂၀၁၈) အစည်းအဝေးမှာ အမှာစကားပြောကြားခဲ့တုန်းက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဟာ နိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးအတွက် အရေးကြီးတဲ့လုပ်ငန်းတစ်ရပ် ဖြစ်လာတဲ့အကြောင်း၊ ကမ္ဘာလှည့်ခရီးသည်တွေကို ကျွန်မတို့နိုင်ငံကို လာစေချင်တယ်ဆိုရင် ဒီခရီးသည်များဟာ ကိုယ့်အတွက်ပိုက်ဆံရှာနိုင်တဲ့ အခွင့်အရေးတစ်ခုလို့ပဲ မစဉ်းစားဘဲ ကျွန်မတို့လိုပဲ လူသားတွေ၊ ကျွန်မတို့လိုပဲ ပျော်ရွှင်ချင်တယ်၊ ချမ်းမြေ့ချင်တယ်၊ ခဏတာ အလည်အပတ်လာတဲ့ အခါကာလလေးအတွင်းမှာ စိတ်အေးလက်အေးနဲ့ မြင်ချင်တွေ့ချင်တာတွေကို မြင်တွေ့ဖို့ အခွင့်အရေးလေး တွေရချင်တယ်ဆိုတဲ့ ဆန္ဒတွေကို ဖြည့်ဆည်းပေးမယ်ဆိုရင် ကမ္ဘာလှည့်ခရီးသည်တွေကလည်း ပိုမိုပြီးတော့ လာကြမှာဖြစ်တယ်ဆိုတဲ့အကြောင်း ပြောကြားခဲ့ပါတယ်။

အစိုးရအနေနဲ့လည်း ကမ္ဘာလှည့်ခရီးသည်တွေ မြန်မာနိုင်ငံကို လာရောက်ဖို့ ပိုမိုလွယ်ကူအဆင်ပြေစေရန် ပြီးခဲ့တဲ့နှစ်တွေမှာ ဗီဇာကင်းလွတ်ခွင့်နဲ့ ဆိုက်ရောက်ဗီဇာတို့ကို ခွင့်ပြုပေးခဲ့ပါတယ်။ အေးအေးဆေးဆေး သက်သက်သာသာနဲ့ ရှုခင်းကြည့်ရင်း ဖြတ်သွားရတဲ့ မြို့လေးတွေမှာ ရပ်တဲ့အခါမှာ ကျွန်မတို့နိုင်ငံရဲ့ ယဉ်ကျေးမှု၊ သဘောသဘာဝတွေကို အတိုင်းအတာတစ်ခုအထိ နားလည်နိုင်စေတဲ့ နိုင်ငံဖြတ်ကျော်မော်တော်ယာဉ်တန်းခရီးစဉ်တွေ၊ မီးရထားခရီးစဉ်တွေ၊ ရေကြောင်းခရီးစဉ်တွေကိုလည်း တိုးတက်အောင် စီစဉ်ပေးခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ရှေးအစဉ်အလာတွေ၊ ကျွန်မတို့ရဲ့ယဉ်ကျေးမှုတွေကို အပေါ်ယံကြောထက် ပိုပြီးတော့သိချင်တဲ့ ခရီးသည်တွေအတွက် ကျွန်မတို့ရဲ့ နိစ္စဓူဝနေထိုင်ရေးနဲ့ပတ်သက်တဲ့ လူမှုအခြေပြုခရီးသွားလုပ်ငန်းကိုလည်း အားပေးခဲ့ပါတယ်။ ဧည့်သည်တွေ သန့်သန့်ရှင်းရှင်းနဲ့ တည်းခိုနိုင်ပြီး သူတို့ရဲ့ ကျန်းမာရေးအတွက်လည်း စိတ်လုံခြုံမှုရှိစေမယ့်၊ ဈေးကြီးကြီးမဟုတ်ပေမယ့်လည်း နေချင်စဖွယ်ကောင်းတဲ့ တည်းခိုခန်းတွေ၊ ဟိုတယ်လေးတွေလို အသေးစားစီးပွားရေးလုပ်ငန်းတွေကိုလည်း အားပေးခဲ့ပါတယ်။

နိုင်ငံခြားကလာတဲ့ ခရီးသည်အများစုဟာ ရိုးရာအစားအစာစားရတာကို စိတ်ဝင်စားကြတဲ့အတွက် ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေရဲ့ တစ်ပိုင်တစ်နိုင်လုပ်ငန်းလေးတွေဖြစ်တဲ့ ဆိုင်လေးတွေ၊ တွန်းလှည်းဆိုင်လေးတွေပဲဖြစ်ဖြစ်၊ စားသောက်ဆိုင် သေးသေးလေးပဲဖြစ်ဖြစ်၊ လုပ်ငန်းငယ်လေးတွေမှာ သန့်သန့်ရှင်းရှင်းနဲ့ ကျန်းမာရေးနဲ့ညီတဲ့ ဒေသအစားအစာတွေကို ဈေးချိုချိုနဲ့ ဝယ်နိုင်စေမယ့် ပုံစံလေးတွေကို စဉ်းစားပေးခဲ့ပါတယ်။ ရေဝပ်တောတွေကို ရာသီအလိုက် လာရောက်တဲ့ ဆောင်းခိုငှက်တွေကို စောင့်ကြည့်တဲ့ ခရီးစဉ်တွေ၊ သစ်လုပ်ငန်းတွေမှာ သိပ်မသုံးနိုင်တော့တဲ့ ဆင်တွေကို စောင့်ရှောက်ထိန်းသိမ်းထားတဲ့ ဆင်စခန်းတွေ၊ ရှားပါးသတ္တဝါတွေဖြစ်တဲ့ ဧရာဝတီလင်းပိုင်တွေကို လေ့လာတာ၊ ဒေသခံတံငါသည်တွေနဲ့အတူ ငါးဖမ်းတာကို စောင့်ကြည့်တာ စသဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းတွေကိုလည်း တိုးမြှင့်စီစဉ်ပေးခဲ့တဲ့အတွက် ၂၀၁၉ ခုနှစ်မှာ ပြည်ပခရီးသွား ၄ သန်း ၃ သိန်းကျော်အထိ ဝင်ရောက်ခဲ့ပါတယ်။

ဒီကနေ့ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၀) အစည်းအဝေး ကျင်းပတဲ့အချိန်မှာတော့ COVID-19 ကပ်ရောဂါ ထိန်းသိမ်းကာကွယ်ဖို့ အပန်းဖြေခရီးစဉ်တွေအတွက် ပြည်ဝင်ခွင့်ရပ်ဆိုင်းထားတာ၊ ပုံမှန်ခရီးသည်ပို့ဆောင်ရေး လေယာဉ်ပျံသန်းမှုတွေ ရပ်ဆိုင်းထားတာ၊ ခရီးသွားတွေ လာရောက်လည်ပတ်လေ့ရှိတဲ့ ဒေသတွေ ပိတ်သိမ်းထားတာတွေကြောင့် တစ်ကမ္ဘာလုံးမှာ ခရီးသွားလာရေးလုပ်ငန်းဟာ လုံးဝရပ်ဆိုင်းသွားတဲ့ အခြေအနေဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံအနေနဲ့ ၂၀၂၀ ဧပြီလကစပြီး ခရီးသွားလာတာတွေနဲ့ လူစုလူဝေးတွေကို ကန့်သတ်ခဲ့တဲ့အတွက် COVID-19 ပထမလှိုင်း ရိုက်ခတ်တာကို အတိုင်းအတာတစ်ခုအထိ အောင်အောင်မြင်မြင် ထိန်းချုပ်ထားနိုင်ခဲ့ပါတယ်။ တစ်ဖက်မှာ ရွှေစက်တော်ဘုရားပွဲလို ရာသီပွဲတွေ၊ သင်္ကြန်လို ရိုးရာပွဲတွေ ဖျက်သိမ်းရတာ၊ တန်ခိုးကြီးဘုရားတွေအားလုံး ဝင်ခွင့်ပိတ်ထားရတာတွေဟာ ပြည်ပခရီးသွားဝင်ရောက်မှု ရပ်ဆိုင်းသွားစေရုံသာမက ပြည်တွင်းခရီးသွားလုပ်ငန်းပါ လုံးဝရပ်ဆိုင်းသွားတဲ့အခြေအနေ ဖြစ်ပေါ်ခဲ့ပြီး ခရီးသွားလုပ်ငန်းတစ်ခုလုံးကို ထိခိုက်စေခဲ့ပါတယ်။

COVID-19 ကပ်ရောဂါရဲ့ ထိခိုက်မှုတွေကို ကုစားမှုတွေ ဆောင်ရွက်ရာမှာ ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစား အိမ်ထောင်စုတစ်ခုစီအတွက် ကျပ်တစ်သောင်းခွဲဖိုး ရိက္ခာဝေငှတာကို ပထမအကြိမ် ဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ ဒုတိယအကြိမ်အဖြစ် မိသားစု ၅ သန်း ၄ သိန်းကျော်ကို ငွေသား ၂ သောင်းစီ ပေးအပ်သွားဖို့ စီစဉ်နေပါတယ်။ လုပ်ငန်းတွေကို ကုစားမှုပေးရာမှာတော့ လုပ်ငန်းရှင်တွေက လုပ်ငန်းဆက်လက်လုပ်ဆောင်ပြီး ဝန်ထမ်းတွေ အလုပ်အကိုင်ရရှိကာ ဝင်ငွေရရှိရေးကို ဦးတည်ချက်ထား ကူညီပေးပါတယ်။ ဘဏ်တိုးတွေ လျှော့ချပေးခြင်း၊ လိုင်စင်ခွန်တွေ အချိန်ကာလသတ်မှတ် ကင်းလွတ်ခွင့်ပြုခြင်း၊ ပေးဆောင်ရမယ့် ဝင်ငွေခွန်တွေ၊ ကုန်သွယ်လုပ်ငန်းခွန်တွေ ရွှေ့ဆိုင်းပေးသွင်းခွင့်ပြုခြင်းတို့နဲ့ ဖြေလျှော့ပေးခဲ့သလို လက်ခစားစနစ်နဲ့ ဆောင်ရွက်နေတဲ့ အထည်ချုပ်လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ၁ ရာခိုင်နှုန်း အတိုးနဲ့ တစ်နှစ်ချေးငွေ ကျပ်ဘီလီယံ ၁၀၀ ထုတ်ချေးခဲ့ပြီး ဖြစ်ပါတယ်။ နောက်ထပ် ကျပ်ဘီလီယံ ၂၀၀ က ၅၀၀ အထိ ထပ်မံထုတ်ချေးပေးသွားဖို့ရှိပါတယ်။ ဒီလို ထုတ်ချေးပေးတာဟာ လုပ်ငန်းရပ်ဆိုင်းနေစဉ်ကာလမှာ ဝန်ထမ်းများကို လစာပေးထားနိုင်ရေး အကူအပံ့အဖြစ် ထုတ်ချေးပေးတာဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာဖြစ်တဲ့အတွက် ဝင်ငွေရရှိအောင် လုပ်ငန်းလုပ်ဆောင်ပြီး သတ်မှတ်ကာလမှာ ပြန်လည်ပေးဆပ်ရမှာ ဖြစ်ပါတယ်။

အခုလို ပြည်ဝင်ခွင့်တွေ ရပ်ဆိုင်းထားပြီး အကူအညီပေးရေးခရီးစဉ်များမှအပ နိုင်ငံတကာလေယာဉ်များ ဆိုက်ကပ်ခွင့်ပြန်မပေးသေးတဲ့အချိန်မှာ ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းတွေအနေနဲ့ ပြည်တွင်းခရီးသွားလုပ်ငန်းကိုသာ ဦးစွာလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒီလို လုပ်ဆောင်ရာမှာ ခရီးသွားရော ဝန်ဆောင်မှုပေးတဲ့ ဝန်ထမ်းရော ဘေးကင်းလုံခြုံမှုကို ပထမဦးစားပေးအနေနဲ့ ဆောင်ရွက်ရပါမယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့က ထုတ်ပြန်ထားတဲ့ COVID-19 ကပ်ရောဂါထိန်းသိမ်းကာကွယ်ရေး လမ်းညွှန်မှုတွေကို တိတိကျကျလိုက်နာဖို့ သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူတွေ၊ လုပ်ငန်းရှင်တွေ၊ ဝန်ထမ်းတွေ ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လူသားရဲ့သဘာဝက ဖြစ်စမှာကြောက်ပြီး စည်းကမ်းလိုက်နာပေမယ့် ကြာလာရင် ပေ့ါသွားပြီး အမှုမဲ့အမှတ်မဲ့နေတတ်၊ လုပ်တတ်တာကို သတိမလွတ်စေဘဲ စောင့်ကြည့်ကြပ်မတ်နေဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဟာ အရင်က ပြည်ပခရီးသွားကို အဓိကဦးတည်ချက်ထား ဝန်ဆောင်မှုပေးခဲ့ပေမယ့် အခုအခါမှာ ပြည်တွင်းခရီးသွားအဓိကနဲ့ လုပ်ငန်းပြန်စရမှာဖြစ်တဲ့အတွက် ပြည်ပခရီးသွားနဲ့ ပြည်တွင်းခရီးသွားတွေရဲ့ မတူညီတဲ့သဘာဝတွေ၊ မျှော်လင့်ချက်တွေ၊ သုံးစွဲနိုင်စွမ်းတွေကို ပြန်လည်ထည့်သွင်းစဉ်းစားပြီး ပြည်တွင်းခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ ခရီးစဉ်တွေ စတင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အခုကတည်းက COVID-19 အလွန်မှာ ကြုံရမယ့် အနေအထားအတွက် ပြည်တွင်းခရီးသွားနဲ့ ကြိုတင်ပြင်ဆင်ထားမှ နောင်တစ်ချိန် ပြည်ပခရီးသွားတွေ ပြန်ဝင်လာရင် အဆင်သင့်ဖြစ်မှာဖြစ်ပါတယ်။ အခု COVID-19 ကြောင့် ခရီးသွားလုပ်ငန်းတွေအားလုံး အတူတူ လုံးဝရပ်သွားတော့ ပြန်ဖွင့်တဲ့အချိန် တစ်နိုင်ငံထက် တစ်နိုင်ငံ သူ့ထက်ငါ ကိုယ့်ဆီဧည့်သည်လာအောင် အပြိုင်အဆိုင်ဆွဲဆောင်ကြမှာဖြစ်ပါတယ်။ ကိုယ်က သူတို့နဲ့မတူအောင် ဘယ်လိုဆွဲဆောင်မလဲဆိုတာ စဉ်းစားပြီး ကြိုတင်ပြင်ဆင်ထားဖို့လိုပါမယ်။

ဒီလို ကြိုတင်ပြင်ဆင်နေတဲ့အချိန်မှာ မလုပ်မဖြစ်သတိထားပြီး လုပ်ကိုလုပ်ဆောင်ရမယ့်ကိစ္စကတော့ အခြေခိုင်ပြီး ခရီးစဉ်ဒေသတွေရဲ့ အရည်အသွေးတိုးတက်ရေးနဲ့ အသစ်ဖော်ထုတ်မယ့် ခရီးစဉ်ဒေသတွေရဲ့ သဘာဝမပျက်အောင် ထိန်းသိမ်းရေးပဲ ဖြစ်ပါတယ်။ ဒီအတွက် နိုင်ငံတော်အစိုးရ ဆောင်ရွက်ဖို့ကိုချည်းပဲ စောင့်မနေဘဲ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ လုပ်ငန်းရှင်တွေ၊ ဒေသခံပြည်သူတွေ ပူးပေါင်းပါဝင်တဲ့ လုပ်ငန်းအဖွဲ့တွေနဲ့ ထိန်းသိမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

COVID-19 အလွန်မှာ ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်လာဖို့ အတွေးသစ်တွေနဲ့ လုပ်ဖို့လိုပါတယ်။ အတွေးသစ်တွေရအောင် စဉ်းစားကြပါ။ ဒီအတွေးသစ်တွေကို အကောင်းဆုံးနည်းနဲ့ အကောင်အထည်ဖော်နိုင်ရပါမယ်။ အကောင်အထည်ဖော်တဲ့အခါ နိုင်ငံရဲ့ ရေရှည်အကျိုးကို မျက်ခြည်မပြတ်ကြပါနဲ့။ ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ဘာလုပ်ငန်းလုပ်လုပ် ကျွန်မတို့ ပြည်ထောင်စုကြီးအကျိုးကို မမေ့ဘဲနဲ့ လုပ်ဆောင်စေချင်ပါတယ်။ ခရီးသွားလုပ်ငန်းလုပ်ရာမှာလည်း တိုင်းဒေသကြီးတစ်ခုတည်း၊ ပြည်နယ်တစ်ခုတည်း အကျိုးရှိဖို့ထက် ကျွန်မတို့ ပြည်ထောင်စုသားအားလုံး အကျိုးရှိအောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေချင်ပါတယ်။ ခရီးသွားလုပ်ငန်းကြောင့် ပြည်ထောင်စုသားတွေ ပိုပြီးတော့ နီးစပ်လာတာမျိုး၊ ညီညွတ်လာတာမျိုး၊ ပိုပြီးတော့ စည်းလုံးလာတာမျိုးပဲ ဖြစ်စေချင်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင်လုပ်ပြီးတော့ စိတ်ဝမ်းကွဲတာမျိုး မဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်ပြီး ဟန်ချက်ညီညီ တိုးတက်လာတာမျိုး ဖြစ်စေချင်ပါတယ်။ ညီညီညွတ်ညွတ်နဲ့ ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားအများစုကြီးအတွက် အကျိုးဖြစ်စေမယ့် ခရီးသွားလုပ်ငန်းတွေ အမြန်ဆုံးပြန်လည်ရှင်သန်လာအောင် ဖော်ဆောင်နိုင်ပါစေ၊ ပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝတိုးတက်ဖို့ ခရီးသွားလုပ်ငန်းက ထိရောက်စွာ ပံ့ပိုးနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

## အင်းစိန်မြို့နယ်၌ ခြင်ဆေးဖျန်းခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိပြည်သူများ ခြင်ကြောင့်ဖြစ်ပွားသောသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် ခြင်ဆေးဖျန်းခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းတို့ကို ဇူလိုင် ၅ ရက်က အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်အတွင်းရှိ လမ်းငါးလမ်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အင်းစိန်မြို့နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် တပ်ဖွဲ့ဝင်များ၊ စည်ပင်၊ ကျန်းမာရေးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်/ရပ်ကွက် အမျိုးသမီးအဖွဲ့များ၊ ကျန်းမာရေး ဆရာမများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးပရဟိတအသင်းအဖွဲ့များ ပူးပေါင်းကာ အင်းစိန်မြို့နယ် ရပ်ကွက်များအတွင်းရှိ ခြင်များ ခိုအောင်းနိုင်သည့် နေရာများ၌ ခြင်၊ ပိုးလောက်လမ်းနှိမ်နင်းရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ ရေစည်၊ ရေအိုး၊ ရေကန်၊ ဘုရားပန်းအိုး၊ ညောင်ရေအိုးများအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် စသည့် အဘိတ်ဆေးခတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



### ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃ ၌ ဖော်ပြပါရှိသည့် "လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ လက်မှတ်ရေးထိုး" သတင်းတွင် **ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီ ဂျပန်ယန်း ၆ ဒသမ ၂၇ ဘီလီယံ** အစား **ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီ ဂျပန်ယန်း ၆၂၇ သန်း**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

❖ ဒုတိယသမ္မတမှ

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၀)သို့ပေးပို့သည့် အမှာစကား Video Clip ကိုပြသသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမှာစကားကို စာမျက်နှာ ၈ တွင်ဖော်ပြထားပါသည်။)**

ထို့နောက် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၁၈ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံခရီးသွားဥပဒေသစ်အရ အမျိုးသားခရီးသွားလုပ်ငန်းဗဟိုကော်မတီ၊ ခရီးသွားလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီးနောက်ပိုင်း ကျင်းပသည့် အမျိုးသားခရီးသွားလုပ်ငန်းဗဟိုကော်မတီ၏ တတိယအကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း။

**ဦးစားပေးဖြစ်လာခဲ့**

ဒုတိယအကြိမ်အစည်းအဝေးတွင် ထွက်ပေါ်လာခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့၏ ဆောင်ရွက်ပြီးခဲ့သည်များကို တင်ပြကြရန်နှင့် ဆောင်ရွက်ရန်ကျန်ရှိသည်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးကြရမည်ဖြစ်သော်လည်း COVID-19 ကပ်ရောဂါကြောင့် ပြောင်းလဲသွားသည့် ခရီးသွားလာရေးလုပ်ငန်း အခြေအနေပေါ်မူတည်၍ မြန်မာ့ခရီးသွားလုပ်ငန်း မဟာဗျူဟာတစ်ခုလုံးကို ပြန်လည်သုံးသပ်လမ်းညွှန်မှုပေးနိုင်ရေးသည် အရေးအကြီးဆုံး ဦးစားပေးဖြစ်လာခဲ့ပါကြောင်း။

မြန်မာနိုင်ငံခရီးသွားကဏ္ဍ လုပ်ငန်းလမ်းညွှန်ဖြစ်သည့် ခရီးသွားလုပ်ငန်းပင်မစီမံကိန်း (၂၀၁၃-၂၀၂၀)ကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဖော်ဆောင်ခဲ့ရာ နိုင်ငံတော်က ပုဂ္ဂလိကကဏ္ဍကို လုပ်ပိုင်ခွင့်မြှင့်တင်ပေးခြင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ ခရီးသွားလာရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများ ပိုမိုပါဝင်စေနိုင်ရန် ဒေသအလိုက် ခရီးသွားစီမံကိန်းများ ရေးဆွဲဖော်ဆောင်စေခြင်း၊ ပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်ရန် ပြည်ဝင်ခွင့်ဖြေလျှော့ပေးခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ သဘာဝခရီးသွားလာရေးလုပ်ငန်းတိုးမြှင့်နိုင်ရန် ကန့်သတ်နယ်မြေများ ဖြေလျှော့ပေးခြင်း၊ မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းပြီး ဘေးအန္တရာယ်ကင်းစွာ လာရောက်လည်ပတ်နိုင်သည်ကို နိုင်ငံတကာခရီးသွားများ သိရှိနိုင်ရန် Digital Marketing လုပ်ဆောင်ခြင်း၊ ပြည်တွင်းပြည်ပသတင်းမီဒီယာများ ဖိတ်ခေါ်၍ ရုပ်သံအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ခြင်း၊ ပြည်ပနိုင်ငံများတွင် RoadShow များပြုလုပ်ခြင်း၊ FamilirizationTrip များ ဖိတ်ခေါ်ခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ပြည်ပခရီးသွား ၃ ဒသမ ၅ သန်းကျော် ဝင်ရောက်ခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ပြည်ပခရီးသွား ၄ ဒသမ ၄ သန်းခန့်အထိ ဝင်ရောက်ခဲ့သဖြင့် ပြည်ပခရီးသွား တစ်သန်းနီးပါးခန့် တိုးတက်ဝင်ရောက်လာခဲ့ပါကြောင်း။

**ထိခိုက်မှုများဖြစ်ပေါ်**

ပင်မစီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်တွင် ပြည်ပခရီးသွား ငါးသန်းကျော် လာရောက်ရန် မျှော်လင့်ပြင်ဆင်ထားခဲ့သော်လည်း COVID-19 ရောဂါဖြစ်ပွားလာသည့်အခါ ရောဂါကူးစက်ပြန့်ပွားမှုကိုထိန်းချုပ်ရန် ပြည်ဝင်ခွင့်များရပ်ဆိုင်းခြင်း၊ လေကြောင်းလိုင်းများ ရပ်ဆိုင်းခြင်း၊ ခရီးသွားလာခွင့် ထိန်းချုပ်ခြင်း စသည်တို့ကို လုပ်ဆောင်သည့်အခါ ကမ္ဘာနှင့်တစ်ဝန်းရှိ ခရီးသွားလုပ်ငန်းများ ပြင်းပြင်းထန်ထန် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ခန့်မှန်းချက်အရ ယခုနှစ် ခရီးသွားလုပ်ငန်းအခြေအနေသည် ပြီးခဲ့သည့်နှစ်ထက်စာလျှင် နိုင်ငံတကာခရီးသည် သန်း ၈၅၀ မှ ၁ ဒသမ ၁ ဘီလီယံထိ လျော့နည်းနိုင်ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၉၁၀ ဘီလီယံ မှ ၁ ဒသမ၂ ထရီလီယံအထိ ဆုံးရှုံးနိုင်ကာ ခရီးသွားလုပ်ငန်းမှ တိုက်ရိုက်အလုပ်အကိုင် သန်း ၁၀၀ မှ၂၀၀ အထိဆုံးရှုံးနိုင်သည်ကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် လေကြောင်းမှဝင်ရောက်ခဲ့သည့် ပြည်ပခရီးသွား ၁၈၃၄၁၆ ဦး ဝင်ရောက်ခဲ့ရာမှ ဧပြီလတွင် ၈၂ ဦးသာ ဝင်ရောက်ခဲ့ပါကြောင်း၊ ယခုနှစ် ဇန်နဝါရီလမှ မေလအထိ နိုင်ငံတကာ ခရီးသည်ဝင်ရောက်မှုကို ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅၅ ရာခိုင်နှုန်း လျော့နည်းခဲ့ပါကြောင်း၊ Stay Home အစီအစဉ်ကြောင့် ပြည်တွင်းခရီးသွားလုပ်ငန်းများသည်လည်း ရပ်ဆိုင်းသွားခဲ့ပါကြောင်း။

COVID-19 ကြောင့်ဖြစ်ရသည့် လူမှုစီးပွားသက်ရောက်မှုများကို ဖြေလျှော့ပေးရန် နိုင်ငံတော်က CERP (COVID-19 Economic Relief Plan)ကို ချမှတ်လုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ CERP ၏ နောက်ဆက်တွဲအဖြစ် COVID-19 Tourism Relief Plan ကို ရေးဆွဲအတည်ပြုချက်ရယူပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက အဆင့်သုံးဆင့်ဖြင့် စတင်အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင် ပထမအဆင့် Survival အနေဖြင့် ခရီးသွားလာရေးလုပ်ငန်းနှင့်ပတ်သက်သည့် လိုင်စင်ကြေးဖြေလျှော့ပေးခြင်း၊ ပေးဆောင်ရမည့် အခွန်အခများကို အချိန်ကန့်သတ်ရွှေ့ဆိုင်းပေးခြင်း၊ လုပ်ငန်းရှင်များလုပ်ငန်းဆက်လက်လုပ်ဆောင်နိုင်ရန် အတိုးနှုန်းသက်သာသည့် ချေးငွေများထုတ်ပေးခြင်း၊ ဌာနပိုင်အဆောက်အအုံ ငှားရမ်းခများ သက်သာခွင့်ပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ခရီးသွားလာရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် Reopening ကို လုပ်ဆောင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲပြီး ပြည်ဝင်ခွင့်များ ပြန်လည်ပေးအပ်၍ လေဆိပ်များ ပြန်လည်ဖွင့်လှစ်သည်ကို ယခုနှစ်၏ တတိယ သုံးလပတ်နောက်ပိုင်းမှသာ မျှော်လင့်နိုင်သည့်အတွက် ပြည်တွင်းခရီးသွားလုပ်ငန်းဖြင့် ဦးစွာစတင်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့စတင်ရာတွင် COVID-19 ရောဂါကူးစက်မှု ပြန်လည်တိုးတက်မလာနိုင်ရန် သတိကြီးစွာထား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ထုတ်ပြန်သည့် COVID-19 ကပ်ရောဂါဘေးကင်းရေးလမ်းညွှန်မှုများကို စုစည်းကာ National Tourism Guidelines အဖြစ် ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း။

ထိုသို့ထုတ်ပြန်ထားသည့် Guideline များကို အမှန်တကယ် ကျင့်သုံးလိုက်နာပြီး COVID-19 Safe Tourism Destination အဖြစ် မြန်မာ့ခရီးသွားလာရေးလုပ်ငန်း ပြန်လည်ပေါ်ထွက်လာရေးအတွက် ယခု ဗဟိုကော်မတီတွင် ပါဝင်သည့် ဝန်ကြီးဌာနများ၊ ကော်မတီဝင်များ၊ ခရီးသွားလုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရှိကြသည့် Stakeholder များအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း။

**တိုးချဲ့လုပ်ဆောင်မည်**

ဒုတိယအဆင့် Reopening ကို အောင်အောင်မြင်မြင် စတင်နိုင်ပါက တတိယအဆင့် Relaunching ကို ယခုနှစ် စတုတ္ထသုံးလပတ်တွင် ASEAN နိုင်ငံများ၊ အာရှနိုင်ငံများနှင့် စတင်ဖော်ဆောင်ရန် ရည်ရွယ်ထားပါကြောင်း၊ မိမိတို့နိုင်ငံနှင့် တိုက်ရိုက်လေကြောင်းမရှိသည့် လာအို၊ ကမ္ဘောဒီးယားနိုင်ငံများနှင့် နယ်စပ်ဖြတ်ကျော်ခရီးသွားလာခြင်းကို Travel Bridge ပုံစံလုပ်ဆောင်နိုင်ရန် မိမိတို့နိုင်ငံနှင့် တိုက်ရိုက်လေကြောင်းရှိသည့် ထိုင်း၊ ဗီယက်နမ်နိုင်ငံများနှင့် Travel Bubble လုပ်ဆောင်နိုင်ရန် ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် COVID-19 ကို ထိန်းချုပ်နိုင်နေပြီဖြစ်သည့် ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဟောင်ကောင်၊ မကာအိုတို့နှင့် တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံကို လာရောက်ခဲ့သည့် ပြည်ပခရီးသွားများ၏ သုံးစွဲငွေသည် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ရှိသည်ဟု သိရပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းက တိုက်ရိုက်အလုပ်ပေးထားသူ တစ်သိန်းနီးပါးရှိပြီး စားသောက်ဆိုင်၊ အနေးယာဉ်၊ ပျံကျဈေးသည်များကဲ့သို့ သွယ်ဝိုက်အလုပ်အကိုင်ရရှိသူ နှစ်သိန်းနီးပါးရှိကာ စုစုပေါင်းပြည်သူ သုံးသိန်းနီးပါးနှင့် မှီခိုသူမိသားစုများ အားကိုးအားထားပြုနေရသည်ဟု နောက်ဆုံးကောက်ယူသည့် စာရင်းဇယားများအရ သိရှိရပါကြောင်း၊ ခရီးသွားလာရေးလုပ်ငန်း တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်စတင်နိုင်ပါက လူထုလူတန်းစားအသီးသီးထံ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်နည်းလမ်းဖြင့် ဝင်ငွေများ စီးဆင်းစေပြီး multiplier effect ဖြင့် လူတန်းစားနယ်ပယ်ပေါင်းစုံ အကျိုးရှိစေမည်ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သည့်စက်ရုံလုပ်ငန်းဟု တင်စားခေါ်ဝေါ်ပြောဆိုနိုင်သော်လည်း ခရီးသွားလာခြင်းများကြောင့် ဖြစ်ပေါ်လာသည့် ဘေးထွက်ဆိုးကျိုးများဖြစ်သည့် အမှိုက်စွန့်ပစ်ခြင်းများ၊ လေထုညစ်ညမ်းခြင်းများနှင့် သဘာဝပတ်ဝန်းကျင် ထိပါးပျက်စီးခြင်းများဖြစ်ပေါ်လာသည့်အတွက် ခရီးသွားလုပ်ငန်း ပြန်လည်စတင်ပြီး တိုးတက်အောင် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ကြရာတွင် ဂေဟစနစ်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအဖြစ် ဖော်ဆောင်ကြရန် လိုအပ်ပါကြောင်း။

**ခရီးသွားလာရေးပုံစံသစ်**

COVID အလွန်ကာလ New Normal တွင် ခရီးသွားများ၏ ရွေးချယ်မှုသည် ယခင်ကနှင့်မတူ ပြောင်းလဲသွားပြီး လူများပြည့်ကျပ်နေသည့်မြို့ပြဘဝ ခရီးသွားထက် social distancing ဖြင့် နေထိုင်သွားလာခြင်းများ၊ Natural Tourism၊ Ethnic Tourism၊ Environmental Tourism ကဲ့သို့သော ခရီးသွားလာခြင်းများကို ပိုမိုလိုလားလာကြလိမ့်မည်ဟု ခန့်မှန်းသည့်အတွက် ထိုသို့သော ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည့် ခရီးသွားလာရေးပုံစံသစ်ကို ဖော်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံတကာတွင် ကျင့်သုံးနေသည့် စည်းမျဉ်း၊ စည်းကမ်းများကို လေ့လာပြီး မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေဖြစ်သည့် model များအဖြစ် ပြုပြင်ပြောင်းလဲကာ Safe & Enchanting Travel in Myanmar ဖြစ်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများပေါင်းစပ်၍ ကြိုတင်လေ့လာသုံးသပ်ကြစေလိုပါကြောင်း။

COVID-19 ကပ်ရောဂါဖြစ်ပွားနေသည့်ကာလတွင် ခရီးသွားလာရေးလုပ်ငန်းနှင့် ပတ်သက်သည့်လိုအပ်ချက်များကို ပြုပြင်ပြီး COVID-19 အလွန်ကာလတွင် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ပြန်လည်တည့်မတ်လာရန်၊ အဆင်သင့်ဖြစ်နေစေရန်၊ ပြောင်းလဲလာသည့်ဖြစ်စဉ်များနှင့် လိုက်လျောညီထွေဖြစ်ရန် ပြောင်းလဲနိုင်ရေးသည် ယခုဗဟိုကော်မတီတွင် ပါဝင်သည့်ဝန်ကြီးဌာနများနှင့် ကော်မတီဝင်များ၊ ခရီးသွားလုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်များတွင် ရှိကြသည့် Stakeholder များအနေဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးတင်လတ်က ဟိုတယ်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများ၏ လတ်တလောအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဗဟိုကော်မတီအစည်းအဝေး (၂/ ၂၀၁၉) ဆုံးဖြတ်ချက်များ မှတ်တမ်းတင်ပေးနိုင်ရေး၊ ခရီးသွားလုပ်ငန်းကော်မတီဝင်နှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဝင်များ ပြင်ဆင်ဖွဲ့စည်းနိုင်ရေးနှင့် မသန်စွမ်းသူများ အတားအဆီးမဲ့သွားလာနိုင်ရေးအတွက် (Barrier Free Tourism Pilot Project) ရေးဆွဲထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးစိုးဝင်း၊ ဦးသောင်းထွန်း၊ ဦးကျော်တင်၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်ထွေးတို့က ဗဟိုကော်မတီ အစည်းအဝေး (၂/၂၀၁၉) ဆုံးဖြတ်ချက်ပါ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊ နိုင်ငံခြားခရီးသွားများ လိုက်နာဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ COVID – 19 ကပ်ရောဂါဖြစ်ပွားမှုကြောင့် ခရီးသွားလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုများ၊ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးနှင့်စပ်လျဉ်းသည့် ပြည်ပနိုင်ငံများ၏ ဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်ပဘုရားဖူးခရီးသွားလာခြင်းဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းအနေဖြင့် ကုန်သွယ်မှုတိုးတက်ဖွံ့ဖြိုးရေးကို အထောက်အပံ့ပြုနေသည့် ကိစ္စရပ်များ၊ COVID – 19 ကပ်ရောဂါနှင့် ခရီးသွားလုပ်ငန်း ပြန်လည်ဖွင့်လှစ်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်၊ ဒေါက်တာရဲမြင့်ဆွေနှင့် ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများ၊ ဗဟိုကော်မတီဝင် ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဒေသအလိုက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှုများကို Video Conferencing စနစ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (World Tourism Organization)၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၄၀ ဒသမ ၂ ရာခိုင်နှုန်းရှိသဖြင့် တိုးတက်မှုအရှိဆုံးစာရင်းဝင်ခဲ့သည်ဟု သိရပါကြောင်း၊ ထို့ကြောင့် မြန်မာ့ခရီးသွားလုပ်ငန်း၏ အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ခြင်းအား အသိအမှတ်ပြု ဂုဏ်ယူရမည်ဖြစ်ပါကြောင်း၊ ထိုသို့သော အောင်မြင်ခဲ့မှုသည် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းမှု၏ အသီးအပွင့်ရလဒ်ကောင်းဖြစ်ပါကြောင်း၊ COVID အလွန်ကာလတွင်လည်း အဆိုပါနှုန်းအတိုင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

**သတင်းစဉ်**

# ဝေါမြို့နယ်၌ ဒုတိယအကြိမ် တင်ဒါကွက်များ အိတ်ဖွင့်တင်ဒါရောင်းချခြင်းနှင့် တတိယအကြိမ် ဂရန်အင်းများ လေလံတင်ရောင်းချပွဲ ကျင်းပ

**ဝေါ ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရှိ တင်ဒါငါးဖမ်းကွက်များအား ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါရောင်းချခြင်းနှင့် ဂရန်အင်းများအား တတိယအကြိမ် လေလံတင်ရောင်းချခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင်လေလံရောင်းချရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်ဦးစီးမှူး ဦးဇော်မြင့်နိုင်က တင်ဒါရောင်းချခြင်း၊ လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ လေလံရောင်းချရေးအဖွဲ့ဝင်များ၊ အင်းဂရန်ကိုင်များ တင်ဒါငါးဖမ်းလုပ်ကိုင်သူများ၊ ရေလုပ်သားများနှင့် လေလံဆွဲဝယ်သူများ တက်ရောက်ကြသည်။

လေလံရောင်းချပွဲ အခမ်းအနားသို့ တက်ရောက်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းများ တပ်ဆင်ဝင်ရောက်စေခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ ကိုယ်



အပူချိန် တိုင်းတာစစ်ဆေးခြင်းများကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ အထွေထွေရွေးကောက်ပွဲ လေ့လာခွင့် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများသည် အထွေထွေရွေးကောက်ပွဲ လေ့လာခွင့်ကို
လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်း ရွေးကောက်ပွဲ လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင်လည်းကောင်း၊ နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တွင်လည်းကောင်း ရွေးကောက်ပွဲလေ့လာခွင့်ကို ယနေ့မှစတင်ကာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့အထိ လျှောက်ထားနိုင်ပါသည်။

၂။ လွှတ်တော်ရွေးကောက်ပွဲများလေ့လာရာတွင် ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ၏ ကျင့်ဝတ်များကို အမိန့်ကြော်ငြာစာအမှတ် (၁၈ /၂၀၂၀)နှင့် (၁၉ / ၂၀၂၀) တို့ဖြင့်လည်းကောင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၀)နှင့် (၂၁ /၂၀၂၀) တို့ဖြင့် လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ၇-၇-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ အဆိုပါအမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ official website ဖြစ်သည့် https://uec.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် Download ရယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
**ကြေညာချက်အမှတ် ( ၁၂၅ / ၂၀၂၀ )**
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက် )

**တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၆-၁၁-၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁၆၉/၂၀၁၈) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ကချင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၃၇၄၂<br>ဗိုလ်မှူးကြီး နေလင်းထွန်း | အစား | ကြည်း ၂၉၁၉၇<br>ဗိုလ်မှူးကြီး ကျော်လင်းအောင် |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းမီဒီယာများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ





**နေပြည်တော် ဇူလိုင် ၇**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းမီဒီယာများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**အကြိုတွေ့ဆုံ**

တွေ့ဆုံဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ဆွေးနွေးပွဲကိုကျင်းပသည့် ရည်ရွယ်ချက်နှစ်ခုရှိပါကြောင်း၊ ပထမရည်ရွယ်ချက်မှာ မဏ္ဍိုင်လေးရပ်တွေ့ဆုံဆွေးနွေးမှုကို နှစ်စဉ်ပြုလုပ်လျက်ရှိရာ ယနေ့ဆွေးနွေးပွဲတွင်လည်း မဏ္ဍိုင်လေးရပ် တွေ့ဆုံမှုပြုလုပ်သွားနိုင်ရန်အတွက် အကြိုတွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲတက်ရောက်လာသည့် သတင်းမီဒီယာသမားများအနေဖြင့် မဏ္ဍိုင်သုံးရပ်နှင့် တွေ့ဆုံသည့်အခါ ပြောဆိုဆွေးနွေးလိုသည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသွားရန် ဖြစ်ပါကြောင်း၊ နောက်တစ်ချက်မှာ ကိုဗစ်ကာလတွင် လုပ်ငန်းပေါင်းစုံမှာ အခက်အခဲများ တွေ့ကြုံကြရပါကြောင်း၊ လုပ်ငန်းများထိခိုက်မှုရှိသည့်အတွက် ထိခိုက်မှုကို ကုစားသည့်အစီအစဉ်များကို နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးနေပါကြောင်း၊ ယနေ့တွေ့ဆုံပွဲတွင် ကိုဗစ်ကာလတွင် မိမိတို့အပိုင်းအလိုက် ထိခိုက်မှုများကို ကူညီဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသွားရန်ဖြစ်ပါကြောင်း။

**အပြန်အလှန်အသိအမှတ်ပြု**

မဏ္ဍိုင်လေးရပ်တွေ့ဆုံပွဲနှင့်စပ်လျဉ်း၍ ရည်ရွယ်ချက် လေးချက်ရှိပါကြောင်း၊ ယင်းတို့မှာ နိုင်ငံသားများ၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းရန်၊ သတင်းမီဒီယာများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်အတွက် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် သတင်းမီဒီယာများအကြား တွေ့ဆုံဆွေးနွေးအဖြေရှာရန်၊ မဏ္ဍိုင်တစ်ရပ်ချင်းစီ၏ လုပ်ငန်းသဘာဝနှင့် သတင်းမီဒီယာလုပ်ငန်းသဘာဝတို့ကို အချင်းချင်း အပြန်အလှန် အသိအမှတ်ပြုလက်ခံကာ ပူးပေါင်းညှိနှိုင်းခြင်းဖြင့် ပိုမိုပွင့်လင်းမြင်သာမှုရှိသည့် ပြည်သူ့အကျိုးပြုအစိုးရစနစ် Good Governance ပေါ်ထွန်းရေးအတွက် အထောက်အကူပြုရန်နှင့် တတိယအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲမှရလဒ်များကို ပြန်လည်သုံးသပ်ရန် ဖြစ်ပါကြောင်း။

ထို့ပြင် မိမိအနေဖြင့် ယနေ့တွေ့ဆုံပွဲတွင် ဆွေးနွေးလိုသည့် အကြောင်းအရာနှစ်ခုရှိပါကြောင်း၊ ပထမအချက်မှာ မဏ္ဍိုင်သုံးရပ်သည် မဏ္ဍိုင်အချင်းချင်း ထိန်းကျောင်းမှုရှိပါကြောင်း၊ Check and Balance စနစ်ရှိပါကြောင်း၊ ဆိုလိုချင်သည်မှာ လူ့အဖွဲ့အစည်းတွင် အာဏာကို ကျင့်သုံးချင်သလို ကျင့်သုံး၍မရဘဲ ထိန်းသိမ်းကြပ်မတ်သည့်စနစ် ဖြစ်ပါကြောင်း၊ ထို့အတူ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာကိုယ်တိုင်လည်း မိမိစွမ်းအားကို သုံးစွဲရာတွင် အများလက်ခံနိုင်စေရန်အတွက် စာနယ်ဇင်းကျင့်ဝတ်ကို လိုက်နာရမည်ဖြစ်ပါကြောင်း၊ စွမ်းရည်ပြည့်ဝခြင်းမရှိသည့် သတင်းမီဒီယာကို ကျန်သည့်မဏ္ဍိုင်များက လေးစားမှု အားနည်းနိုင်ပါကြောင်း။

ဒုတိယအချက်မှာ သတင်းမီဒီယာရေစီးကြောင်း ပြောင်းလဲမှုဖြစ်ပါကြောင်း၊ ပြောင်းလဲမှုသည် လျင်မြန်ပါကြောင်း၊ စတုတ္ထမဏ္ဍိုင်ပေါ်ထွန်းလာမှုမှာ ပုံနှိပ်သတင်းစာကိုအခြေခံ၍ ပေါ်ထွန်းလာခြင်းဖြစ်ပါကြောင်း၊ ယနေ့ခေတ်သည် ပုံနှိပ်ခေတ်မဟုတ်တော့ဘဲ အွန်လိုင်းမီဒီယာ၊ လူမှုမီဒီယာ၊ ဒစ်ဂျစ်တယ်နည်းပညာများ ပေါ်ထွန်းလာသည့်ခေတ်ဖြစ်လာပါကြောင်း၊ ပြီးခဲ့သည့်နှစ်များအတွင်းက Citizen Journalist များ မွေးထုတ်ရမည်ဟု သတင်းမီဒီယာလောကတွင် ပြောဆိုကြသော်လည်း စမတ်ဖုန်းများ သုံးစွဲမှု၊ လူမှုမီဒီယာများ သုံးစွဲမှုနှင့်အတူ လူတိုင်းသည် Citizen Journalist များဖြစ်သွားပါကြောင်း။

ပြောင်းလဲမှုနှင့်လျော်ညီစွာ ပြောင်းလဲလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စတုတ္ထမဏ္ဍိုင် ခိုင်ခိုင်မာမာ ဆက်လက်ရပ်တည်သွားနိုင်ရန် ပြောင်းလဲဆောင်ရွက်သင့်သည်များကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယနေ့သည် စတုတ္ထအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရန် အကြိုညှိနှိုင်းဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ စတုတ္ထမဏ္ဍိုင်ထဲမှ တစ်ခုဖြစ်သည့် ဥပဒေပြုရေးမဏ္ဍိုင် လွှတ်တော်များသည် လာမည့်အပတ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကျင်းပနေသည့်ကာလတွင် စတုတ္ထအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အမှီအခိုကင်းရန်**

မိမိတို့ဝန်ကြီးဌာနသည် ကျန်သည့်မဏ္ဍိုင်သုံးရပ်၏ Focal Ministry ဖြစ်ပြီး ဆက်စပ်ပေးရပါကြောင်း၊ မီဒီယာသည် ထာဝရရှင်သန်နေရမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံများရှိ မီဒီယာများသည် Self-Censorship မဟုတ်ဘဲ Self-Regulated အသိတရားဖြင့် ဆောင်ရန်၊ ရှောင်ရန်ကို ခွဲခြားနားလည်ပြီး ဖြစ်လာနိုင်သည့်အန္တရာယ်များကို ချိန်ဆရပ်တည်နိုင်ရန် အကြံပြုလိုပါကြောင်း၊ ရေရှည်တွင် မီဒီယာတိုင်းသည် Self-Regulated ဖြစ်ရမည်ဖြစ်ပြီး လွတ်လပ်၍ အမှီအခိုကင်းရန် လိုအပ်ပါကြောင်း။

မီဒီယာများသည် မည်သည့်ခေတ်၊ မည်သည့်စနစ်၊ မည်သည့်အခြေအနေတွင်မဆို လိုအပ်နေမည်ဖြစ်ပါကြောင်း၊ အကြောက်တရားကြောင့်လည်း ဘက်မလိုက်ရ၊ တံစိုးလက်ဆောင်ကြောင့်လည်း ဘက်မလိုက်ရ၊ သတင်းသည် စိတ်ကူးယဉ်မဟုတ် အရှိအတိုင်း မှန်ကန်ရန်၊ မျှတရန် လိုအပ်ပါကြောင်း၊ သတင်းရင်းမြစ်များနှင့် အပြန်အလှန်ယုံကြည်မှုကိုလည်း တည်ဆောက်ရမည် ဖြစ်ပါကြောင်း၊ စတုတ္ထအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲတွင် အဆိုပါအကြောင်းအရာများ ပါဝင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း တွဲဖက်အတွင်းရေးမှူး ဦးဇေယျာမြတ်ခိုင်၊ မြန်မာဂျာနယ်လစ်ကွန်ရက်ကိုယ်စား ရှေ့ဝတီသတင်းဂျာနယ်မှ သတင်းထောက် ဦးထက်နိုင်ဇော်၊ News Watch သတင်းဌာနမှ နေပြည်တော်တာဝန်ခံ ဦးမောင်မောင်ထွန်း၊ BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ၊ Mizzima သတင်းဌာနမှ နေပြည်တော်တာဝန်ခံ ဦးသန်းထိုက်အောင်၊ RFA သတင်းဌာနမှ အယ်ဒီတာ ဒေါ်အေးအေးမွန်၊ ပြည်ထောင်စုနေ့စဉ်သတင်းစာမှ သတင်းထောက် ဦးကိုကိုလွင်၊ VOA သတင်းဌာနမှ သတင်းထောက် ဦးစည်သူနိုင်၊ The Voice သတင်းဌာနမှ နေပြည်တော်တာဝန်ခံ ဦးအောင်ထက်တို့က ဆွေးနွေးတင်ပြကြရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ဆွေးနွေးတင်ပြ**

ဆွေးနွေးပွဲတွင် တက်ရောက်သူများက လွှတ်တော်များတွင် သတင်းများရယူသည့်ကိစ္စနှင့်ပတ်သက်၍ သတင်းမီဒီယာများ ဝင်ထွက်သည့် ကိစ္စများ၊ သတင်းရယူသည့်ကိစ္စများနှင့်ပတ်သက်၍ တတ်နိုင်သမျှ အကန့်အသတ်များ လျှော့ချပေးရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ကိုဗစ်ကာလအတွင်း ရခိုင်ဒေသအတွင်း သတင်းရယူရေးနှင့်ပတ်သက်၍ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများအား စီစဉ်ဆောင်ရွက်ပေးရန်၊ သတင်းမီဒီယာများ၏ တိုက်ပိုင်ရှင်များ၊ အယ်ဒီတာချုပ်များကိုဖိတ်ခေါ်၍ သတင်းမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေးပွဲကျင်းပပေးရန်၊ Social Media သည် Mainstream Media အနေအထားသို့ ရောက်ရှိလာပါသဖြင့် Social Media ကိုအခြေခံသည့် အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းစဉ်းစား ဆောင်ရွက်ပေးရန်၊ နေပြည်တော်တွင် သတင်းမီဒီယာများအတွက် သင်တန်းများ ဖွင့်လှစ်သည့်အခါ ပြန်ကြားရေးဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်ပေးရန်၊ ရွေးကောက်ပွဲကာလတွင် သတင်းများ အဆင်ပြေစွာ ရယူနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ပေးရန်၊ သတင်းသမားများ သတင်းရယူရာတွင် တွေ့ကြုံရသည့်အခက်အခဲများ ဖြေရှင်းဆောင်ရွက်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပွဲ စီစဉ်ပေးရန်၊ ဝန်ကြီးဌာနများမှ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာများအား Messenger သို့မဟုတ် Viber တွင် Private Group ဖွဲ့စည်း၍ သတင်းရယူရေးကိစ္စများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးရန် စသည်ဖြင့် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့သည် ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်းတွင် အင်တာနက်ယာယီဖြတ်တောက်ထားရခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ မြို့နယ်အချို့တွင် အင်တာနက် ယာယီဖြတ်တောက်ထားခြင်းနှင့်စပ်လျဉ်း၍ ယင်းသို့ အင်တာနက်ပိတ်ထားခြင်းသည် ထိခိုက်ခံစားနေရသည့် နေရာများတွင် နေထိုင်ကြသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါကို ရင်ဆိုင်နေရသော ပြည်သူများအတွက် အသက်အန္တရာယ်ရှိနိုင်သည်ဟုဆိုကာ စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားမှုအချို့ရှိသည်။

အေအေသောင်းကျန်းသူများ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုနှင့် အကြမ်းဖက်လုပ်ရပ်များ ပိုမိုပြင်းထန်လာခြင်းကြောင့် အစိုးရအနေဖြင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပဋိပက္ခဖြစ်ပွားရာ ရခိုင်ပြည်နယ်ရှိ (၈) မြို့နယ်နှင့် ချင်းပြည်နယ်ရှိ မြို့နယ် (၁) မြို့နယ်တို့တွင် အင်တာနက်ဝန်ဆောင်မှုများကို ယာယီဖြတ်တောက်ထားရန် ၂၀-၆-၂၀၁၉ ရက်တွင် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။ အဆိုပါညွှန်ကြားချက်အား ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၇၇ နှင့်အညီ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး၊ ယင်းညွှန်ကြားချက်သည် ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ မောင်တော၊ ဘူးသီးတောင်နှင့် ပလက်ဝမြို့နယ်များအတွက်သာ အကျုံးဝင်သည်။ သို့သော် မိုဘိုင်းဖုန်းအသုံးပြုခြင်းနှင့် စာသားသတင်းတိုများ ပေးပို့ခြင်းတို့ကို ဆက်လက်ပြုလုပ်နိုင်သည်။

မိုဘိုင်းအင်တာနက် နည်းပညာများကို တလွဲအသုံးချ၍ အေအေသောင်းကျန်းသူများက လက်လုပ်မိုင်းနှင့် အဝေးထိန်းမြေမြှုပ်မိုင်းများ ဖောက်ခွဲခြင်း၊ တိုင်းရင်းသားလူမျိုးများအကြား အမုန်းတရားများ လှုံ့ဆော်ခြင်း၊ အစိုးရဝန်ထမ်းများအား တိုက်ခိုက်မှု၊ ပြန်ပေးဆွဲမှုများကို စနစ်တကျလုပ်ဆောင်ခြင်းများရှိနေသဖြင့် အဆိုပါလုပ်ရပ်များမှ ကာကွယ်တားဆီးနိုင်ရန်အတွက် အင်တာနက်ကို ယာယီဖြတ်တောက်ရခြင်းဖြစ်သည်။ အေအေအနေဖြင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားသွားစေရန်ရည်ရွယ်၍ ကျေးရွာနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား သတ်ဖြတ်ခြင်းကဲ့သို့သော ကျူးလွန်မှုများကိုလည်း ပြုလုပ်လျက်ရှိသည်။

၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် ပဋိပက္ခအခြေအနေများ တိုးတက်ကောင်းမွန်လာသည်ကို တွေ့လာရသဖြင့် ရသေ့တောင်၊ မြေပုံ၊ မောင်တော၊ ဘူးသီးတောင်နှင့် ပလက်ဝမြို့နယ် (၅) မြို့နယ်၌ အင်တာနက် ဝန်ဆောင်မှုကို ပြန်ဖွင့်ပေးခဲ့သည်။

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် အေအေ၏ အကြမ်းဖက်လုပ်ရပ်များ ပြန်လည်မြင့်တက်လာခြင်းကြောင့် အင်တာနက်ကို ထပ်မံယာယီဖြတ်တောက်ခဲ့ရသည်။ အခြေအနေများ တည်ငြိမ်မှုရှိလာသည်နှင့်အမျှ အင်တာနက်အသုံးပြုနိုင်မှု ပုံမှန်ပြန်လည်ရရှိလာမည်ဖြစ်သည်။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၌ ၂၀၂၀ ပြည့်နှစ်၊ မေလမှစတင်၍ အင်တာနက်ဝန်ဆောင်မှု ပြန်လည်ရရှိနေပြီဖြစ်သည်။

အင်တာနက်ယာယီဖြတ်တောက်မှုသည် ကိုဗစ်-၁၉ တိုက်ဖျက်ရေးတွင် မြန်မာအစိုးရ၏ "မည်သူ့ကိုမျှ ချန်လှပ်မထားရေး" မူဝါဒနှင့်အညီ ကြိုးပမ်းမှုများကို အဟန့်အတားမဖြစ်စေရန် လိုအပ်သည့်အစီအမံများ ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာအစိုးရအနေဖြင့် ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဘေးဒဏ်သင့်ဒေသများတွင် နေထိုင်သူများနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများရှိ အသိုက်အဝန်းများအားလုံးထံသို့ ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ အသိပညာပေးမှုနှင့် ဆက်စပ်ပစ္စည်းများကို ပံ့ပိုးပေးလျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစတင်၍ အင်တာနက် ယာယီဖြတ်တောက်ထားသည့်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်းတွင် စာသားသတင်းတိုပေးပို့မှု (SMS) အခမဲ့ဝန်ဆောင်မှုများမှတစ်ဆင့် ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသည့် အသိပညာပေး သတင်းအချက်အလက်များကို အစိုးရက ဖြန့်ဝေပေးလျက်ရှိသည်။ ထို့ပြင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နှင့် အနီးဝန်းကျင်ရှိ အဓိကပြည်တွင်းနေရပ်စွန့်ခွာသူများစခန်းများ အားလုံးတွင်လည်း အင်တာနက်ဝန်ဆောင်မှုများ ဖြတ်တောက်ခြင်းမရှိဘဲ ရရှိအသုံးပြုနိုင်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)တို့ကလည်း အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုများကို ထိရောက်စွာကူညီပံ့ပိုးပေးလျက်ရှိပြီး၊ ပြည်တွင်းနေရပ်စွန့်ခွာသူများအပါအဝင် အသိုက်အဝန်းအားလုံးနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအနေဖြင့် ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်၊ ကျောက်တော်၊ မောင်တော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပေါက်တော၊ ရသေ့တောင်နှင့် စစ်တွေမြို့နယ်စသည့် (၉) မြို့နယ်တို့တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် တုံ့ပြန်ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်၊ မေလလယ်မှစတင်၍ အစိုးရနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့သည် ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်ရေးတွင် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အထောက်အကူပြုရေးအတွက် ICRC ၏ လုပ်ငန်းစီမံချက်ကို အတည်ပြုခဲ့သည်။

ပြည်သူများအား အေအေ၏ အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်မှ အကာအကွယ်ပေးရေးအတွက်လည်းကောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်တွင် "မည်သူ့ကိုမျှချန်လှပ်မထားရေး" မူဝါဒနှင့်အညီ ထိခိုက်ခံစားလွယ်သူများအပါအဝင် ပြည်သူအားလုံး အကျိုးခံစားခွင့် ရရှိစေရေးအတွက်လည်းကောင်း အစိုးရအနေဖြင့် လိုအပ်သည့် ထိရောက်သောအစီအမံများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်။**

**❍ ကျောဖုံးမှ**

အမှန်တကယ်ခံစားရသူမှာ ပြည်သူလူထုပင် ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် သက်ဆိုင်ရာဒေသတွင်ရှိသည့် ပြည်သူလူထုများ ခံစားရပါကြောင်း၊ ယင်းပဋိပက္ခများ ကြာရှည်လာသည်နှင့်အမျှ လုပ်ငန်းများလည်းပတ်ရန် မြေပေါ် မြေအောက် သယံဇာတများ ထုတ်ယူသုံးစွဲမှုများကြောင့် ဂေဟစနစ်များ ပျက်စီးခြင်းများ ရှိပါကြောင်း။

JMC ဖွဲ့စည်းခဲ့သည်မှာ ယခုဆိုလျှင် လေးနှစ်ရှိပြီဖြစ်ကြောင်း၊ ယင်းသို့ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းကြောင့် NCA လက်မှတ်ရေးထိုးထားသည့် နယ်မြေများတွင် ပဋိပက္ခများ လျော့နည်းသွားခြင်း၊ ပြည်သူလူထု ခံစားရသည့် ဝန်ထုပ်ဝန်ပိုးများ လျှော့ချနိုင်ခြင်းနှင့် ယင်းဒေသများရှိ သယံဇာတများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူနိုင်အောင် စနစ်တကျ စီမံဆောင်ရွက်လာနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့် ဒေသများတွင် နှစ်ဖက်ညှိနှိုင်းကာ ပြဿနာများကို ဖြေရှင်းလာသည့်အတွက် များစွာလျော့ကျလာသည်ကို တွေ့ရပါကြောင်း၊ ယင်းမှာ NCA ရေးထိုးလိုက်သည့်အတွက် ဖြစ်ပေါ်လာသည့် ရလဒ်ဟုပြော၍ ရပါကြောင်း။

**တားဆီးဆောင်ရွက်နိုင်ခဲ့**

JMC အစည်းအဝေးများ မကျင်းပနိုင်သေးသည့် ကာလများတွင်လည်း အရပ်သား ကိုယ်စားလှယ်များအနေဖြင့် တက်တက်ကြွကြွ သက်ဆိုင်ရာနယ်မြေများသို့ သွားရောက်ကာ ပဋိပက္ခမဖြစ်အောင် တားဆီးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း တရားဝင်အစည်းအဝေးများ မကျင်းပနိုင်သော်လည်း တစ်ခါတစ်ရံ လူချင်းတွေ့ဆုံ၍ လိုအပ်သည့်ဖြေရှင်းမှုများကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကြီးမားသည့်ပဋိပက္ခများမရှိဘဲ သာမန်ပဋိပက္ခများကို နှစ်ဖက်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

JMC တွင် အတည်ပြုပြဋ္ဌာန်းထားသည့် လုပ်ငန်းလမ်းညွှန်များ ရှိပါကြောင်း၊ ယင်းလုပ်ငန်းလမ်းညွှန်ချက်များကို လိုအပ်ပါက ပြန်လည်ညှိနှိုင်းကာ လက်ရှိအချိန်နှင့် ကိုက်ညီအောင် စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် တစ်ဖက်နှင့်တစ်ဖက် ဝိဝါဒကွဲပြားမှုများ ရှိနိုင်ပါကြောင်း၊ သို့သော် ငြိမ်းချမ်းရေးကို အခြေခံကာ သေသေချာချာ စေ့စပ်ညှိနှိုင်းဆောင်ရွက်သွားရန် အကြံပြုလိုပါကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ စောင့်ကြည့်ရေးလုပ်ငန်းများကို ပိုမိုတည်ငြိမ်စွာ ဆောင်ရွက်နိုင်ရန်အတွက် အဓိကအားဖြင့် ပဋိပက္ခဖြစ်ပွားသည့်နေရာများတွင် ဒေသခံအရပ်သားစောင့်ကြည့်သူများကို ဖွဲ့စည်းရန်လိုအပ်ပါကြောင်း၊ ယင်းနှင့်ပတ်သက်၍လည်း JMC ၏ (၁၀) ကြိမ်၊ (၁၇) ကြိမ်နှင့် (၁၈) ကြိမ်မြောက် အစည်းအဝေးများတွင် စောင့်ကြည့်အဖွဲ့များ ဖွဲ့စည်းရန်အတွက် သဘောတူညီချက် ရရှိထားပြီးဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တိုက်တွန်းလိုသည်မှာ မိမိတို့ဖော်ပြလိုသည့် ပုံရိပ်သည် လက်ရှိအခြေအနေနှင့် အလှမ်းဝေးနေမည်ဆိုပါက ညှိနှိုင်းဆွေးနွေးမှုမှာ ကြန့်ကြာတတ်ပါကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုများ ကြန့်ကြာလာသည်နှင့်အမျှ လမ်းကြောင်းလွဲသွားနိုင်ပါကြောင်း၊ ထို့ကြောင့် အနီးစပ်ဆုံး လက်ရှိအခြေအနေများနှင့်ကိုက်ညီပြီး မိမိတို့ ပုံဖော်လိုသည့် ပုံရိပ်ကို ညှိနှိုင်းဆွေးနွေးကြကာ အဆင့်လိုက် ယုံကြည်မှုတည်ဆောက်သွားကြရန်နှင့် အလှမ်းမကွာရန် မိမိအနေဖြင့် အကြံပြုလိုပါကြောင်း၊ JMC လုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် NCA ပါ ဖော်ပြချက်များအတိုင်း စောင့်ကြည့်ရေး၊ စိစစ်အတည်ပြုရေး၊ ပဋိပက္ခဖြေရှင်းရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် ကော်မတီဝင်များအနေဖြင့် ဘက်လိုက်မှုကင်းခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းတို့ကို အခြေခံကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**အဓိကမဏ္ဍိုင်**

ထို့နောက် JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးက NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများအနေဖြင့် JMC ကို ထူထောင်နိုင်ခဲ့သော်လည်း တစ်ဖက်နှင့်တစ်ဖက်အကြား ယုံကြည်မှုများ တိုးတက်လာမည်ဟု မျှော်လင့်ထားသည့်အပေါ် လက်တွေ့ဖြစ်မလာပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများအကြား အထူးစိုးရိမ်ရသည့် အခြေအနေမဟုတ်သော်လည်း JMC ၏ တာဝန်ရှိသည့်လုပ်ငန်းများ ကောင်းစွာ လည်ပတ်လာနိုင်ခြင်းမရှိသေးသည်ကို အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နှစ်ဖက်တပ်တွေ့ဆုံမှုယန္တရား၊ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ ထိပ်တိုက်ရင်ဆိုင်မှု ရှောင်ရှားရေးနှင့် တပ်နေရာချထားရေး လုပ်ဆောင်နိုင်ရန် သဘောတူညီမှုရလဒ်များ ရရှိနိုင်ရေး လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ယင်းရလဒ်ကို ရရှိရန် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ စောင့်ကြည့်ရေး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ပိုမိုထိရောက်သည့် စောင့်ကြည့်လေ့လာမှုများ ပြည်နယ်အဆင့်တွင် ရရှိပြီး အဓိကမဏ္ဍိုင်အဖြစ် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ စောင့်ကြည့်ရေးကော်မတီများတွင် ပဋိပက္ခ လက်တွေ့ခံစားရသည့် နယ်မြေခံလူထုများ ပါဝင်လာရေးသည် အရေးကြီးဆုံးဖြစ်ပါကြောင်း၊ ထို့ပြင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစိစစ်မှု လုပ်ဆောင်ရာတွင် လွတ်လပ်၍ဘက်မလိုက်သည့်အဖွဲ့က တာဝန်ယူရမည်ဟု မျှော်လင့်ထားပါကြောင်း ပြောကြားသည်။

**အားယူပြင်ဆင်**

ယင်းနောက် JMC-U ဒုတိယဥက္ကဋ္ဌ(၂) Rev. စောမက်သယူးအေးက မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ဘက်လိုက်မှုမရှိဘဲ တရားမျှတစွာ ထောက်ပြအကြံပြုရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ထို့ပြင် ပဋိပက္ခဖြစ်ပွားနေသည့် လက်နက်ကိုင်အဖွဲ့များအကြား ဘက်လိုက်မှုမရှိသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ယူဆလျှင်လည်း မမှားပါကြောင်း၊ အချိန်ကြာလာသည်နှင့်အမျှ JMC လုပ်ငန်းများ အဆင့်ဆင့်အရှိန်ရလာပြီး သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း အရပ်သားများ၏ ပါဝင်မှုအခန်းကဏ္ဍကို ဦးစားပေးလာကြသည့်အတွက် JMC လုပ်ငန်းများ အကောင်အထည်ဖော်မှုအပိုင်းတွင် အရပ်သားကိုယ်စားလှယ်များ၏ အခန်းကဏ္ဍကို ပိုမိုထည့်သွင်းလာကြသည်ကို တွေ့ရပါကြောင်း၊ နှစ်နှစ်နီးပါး ကာလအကြာမှ ပြန်လည်ကျင်းပသည့် JMC အစည်းအဝေးသည် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဆတက်ထမ်းပိုး ပိုမိုလုပ်ဆောင်နိုင်ရန် အားယူပြင်ဆင်သည်ဟု မိမိအနေဖြင့် ခံယူပါကြောင်း။

ငြိမ်းချမ်းရေးခရီးစဉ်အပေါ် ပြည်သူများ စိုးရိမ်ကြောင့်ကြမှု လျော့ပါးရေးအတွက် အရပ်သားများ ဦးဆောင်ပါဝင်သည့် လူထုတွေ့ဆုံပွဲများအပြင် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံပြီး JMC လုပ်ငန်းများ၊ သင်တန်းများနှင့် ဆွေးနွေးပွဲများကို အဆက်မပြတ် လုပ်ဆောင်ခဲ့ကြပါကြောင်း၊ JMC ဖွဲ့စည်းပြီးနောက်ပိုင်း ပစ်ခတ်တိုက်ခိုက်မှု လျော့ပါးသွားသည်ကို တွေ့ရပါကြောင်း၊ JMC အဆင့်ဆင့် ကော်မတီများအကြားတွင်လည်း ချစ်ကြည်ရင်းနှီးမှုများရရှိအောင် တိုးတက်လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ မိမိတို့၏ အန္တိမရည်မှန်းချက်ဖြစ်သည့် အပစ်အခတ်ရပ်စဲရေးနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အခြေခံပြည်သူများ ပူးပေါင်းပါဝင်လာရေးကိုလည်း အဓိက ဦးတည်ပါကြောင်း၊ တစ်နည်းအားဖြင့် ပြည်သူများ ပူးပေါင်းပါဝင်မှုသည် ငြိမ်းချမ်းရေး ခရီးစဉ်အတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ JMC အနေဖြင့် မြန်မာ့ငြိမ်းချမ်းရေး ခရီးစဉ်အတွက် အတူတကွ ပူးပေါင်းပါဝင်လုပ်ဆောင်ရင်း မိမိတို့၏ ခိုင်မာမှုကို တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ကျင်းပသွားမည်**

ယနေ့အစည်းအဝေးတွင် JMC-U တွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်မည့် ကော်မတီဝင်အမည်စာရင်းအား အတည်ပြုခြင်း၊ JMC-U ၏ (၁၈) ကြိမ်နှင့် (၁၉) ကြိမ်မြောက် အစည်းအဝေးကြားကာလအတွင်း လုပ်ငန်းအကောင် အထည်ဖော်မှုများအား တင်ပြခြင်း၊ JMC ၏ ရန်ပုံငွေအား No Cost Extension ဖြင့်ဆောင်ရွက်နေမှု အခြေအနေများ ဆွေးနွေးခြင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေဘတ်ဂျက်ရေးဆွဲနိုင်ရေး ဆွေးနွေးခြင်း၊ အစိုးရဘက်က အဆိုပြုခန့်အပ်သော အလုပ်အမှုဆောင် ညွှန်ကြား ရေးမှူး ရာထူးနေရာ အတည်ပြုခန့်အပ်ခြင်းနှင့် EAOs ဘက်က ဒုတိယအလုပ်အမှုဆောင် ညွှန်ကြားရေးမှူး ရာထူးနေရာအတွက် အဆိုပြုခန့်အပ်ရန် ဆွေးနွေးခြင်း၊ အတည်ပြုပြဋ္ဌာန်းထားပြီးသော JMC ဆိုင်ရာ လုပ်ငန်းလမ်းညွှန် (ToR) နှင့် လုပ်ထုံးလုပ်နည်း (SoP) များကို လိုအပ်ပါက ပြန်လည်သုံးသပ်နိုင်ရေး ဆွေးနွေးခြင်း၊ JMC အတွင်း Bilateral များ ဆွေးနွေးသွားနိုင်ရေး အစီအမံနှင့် JMC-S အစည်းအဝေးများ ပုံမှန်ပြန်လည်ကျင်းပနိုင်ရေး ဆွေးနွေးခြင်း၊ ဒေသခံ အရပ်သားစောင့်ကြည့်သူ (LCM) များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးဆွေးနွေးခြင်း၊ JMC အဆင့်ဆင့်၏ အရပ်သား ကိုယ်စားလှယ်များ မျက်နှာစုံညီ အစည်းအဝေးများမှ မူဝါဒတောင်းခံရန် လိုအပ်သော ဆုံးဖြတ်ချက်များအား တင်ပြခြင်း၊ နဝမအကြိမ် JMC အဆင့်ဆင့်၏ အရပ်သားကိုယ်စားလှယ်များ မျက်နှာစုံညီ အစည်းအဝေးအား ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ကျင်းပခွင့်တင်ပြခြင်း၊ JMC သို့ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ လှူဒါန်းငွေများနှင့် JMC ပိုင်ရန်ပုံငွေများ သုံးစွဲမှုနှင့် လက်ကျန်စာရင်းတင်ပြခြင်းနှင့် နောက်တစ်ကြိမ်ကျင်းပမည့် JMC-U အစည်းအဝေးအတွက် နေ့ရက်နှင့် နေရာသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ကြပြီး JMC-U ၏ (၁၉) ကြိမ်မြောက် အစည်းအဝေးကို ဇူလိုင် ၂၁ ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ JMC-U အဖွဲ့ဝင်များ ဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ အရပ်သား ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်း-မျိုးမြင့်၊ ဟန်လင်းနိုင်**

**ဓာတ်ပုံ-အေးသန့်**



# ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေစဉ်အတွင်း တိုကျို-ချီကာဂို လေကြောင်းခရီးစဉ် ပြန်လည်ပြေးဆွဲ

**တိုကျို ဇူလိုင် ၇**
ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဂျပန်နိုင်ငံရှိ လေကြောင်းလိုင်းများကို သုံးလမျှ ရပ်နားထားရာမှ အမေရိကန်ယူနိုက်တက်လေကြောင်းက တိုကျို-ချီကာဂို ခရီးစဉ်ကို ယနေ့ ပြန်လည်ပြေးဆွဲခဲ့သည်။

ဟာနေဒါလေဆိပ်မှ တာဝန်ရှိသူများအနေဖြင့် မတ်လအတွင်းက အနောက်နိုင်ငံများနှင့် တရုတ်သို့ အသွားအပြန်လေကြောင်းခရီးစဉ် ၅၀ ခန့်တိုးမြှင့်ပြေးဆွဲရန် ဆောင်ရွက်ခဲ့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားမှုကြောင့် ခရီးစဉ်များ ပြေးဆွဲရန်နှောင့်နှေးခဲ့ရသည်။

ယခုကဲ့သို့ တိုကျို-ချီကာဂို ခရီးစဉ်ကို ပြေးဆွဲရခြင်းမှာ နွေရာသီပိတ်ရက်အတွင်း ခရီးသည်အရေအတွက် ကျဆင်းမှုကို ပြန်လည်ကာမိစေရန်ဖြစ်သည်။

ခရီးသည် အဝင်၊ အထွက်စစ်ဆေးသော ဂိတ်များတွင် ခရီးသည်များအား အပူချိန် ၃၈ ဒီဂရီနှင့် အထက် ရှိ၊ မရှိနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါလက္ခဏာများ ရှိ၊ မရှိကို လေဆိပ်အမှုထမ်းများက စစ်ဆေးကြသည်။

ဟာနေဒါလေဆိပ်တွင် နိုင်ငံတကာခရီးစဉ် ပြေးဆွဲမှုများပြားလာကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# အသွားအလာကန့်သတ်မှု ဖြေလျှော့သည့်အနေဖြင့် သီရိလင်္ကာ၌ စာသင်ကျောင်းအချို့ ပြန်ဖွင့်

**ကိုလံဘို ဇူလိုင် ၇**
သီရိလင်္ကာအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ခဲ့သည့်အတွက် သုံးလနီးပါးကြာ ပိတ်ထားသော စာသင်ကျောင်းအချို့ကို ယမန်နေ့က ပြန်ဖွင့်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက ယနေ့ ဖော်ပြထားသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာကန့်သတ်မှုများကို ဖြေလျှော့သည့်အနေဖြင့် ဂရိတ် ၁၃၊ ၁၁ နှင့် ၅ ကျောင်းသား ကျောင်းသူများအတွက် စာသင်ကျောင်းများကို ပြန်ဖွင့်ပေးခဲ့ရာ နိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူ ၈၀၀၀၀၀ နီးပါးသည် စာသင်ကျောင်းများသို့ ပြန်လာခဲ့ကြကြောင်း သီရိလင်္ကာပညာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကျောင်းသား ကျောင်းသူများသည် အပူချိန်တိုင်းခြင်း၊ မကြာခဏ လက်ဆေးခြင်းနှင့် နှာခေါင်းစည်း ဝတ်ဆင်ခြင်းများနှင့်အတူ တင်းကျပ်သော ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာခဲ့ကြကြောင်း သိရသည်။ ထို့ပြင် စာသင်ခန်းတစ်ခန်းချင်းစီတွင် တစ်ဦးနှင့် တစ်ဦးအကြား ထိုင်ခုံများနှင့် စာရေးခုံများကို တစ်မီတာအကွာဖြင့် စီပေးထားပြီး ကျောင်းသားတစ်ဦးနှင့် တစ်ဦးစကားပြောပါက ခပ်ခွာခွာနေပြီး ပြောရမည်ဟု တာဝန်ရှိသူများက မှာကြားထားကြောင်း သိရသည်။



အစိုးရ၏ အသွားအလာကန့်သတ်မှု ဖြေလျှော့ရေးအဆင့်(၃)အရ ဂရိတ် ၁၀ နှင့် ၁၂ ကျောင်းသား ကျောင်းသူများအတွက် စာသင်ကျောင်းများကို ဇူလိုင် ၂၀ ရက်မှစ၍ ပြန်ဖွင့်ပေးမည်ဖြစ်ပြီး အသွားအလာကန့်သတ်မှု ဖြေလျှော့ရေးအဆင့်(၄)အရ ဂရိတ် ၁ နှင့် ၂ ကျောင်းသားများမှလွဲလျှင် ကျန်အတန်းများအတွက် စာသင်ကျောင်းများကို ဇူလိုင် ၂၇ ရက်မှစ၍ ပြန်ဖွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

သို့သော် အားကစားလှုပ်ရှားမှုများနှင့် စာမေးပွဲများကိုမူ တာဝန်ရှိသူများထံမှ နောက်ထပ်အကြောင်းကြားခြင်း မရှိမချင်း လောလောဆယ် ဖျက်သိမ်းမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိအချိန်၌ သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၇၈ ဦးရှိပြီး ၎င်းတို့အနက် ၁၉၁၇ ဦးသည် ဆေးဝါးကုသမှု အောင်မြင်စွာခံယူထားပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့်သည် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာကြောင်း၊ လက်ရှိအချိန်၌ သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာ ၁၆၀ ဦးသာ ဆေးဘက်ဆိုင်ရာ စောင့်ကြပ်မှုကို ခံယူလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

သီရိလင်္ကာနိုင်ငံ၏ မြို့တော် ကိုလံဘိုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ၎င်း၏ စီးပွားရေးလုပ်ငန်းများကို နှစ်လနီးပါးကြာ ပိတ်ခဲ့ပြီးနောက် မေလကုန်ပိုင်းမှ ပြန်ဖွင့်ခဲ့ကြောင်း သိရသည်။

သို့သော် အာဏာပိုင်များသည် နှာခေါင်းစည်း ဝတ်ဆင်ခြင်း၊ ခပ်ခွာခွာနေခြင်းနှင့် လက်သန့်ဆေးဘူးများ ကိုင်ဆောင်ခြင်းကဲ့သို့သော ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာကြရန် ပြည်သူများအား တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# တရုတ်နိုင်ငံ၌ ကျောင်းသားများတင်ဆောင်သည့် ဘတ်စ်ကား ရေအိုင်ထဲ ထိုးကျ၊ ၂၁ ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိ

**ပေကျင်း ဇူလိုင် ၇**
ကောလိပ်ကျောင်း ဝင်ခွင့်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးသည် တရုတ်နိုင်ငံအနောက်တောင်ဘက်ရှိ ရေအိုင်တစ်အိုင်ထဲသို့ ယနေ့ ထိုးကျခဲ့ရာ လူ ၂၁ ဦး ထက်မနည်း သေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များနှင့် နိုင်ငံပိုင်မီဒီယာက ဖော်ပြထားသည်။

အဆိုပါ ဘတ်စ်ကားသည် နိုင်ငံ၏ အနောက်တောင်ဘက် ကွေကြို့ပြည်နယ် အန်ရှန်မြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် လမ်းဘေး၌ ကာထားသည့် သံအကာကို ဝင်တိုက်ခဲ့ပြီးနောက် လမ်းချော်ကာ ဟောင်ရှန်ရေအိုင်ထဲသို့ ထိုးကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်မောင်းကျွမ်းကျင်သူ ၅၅ ဦး အပါအဝင် လူ ၂၀၀ ကျော်တို့သည် အခင်းဖြစ်ပွားသည့်နေရာ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း ကွေကြို့အရေးပေါ် စီမံခန့်ခွဲရေးဌာန၏ ပြောကြားချက်အရ သိရသည်။

ဘတ်စ်ကားတိမ်းမှောက်မှု၌ ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ထားပြီး ဆေးဝါးကုသမှုခံယူလျက်ရှိကြကြောင်း သိရသည်။ ဒေသဆိုင်ရာ အာဏာပိုင်များသည် အခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**



# မွန်ဂိုလီးယားနိုင်ငံတွင် ရေကြီးရေလျှံမှုများကြောင့် ရှစ်ဦး သေဆုံး၊ နေအိမ်အများအပြား ရေနစ်မြုပ်

**အူလန်ဘာတော ဇူလိုင် ၇**
ဇူလိုင် ၃ ရက်နှင့် ၄ ရက်အတွင်း မွန်ဂိုလီးယားနိုင်ငံ ပြည်နယ်အချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ လူရှစ်ဦးနှင့်



ထောင်ချီသော တိရစ္ဆာန်များ သေဆုံးကာ နေအိမ်အများအပြား ရေနစ်မြုပ်ခဲ့ကြောင်း အမျိုးသားအရေးပေါ်အခြေအနေ စီမံခန့်ခွဲရေးအေဂျင်စီ(NEMA) က ယနေ့ ကြေညာခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံတောင်ပိုင်း အွမ်နူဂိုဗီပြည်နယ်နှင့် အရှေ့ပိုင်းဆူဘာတာပြည်နယ်တို့တွင် ဇူလိုင် ၃ ရက်က ရေဘေးသင့်မှုများကြောင့် ကလေးနှစ်ဦးအပါအဝင် စုစုပေါင်း လူရှစ်ဦး သေဆုံးခဲ့ကြောင်း NEMA က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ မွန်ဂိုလီးယားနိုင်ငံအလယ်ပိုင်း တပ်ဗ်နှင့် ဂိုဗီဆွမ်ဘာပြည်နယ်များ၊ အနောက်အလယ်ပိုင်းရှိ အာခန်ဂိုင်ပြည်နယ်တွင် ရေလွှမ်းမိုးမှုများကြောင့် တိရစ္ဆာန်ကောင်ရေ ၇၀၀၀ ကျော် သေဆုံးခဲ့ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။ ခန်တီးလ်၊ တပ်ဗ်နှင့် ခူဗ်ဂူခ်ကဲ့သို့သော ပြည်နယ်အချို့တွင်လည်း အိမ်ပေါင်း ၂၃၆၀ ခန့် ရေနစ်မြုပ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

မိုးလေဝသပညာရှင်များက လာမည့်ရက်များအတွင်း မွန်ဂိုလီးယားနိုင်ငံအနှံ့အပြား မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားပြီး ပြည်သူများ အထူးသဖြင့် တိရစ္ဆာန်မွေးမြူသူများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ကြရန် တိုက်တွန်းထားသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၁၇၇၉၈၃၆ ဦး

သေဆုံးသူ
၅၄၁၇၄၈ ဦး

ပြန်လည်ကျန်းမာလာသူ
၆၇၇၅၃၄၅ ဦး

# ပြင်သစ်သမ္မတမက်ခရွန် အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်း




**ပါရီ ဇူလိုင် ၇**
ပြင်သစ်သမ္မတ မက်ခရွန်သည် ၂၀၂၂ ခုနှစ်တွင် ရွေးကောက်ပွဲပြန်လည်ကျင်းပရေးတောင်းဆိုလျက် ပြင်သစ်အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ပြင်သစ်သမ္မတ မက်ခရွန်၏ အစိုးရအဖွဲ့ ပြန်လည်ဖွဲ့စည်းရေးအစီအစဉ်သည် ပြီးခဲ့သည့်လက ကျင်းပခဲ့သည့် ဒေသန္တရရွေးကောက်ပွဲတွင် လက်ရှိအာဏာရပါတီက ရွေးကောက်ခံနေရာအများစု ဆုံးရှုံးခဲ့ရပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ဇူလိုင် ၃ ရက်တွင်မူ အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံးလည်း ရာထူးမှ နုတ်ထွက်သွားခဲ့သည်။

ထို့ကြောင့် ပြင်သစ်သမ္မတ မက်ခရွန်က ဂျင်းကတ်စ်တက်ကို ဝန်ကြီးချုပ်အသစ်အဖြစ် ခန့်အပ်ခဲ့သည်။ ကတ်စ်တက်သည် ပြင်သစ်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ခရီးသွားလာခွင့် ပိတ်ပင်မှုများနှင့် အခြားသော စီမံဆောင်ရွက်မှုများတွင်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သူလည်းဖြစ်သည်။

ပြင်သစ်သမ္မတ မက်ခရွန်က အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့်အစိုးရအဖွဲ့တွင် ဘဏ္ဍာရေးဝန်ကြီး ဘရူနိုလီမာအီရီ ပြန်လည်ပါဝင်လာခဲ့ပြီး ယင်းဘဏ္ဍာရေးဝန်ကြီးသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ထိခိုက်မှုအများဆုံးဖြစ်ပေါ်ခဲ့သည့် ပြင်သစ်နိုင်ငံ၏ စီးပွားရေးကို ပြန်လည်ဦးမော့လာစေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန်လည်း မျှော်လင့်ထားသူဖြစ်သည်။

မက်ခရွန်သည် ဂေဟဗေဒပညာရှင်တစ်ဦးဖြစ်သည့် ဘာဘာရာပွမ်ပီလီကို သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ပြီး ဘာဘာရာပွမ်ပီလီသည် အိမ်ထောင်စုအများအပြား၏ စွမ်းအင်ချွေတာရေး တိုးမြှင့်လုပ်ဆောင်ရေးအတွက် စွမ်းအင်ကဏ္ဍနှင့် အိမ်ရာကဏ္ဍနှစ်ခုစလုံးကို လွှမ်းခြုံဆောင်ရွက်မည်ဖြစ်သည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

# တရုတ်နှင့် အာရပ်နိုင်ငံများက ကိုဗစ်-၁၉ ရောဂါ ပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီ

**ပေကျင်း ဇူလိုင် ၇**
တရုတ်နိုင်ငံနှင့် အာရပ်နိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါ ပူးပေါင်းတိုက်ဖျက်ရေး၊ နယ်ပယ်ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရေးနှင့် တရုတ်-အာရပ် အသိုက်အဝန်းတစ်ခု တည်ဆောက်ရာတွင် မျှော်မှန်းချက်အသစ်များ လက်ခံရရှိရေးတို့အတွက် ဇူလိုင် ၆ ရက်က သဘောတူညီခဲ့ကြောင်း သိရသည်။




အဆိုပါ သဘောတူညီချက်များသည် တရုတ်-အာရပ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ (၉) ကြိမ်မြောက် ဝန်ကြီးများအဆင့် အစည်းအဝေးတွင် သဘောတူညီခဲ့ခြင်းဖြစ်ပြီး ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခဲ့သည့် အဆိုပါအစည်းအဝေးကို တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဝမ်ယိနှင့် ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး ဆာဖာဒီတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးသို့ အာရပ်အဖွဲ့ချုပ်အတွင်းရေးမှူးချုပ် အာမက်အာဘောလ်ဂိတ် အပါအဝင် အာရပ်အဖွဲ့ချုပ်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် စည်းလုံးညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် တောင်းဆိုခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဆိုင်ရာအထောက်အပံ့များ ထောက်ပံ့ပေးရန်လည်း အာရပ်နိုင်ငံများနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် အာရပ်နိုင်ငံများ အကြားပြုလုပ်သည့် အစည်းအဝေးတွင် ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်တစ်ရပ်နှင့် တရုတ်-အာရပ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (၂၀၂၀-၂၀၂၂) အတွက် လုပ်ငန်းစီမံချက်တစ်ရပ်တို့ကို ထုတ်ပြန်ခဲ့ကြောင်းလည်း သိရသည်။
**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# တိုကျို၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာ တည်ထောင်သွားမည်ဟု မြို့တော်ဝန် ပြောကြား

**တိုကျို ဇူလိုင် ၇**
ပြန်လည်ရွေးကောက်ခံရသော တိုကျိုမြို့တော်ဝန် ကိုကီယူရီကိုက ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အချက်အလက်များကို တိုကျို ဒေသခံများသိရှိနိုင်ရန်အတွက် ရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာကို တည်ထောင်သွားမည်ဟု ပြောကြားသည်။

ဆန္ဒမဲ ၃ ဒသမ ၆၆ သန်းဖြင့် တိုကျိုဒေသဆိုင်ရာရွေးကောက်ပွဲကို အနိုင်ရခဲ့ပြီးနောက် သတင်းထောက်များအား ကိုကီက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်း ၎င်း၏ ပြုပြင်ဆောင်ရွက်ချက်များကို မဲဆန္ဒရှင်များက အသိအမှတ်ပြုခဲ့ကြောင်း၊ မိမိအနေဖြင့် တိုကျိုဒေသခံများအတွက် အရေးကြီးသော ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုကီက ပြောကြားသည်။

အမေရိကန်ရှိ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ကုသရေးဌာနကဲ့သို့သော အဖွဲ့အစည်းကို ဂျပန်တွင် ဖွဲ့စည်းနိုင်ရန်အတွက် ကိုကီက တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့သည်။

ယခုတည်ထောင်မည့် ရောဂါကာကွယ်ထိန်းချုပ်ရေးဌာနအနေဖြင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များ ဆေးရုံများနှင့် သုတေသနအဖွဲ့အစည်းများမှ ပေးပို့သော ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သတင်းအချက်အလက်များကို သုတေသနပြုပြီး ဒေသခံများအား သတင်းအချက်အလက်များ ပေးသွားမည်ဖြစ်သည်။ ယခုစင်တာအား ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်းအတွက် အသင့်ပြင်ထားနိုင်ရန် အမြန်တည်ထောင်သွားမည်ဟု ကိုကီက ပြောကြားသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**




# ဘင်္ဂလားဒေ့ရှ်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ၃၀၀၀ ကျော် ကူးစက်ခံရပြီး ၅၅ ဦးသေဆုံး

**ဒါကာ ဇူလိုင် ၇**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၂၇ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့သဖြင့် ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၆၈၆၄၅ ဦးရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ယနေ့ပြောကြားသည်။

ထို့အတူ ဇူလိုင် ၇ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၅၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၁၅၁ ဦးရှိလာကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ နာဆီမာဆူလ်တနာက အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ယနေ့ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၆ ရက်က တစ်ရက်အတွင်း လူ ၁၃၁၇၃ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၅၃ ဦး ရောဂါကင်းစင်ပြီး ဆေးရုံများနှင့် ဆေးပေးခန်းများမှ ထပ်မံပြန်ဆင်းခဲ့ကြရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၇၈၁၀၂ ဦး ရှိလာကြောင်း သိရသည်။

ဇူလိုင် ၂ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၁၉ ဦး တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ်လာခဲ့သည်။

ထို့အတူ ဇွန် ၃၀ ရက်က ကိုဗစ်-၁၉ ရောဂါကြောင့် ၆၄ ဦး သေဆုံးခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်ကတည်းက ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုနှုန်း အမြင့်မားဆုံးဖြစ်လာခဲ့ကြောင်း သိရသည်။
**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးဝန်ထမ်း ၃၀ ရာခိုင်နှုန်း စိတ်ကျဝေဒနာခံစားနေရ

**တိုကျို ဇူလိုင် ၇**
ဂျပန်နိုင်ငံတွင် ကောက်ယူခဲ့သော စစ်တမ်းတစ်ရပ်အရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေသည့် ကာလအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့် လူနာများအား ထိတွေ့ဆက်ဆံကာ ကျန်းမာရေးစောင့်ရှောက်မှုပေးနေရသည့် ကျန်းမာရေးဝန်ထမ်း ၃၀ ရာခိုင်နှုန်းနီးပါးသည် စိတ်ကျဝေဒနာဖြစ်ခဲ့ကြသည်ဟု ဆိုသည်။

ဂျပန်နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုဖြစ်ပွားခဲ့သည့် ဧပြီလမှ မေလအတွင်း ဂျပန်ကြက်ခြေနီ ဆေးဘက်ဆိုင်ရာဌာနဆေးရုံမှ ယင်းစစ်တမ်းကို ကောက်ယူခဲ့ခြင်းဖြစ်ပြီး ယင်းဆေးရုံမှ ဆရာဝန်များ သူနာပြုများနှင့် ရုံးဝန်ထမ်းဦးရေ ၈၅၀ ခန့်က တုံ့ပြန်ကြေညာခဲ့ကြသည်။

ယင်းပြောကြားချက်များအရ ဝန်ထမ်း စုစုပေါင်း၏ ၂၇ ဒသမ ၉ ရာခိုင်နှုန်းသို့မဟုတ် ကျန်းမာရေးဝန်ထမ်းဦးရေ ၂၃၇ ဦးသည် စိတ်ကျဝေဒနာ ခံစားခဲ့ရကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

အဆိုပါဆေးရုံတွင် လွန်ခဲ့သည့် လကုန်ပိုင်းအထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသည်ဟု သံသယရှိသူများ အပါအဝင် လူနာ ၂၁၀ ဦးအား လက်ခံထားခဲ့ပြီး နောက်ပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ် ပိုးကူးစက်ခံရသည့် အတည်ပြုလူနာ ၇၆ ဦး ရှိခဲ့သည်။

စစ်တမ်းကောက်ယူမှုတွင် ပါဝင်သည့် ဆရာဝန်တစ်ဦးဖြစ်သူ အီဇုမိုတာကေဟီရိုက ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်၍ မသိရှိသေးသော အကြောင်းအရာများစွာရှိကြောင်း ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ထမ်းများကိုယ်တိုင် ကူးစက်ခံထားရကြောင်း လုံးဝမသိရှိဘဲ လူနာများနှင့် ၎င်းတို့၏ မိသားစုဝင်များထံ ကူးစက်မှုဖြစ်ပေါ်စေတာမျိုးလည်း ဖြစ်နိုင်ခြေရှိသည်ဟု ၎င်းက ပြောကြားသည်။

ကျန်းမာရေးဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာအခြေအနေများ၏ နောက်ကွယ်၌ ယခုကဲ့သို့သော အချက်အလက်များ ရှိကောင်းရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - ဇော်ဝင်း**

# နီပေါနိုင်ငံရှိ မီလာချီသောက်သုံးရေစီမံကိန်း ပြန်လည်စတင်

**ခတ္တမန္ဒူ ဇူလိုင် ၇**
နီပေါနိုင်ငံ ခတ္တမန္ဒူရှိ မီလာချီသောက်သုံးရေထောက်ပံ့ရေးစီမံကိန်းမှာ ဆယ်စုနှစ် နှစ်ခုကြာ လုပ်ငန်းရပ်ဆိုင်းခဲ့ရာမှ တရုတ်ဆိုင်နိုဟိုက်ဒရိုကော်ပိုရေးရှင်း၏ ထောက်ပံ့ကူညီမှုဖြင့် လုပ်ငန်းပြန်လည်ဆောင်ရွက်နေပြီဖြစ်သည်။

တည်ဆောက်ပြီးစီးခဲ့သော ဥမင်လိုဏ်ခေါင်းသည် ၂၇ ကီလိုမီတာ ရှည်လျားပြီး ဇူလိုင် ၅ ရက်က အဆိုပါလိုဏ်ခေါင်းအတွင်း ရေယိုစိမ့်မှုရှိ/မရှိ သိရှိနိုင်ရန် ရေစတင်လွှတ်ပေးခဲ့ကြောင်း နီပေါနိုင်ငံ ရေထောက်ပံ့ရေးဝန်ကြီးဌာနမှ ပြောကြားသည်။ နီပေါအစိုးရသည် ၎င်းရေထောက်ပံ့ရေးစီမံကိန်းအတွက် ပြီးခဲ့သောနှစ်အတွင်းက အီတလီနိုင်ငံမှ ကုမ္ပဏီနှင့် လုပ်ငန်းဆောင်ရွက်ခဲ့ရာ လုပ်ငန်းစွမ်းဆောင်ရည် လိုအပ်ချက်ကြောင့် ကန်ထရိုက်ရုပ်သိမ်းခဲ့သည်။ နီပေါတာဝန်ရှိသူများက ပြောကြားရာတွင် ယခု ဆောင်ရွက်ပြီးစီးခဲ့သော သောက်သုံးရေစီမံကိန်းသည် တစ်နေ့လျှင် ရေလီတာ သန်း ၁၇၀ ကို ဖြည့်တင်းပေးမည်ဖြစ်ကြောင်း သိရသည်။
**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# မြန်မာအမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော်   ဇူလိုင်   ၇**

မြန်မာအမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက် တံမြက်စည်းစုနေ ဒေါ်ဌေးဌေးဦး(ခ)ဒေါ်တောနှင့် မခင်သက်နွယ်(ခ)မိနက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ကားဝင်းအနီးနေ မအားပန်(တိမ်းရှောင်)တို့သည် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နေ မ---၊ ၂၆ နှစ်နှင့် မ---၊ ၂၃ နှစ်၊ ချမ်းအေးသာစံမြို့နယ်နေ မ---၊ ၂၅ နှစ် တို့အား တရုတ်အမျိုးသားနှင့်လက်ထပ်ပြီး ကလေးမွေးပေးရမည်၊ ကျပ်သိန်း ၆၀ ရမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့မှုအတွက် မဟာအောင်မြေမြို့နယ် အမှတ်(၉)မြို့မရဲစခန်း (ပ)၈၆၁/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုဖွင့်ခဲ့ပြီး မန္တလေးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၃ ရက်တွင် ဒေါ်ဌေးဌေးဦး(ခ)ဒေါ်တောနှင့် မခင်သက်နွယ်(ခ)မိနက် တို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံအား တရားခံပြေး ကြေညာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေဘို-မြစ်ကြီးနားကားလမ်း၌ ကားနှင့်ဆိုင်ကယ် တိုက်မိရာမှ ဆိုင်ကယ်မောင်းသူ သေဆုံး

**ကသာ   ဇူလိုင်   ၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် ယမန်နေ့ ညနေ ၆ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာ ရွှေဘို-မြစ်ကြီးနားကားလမ်း စိန်ရွှေနန်း ဆီပန့်ဆိုင်ရှေ့တွင် ယမန်နေ့ ညနေ ၆ နာရီခွဲခန့်က မန္တလေးမှ မြစ်ကြီးနားသို့ နော်မိုင် မောင်းနှင်သော ယာဉ်အား အင်းတော်မှ ပြည့်ထွန်း မောင်းနှင်ပြီး မောင်စီ လိုက်ပါလာသော ဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိရာ ပြည့်ထွန်းတွင် ဒဏ်ရာများရရှိပြီး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည့်ထွန်းအား အင်းတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အေးမြသက်ထား**



မုန်ဆန်၊ ရှုရှယ်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# မိုးညှင်း၊ ကျောက်ဆည်နှင့် နမ့်ခမ်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော်   ဇူလိုင်   ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ည ၇ နာရီခန့်က မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာ ရွှေဘို-မြစ်ကြီးနားသွားကားလမ်း ဆီဆိုင်ရှေ့တွင် ယုယကျော် မောင်းနှင်ပြီး ထက်ထက်ဝင်း လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၈၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၅ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကျောက်ဆည်မြို့နယ် တမံတလင်းကျေးရွာ ရန်ကုန်-မန္တလေးသွားကားလမ်းဟောင်းဘေးရှိ စားသောက်ဆိုင်တွင် ရာဇာထွန်းနှင့် မြင့်ဦးတို့အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ ဆိုင်ကယ် နှစ်စီးနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နမ့်ခမ်းမြို့နယ် ကုန်းဆာကျေးရွာအနီး မူဆယ်-နမ့်ခမ်းသွားကားလမ်းတွင် မုန်ဆန် မောင်းနှင်လာသည့် ယာဉ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၉၅ ကီလို၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နမ့်ခမ်းမြို့ မိုခမ်းရပ်ကွက်ရှိ ဖုန်းဆိုင်ရှေ့တွင် ရှုရှယ် အားဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြင်းမူမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွားရာ ၁၃ ဦး ဒဏ်ရာရရှိ

**မြင်းမူ   ဇူလိုင်   ၇**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာအနီး ကားလမ်းမိုင်တိုင်အမှတ် (၅၂/၀)နှင့်(၅၂/၁)ကြားတွင် ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မုံရွာမှ မန္တလေးသို့ ဟန်ဇော်ဦး မောင်းနှင်လာပြီး ခရီးသည် ခုနစ်ဦး လိုက်ပါလာသည့် Suzuki ယာဉ်သည် တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိသွားကာ မုံရွာသို့ ဖြိုးဆွေဟိန်း မောင်းနှင်ပြီး လေးဦးလိုက်ပါလာသည့် Honda Fit ယာဉ်အား ဝင်တိုက်မိကာ မြောင်-မန္တလေးခရီးသည်တင်မှန်လုံယာဉ်အား ထပ်မံတိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် Suzuki ယာဉ်ပေါ်ပါ ခရီးသည်ရှစ်ဦးနှင့် Honda Fit ပေါ် လိုက်ပါလာသူ ငါးဦး စုစုပေါင်း ၁၃ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုနှင့် ပတ်သက်၍ ဟန်ဇော်ဦးအား မြင်းမူရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**



# တာရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော်   ဇူလိုင်   ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၃၄ စီး၊ သွင်းကုန် ၄၆၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၂၁ သန်းတန်ဖိုးရှိ) တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ သိုဝှက်သယ်ဆောင်လာသည့် ခဲသတ္တုအမှုန့်အိတ် (1x50 Kg ) – 103 Bags နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်တစ်စီးအား သိမ်းဆည်းရမိကြောင်း သိရသည်။

**သတင်းစဉ်**

# တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ




# အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များအား အရေးယူ

**နေပြည်တော်   ဇူလိုင်   ၇**

အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၅ ရက် ညနေ ၅ နာရီမှ ဇူလိုင် ၆ ရက် ညနေ ၅ နာရီထိ ယာဉ်စည်းကမ်း စစ်ဆေးခြင်းများ ဆောင်ရွက်စဉ် ရန်ကုန်-မန္တလေးအမြန်လမ်း ဖြူးမြို့နယ် ဖြူးတိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ကိုးစီး၊ နေပြည်တော်တိုးဂိတ်၌ မော်တော်ယာဉ် ၁၆ စီး၊ စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် တစ်စီး စုစုပေါင်း ၂၆ စီး ဖမ်းဆီးရမိခဲ့သဖြင့် သက်ဆိုင်ရာ ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ -၁၄ ပါ "ဘူးသီးတောင်-မောင်တောဒေသ၌ AA အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ချွတ်ပြင်ကျေးရွာနှင့် မောင်နုကျေးရွာဖြစ်စဉ်များအပေါ် အထူးစုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်းဆောင်ရွက်မည်" သတင်း၌ **AA အကြမ်းဖက်သမားများ၏** အစား **ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ဆန်းသစ် တီထွင်



ယခုအခြေအနေတွင် စိန်ခေါ်မှု ကြီးသည်နှင့်အမျှ စဉ်းစားစရာများလည်း များလာပါကြောင်း၊ လိုအပ်ချက်သည် တီထွင်ခြင်း၏ မိခင်ဖြစ်သည်ဆိုသည့် စကားအရ လိုအပ်လာသည့်အခါ ဆန်းသစ်တီထွင်နိုင်သည့် မိမိတို့ဦးနှောက်မှ ပို၍ အလုပ်လုပ်လာပါကြောင်း၊ ဆန်းသစ်ရမည်၊ တီထွင်ရမည်၊ ရှိပြီးသားအရင်းအမြစ်များကို မည်သို့ပိုပြီး တန်ဖိုးရှိအောင် မိမိအတွက်၊ ကမ္ဘာအတွက်ပါ စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးတွင် ကိုယ့်နိုင်ငံထီးထီးကြီးရှိသည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် တချို့နိုင်ငံများ၌ ယခုအချိန်တွင် စားသောက်ကုန်ပစ္စည်းတစ်ခု လိုအပ်လာလျှင် မူအရ ရောင်းနိုင်မည်ဆိုပါက ရောင်းရမည်ဖြစ်ပါကြောင်း၊ ကိုယ်ပေးနိုင်သလောက် ရောင်းနိုင်သလောက် ရောင်းရမည်ဖြစ်ပါကြောင်း၊ သူတစ်ပါး ဒုက္ခရောက်ချိန်၊ အခက်အခဲဖြစ်နေချိန်တွင် ပံ့ပိုးကူညီရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ကူညီမှုသည် လူသားချင်းစာနာထောက်ထားမှုလည်းဖြစ်သလို ကမ္ဘာ့လူသားများကြားတွင် ဆက်ဆံရေးအတွက်လည်း ကောင်းပါကြောင်း၊ နောင်ရေရှည်တွင်လည်း ကံ၊ ကံ၏ အကျိုးအတိုင်း မိမိ၏ စေတနာသည် ပြန်အကျိုးပေးမည်ဟု ယုံကြည်ပါကြောင်း။

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၃-၆-၂၀၂၀ ရက်နေ့တွင် COVID -19 နှင့် ကုန်သွယ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၇-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၄၀၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၄၉) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၁၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၂၆) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၈၈) ခု

စုစုပေါင်း (၁,၁၇၈)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၁၆) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ် ဆက်တိုက် စုစုပေါင်း (၂၄၅) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၃၁) ဦးအား ဆေးရုံမှဆင်းခွင့် ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှု လျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၆-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၇-၇-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၄) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၇-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၀၃) ခု |
| (၇-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၄၉) ခု |
| (၇-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁၂) ခု |
| (၇-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၆) ခု |
| (၇-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၁၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၂၄၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၇-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၆-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၉၂)ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့ သော ဓာတ်ခွဲနမူနာ (၁၃၆) ခု၊

စုစုပေါင်းဓာတ်ခွဲနမူနာ (၃၂၈) ခုတွင် -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၆-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၈၄၆) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၈၂) ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃၉၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၂၈) ခု၊

စုစုပေါင်း (၁,၆၅၄) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃) ဦးတွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦးတွေ့ရှိကြောင်းကို (၆-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၇-၇-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၃၁၆) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၇-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၆-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၉၂) ခု |
| (၆-၇-၂၀၂၀) ရက်နေ့အတွက် ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၃၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID-19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ( ၆ )ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် -


**COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၆-၇-၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း | ၂၀၀.၀၀ |
| ၂။ | မြန်မာနိုင်ငံ မော်တော်ဆိုင်ကယ် တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသူများအသင်း | ၁၀၄.၀၀ |
| ၃။ | မြန်မာနိုင်ငံတော် ဗဟိုဘဏ် အရာထမ်း၊ အမှုထမ်းများ | ၁၀၀.၀၀ |
| ၄။ | Burmese Community Development Collaboration (Sydney, BCDC) | ၁၀၀.၀၀ |
| ၅။ | RIT 85-94 FD & Friend | ၁၀၀.၀၀ |
| ၆။ | တိရစ္ဆာန်များ ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ | ၁၀၀.၀၀ |
| ၇။ | မြန်မာ့အဏ္ဏဝါသိပ္ပံအသင်း | ၅၀.၀၀ |
| ၈။ | ဝဏ္ဏကျော်ထင် ဦးဦးထွန်း၊ အသက် (၁၀၀)ပြည့်မွေးနေ့အလှူ ဗဟန်း | ၅.၀၀ |
| ၉။ | ဦးဆန်းကြည်၊ (၇၁)နှစ်ပြည့်မွေးနေ့အလှူ ကမာရွတ် | ၅.၀၀ |
| ၁၀။ | ဦးစိုးဝေ(လ/ထညွှန်မှူး)-ဒေါ်ဘေဘီသန်း (ဒုညွှန်မှူး၊ ငြိမ်း) | ၅.၀၀ |
| ၁၁။ | ဗိုလ်ကြီးခင်မောင်လွင်(လေ၊ငြိမ်း)-ဒေါ်လှမြင့်၊ရွှေပေါက်ကံ | ၁.၀၀ |
| ၁၂။ | ဒေါ်ကြင်မြိုင်၊ မြောက်ဥက္ကလာပ | ၁.၀၀ |
| ၁၃။ | ဒေါ်မာလာသိင်္ဂီ၊ မြောက်ဥက္ကလာပ | ၁.၀၀ |
| ၁၄။ | ဦးလှသိန်း-ဒေါ်စန်းစန်းငွေ၊ မရမ်းကုန်း | ၁.၀၀ |
| | စုစုပေါင်း | ၇၇၃.၀၀ |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ**

## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



**ရန်ကုန် ဇူလိုင် ၇**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသား ၄၅ ဦး၊ ဂျာမနီနိုင်ငံမှ တစ်ဦး၊ နော်ဝေနိုင်ငံမှ တစ်ဦး၊ ဆော်ဒီအာရေဗျနိုင်ငံမှ တစ်ဦး၊ ရုရှားနိုင်ငံမှ တစ်ဦး၊ ဩစတြီးယားနိုင်ငံမှ နှစ်ဦး၊ နယ်သာလန်နိုင်ငံမှ နှစ်ဦး၊ ဆွစ်ဇာလန်နိုင်ငံမှ သုံးဦး၊ ဂရိနိုင်ငံမှ လေးဦး၊ ဗြိတိန်နိုင်ငံမှ ငါးဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ၁၀ ဦး၊ ပြင်သစ်နှင့် စပိန်နိုင်ငံတို့မှ ၁၀ ဦးနှင့် အမေရိကန်ပြည်ထောင်စုမှ ၃၀ စုစုပေါင်း ၁၁၅ ဦးတို့အား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Myanmar Airways International-MAI ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသား စုစုပေါင်း ၆၉၃၄ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## နောင်မွန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ကိုဗစ်-၁၉ ကာလအတွင်း လှူဒါန်းမှုများပြုလုပ်

**လားရှိုး ဇူလိုင် ၇**

ရှမ်းပြည်နယ် လားရှိုးမြို့နယ် နောင်မွန်နယ်မြေရဲစခန်းမှ ရဲအုပ်အောင်သူရဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကိုဗစ်ကာလအတွင်း ဆွမ်းခံရန် အခက်အခဲဖြစ်လျက်ရှိသည့် သီရိရတနာသီလရှင်စာသင်တိုက်သို့ သွားရောက်၍ ဆွမ်းဆန်၊ ဆီ၊ ကြက်ဥနှင့် အလှူငွေများအား လှူဒါန်းခဲ့သည်။

**ရဲပြန်ကြား**

**COVID- 19 ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## အင်းစိန်မြို့နယ်၌ လူမှုရေးပရဟိတအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

**ရန်ကုန် ဇူလိုင် ၇**

အင်းစိန်မြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီခဲ့ကြသည့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်ရှိ အင်းစိန်ဂျီတီအိုင် စားရိပ်သာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အင်းစိန်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသာအောင်၊ ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ဌာနဆိုင်ရာများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အတွင်းရှိ လူမှုရေးပရဟိတအသင်းအဖွဲ့များ We Love Insein Volunteer Team စေတနာ့ဝန်ထမ်းအဖွဲ့များ တက်ရောက်ကြသည်။



အခမ်းအနားတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့က ပေးအပ်သော ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက လူမှုရေးပရဟိတအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများအား ပေးအပ်ချီးမြှင့်ခဲ့သည်။

**မြင့်ဦး**

## ကိုဗစ်-၁၉ Call Center အချိန်ပြောင်းလဲ ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဇူလိုင် ၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ (၄)ခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃)ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း (၆၀)ဖြင့် ဖွင့်လှစ်ထားရှိခဲ့သည်။

ယခုအခါတွင် COVID-19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ(အစား) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ် - ၁၉ ထုတ်ပြန်ချက်နှင့် သတင်း



## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၈၅၆၈၉ | ၃၁၆ |

| ရောဂါပိုးကင်းစင်သူ | သေဆုံးသူ |
|---|---|
| ၂၄၅ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - [illegible]

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၃၁ ဦး ( [illegible] )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇယားပြ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၄၆ | ၅ |
| ၂ | ရခိုင် | ၁၂ | |
| ၃ | ချင်း | ၁၀ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(အရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| စုစုပေါင်း | | ၃၁၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၇-၇-၂၀၂၀ ရက် ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၃၀၄၁၉၅၀ | ၁၃၂၅၆၂၀ | ၁၃၃၀၄၁ |
| ဘရာဇီး | ၁၆၂၈၂၈၃ | ၁၀၇၂၂၂၉ | ၆၅၆၃၁ |
| အိန္ဒိယ | ၇၂၃၁၉၅ | ၄၄၁၇၃၃ | ၂၀၂၀၁ |
| ရုရှား | ၆၉၄၂၃၀ | ၄၆၃၈၈၀ | ၁၀၄၉၄ |
| ပီရူး | ၃၀၅၇၀၃ | ၁၉၇၆၁၉ | ၁၀၇၇၂ |
| စပိန် | ၂၉၈၅၅၇ | စိစစ်ဆဲ | ၂၈၃၈၈ |
| ချီလီ | ၂၉၈၅၅၇ | ၂၆၄၃၇၁ | ၆၃၈၄ |
| ဗြိတိန် | ၂၈၅၇၆၈ | စိစစ်ဆဲ | ၄၄၂၃၆ |
| မက္ကဆီကို | ၂၆၁၇၅၀ | ၁၅၉၆၅၇ | ၃၁၁၁၉ |
| အီတလီ | ၂၄၁၆၈၈ | ၂၀၇၀၀၀ | ၁၁၉၃၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၆၆၂၂၆ | ၃၀၇၈၅ | ၃၃၀၉ |
| စင်ကာပူ | ၄၅၁၄၀ | ၄၀၇၁၇ | ၂၆ |
| ဖိလစ်ပိုင် | ၄၇၈၇၃ | ၁၂၃၈၆ | ၁၃၀၉ |
| မလေးရှား | ၈၆၇၄ | ၈၄၈၁ | ၁၂၁ |
| ထိုင်း | ၃၁၉၅ | ၃၀၇၂ | ၅၈ |
| ဗီယက်နမ် | ၃၆၉ | ၃၄၁ | ၀ |
| မြန်မာ | ၃၁၆ | ၂၄၅ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၄၁ | ၁၃၁ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## ရှမ်းပြည်နယ်( မြောက်ပိုင်း )နယ်စပ်ဂိတ်များမှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် မီးရထားခရီးစဉ်ဖြင့် ပို့ဆောင်



လားရှိုး ဇူလိုင် ၇

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မူဆယ်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှ တစ်ဆင့် နေ့စဉ်ဝင်ရောက်လျက်ရှိရာ အဆိုပါနေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် မီးရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မေ ၆ ရက်မှစတင်ပြီး စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။ လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားခရီးစဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် နေရပ်ပြန်ပြည်သူ အမျိုးသား ၇၂ ဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၉၈ ဦးတို့အား စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါနေရပ်ပြန်ပြည်သူ ၉၈ ဦးတို့တွင် ကချင်ပြည်နယ်မှ လေးဦး၊ ချင်းပြည်နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၈ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ နှစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၃ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၁ ဦး၊ နေပြည်တော်မှ ခြောက်ဦး၊ ရခိုင်ပြည်နယ်မှ ခုနစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ လေးဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ နှစ်ဦးတို့ဖြစ်ကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ လွှဲပြောင်းပို့ဆောင်ပေးရာတွင် မေ ၆ ရက်မှ ဇူလိုင် ၇ ရက်အထိ အမျိုးသား ၇၅၅၄ ဦး၊ အမျိုးသမီး ၄၇၀၄ ဦး စုစုပေါင်း ၁၂၂၅၈ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရွှေပြည်သာမြို့နယ် ဖျားနာကုအခမဲ့ဆေးခန်း၌ တီဘီရောဂါရှိ၊ မရှိ စစ်ဆေးပေးလျက်ရှိ

ရန်ကုန် ဇူလိုင် ၇

တီဘီရောဂါသံသယလူနာများကို Portable Digital X Ray ရွေ့လျားဓာတ်မှန်စက်ကြီးများဖြင့် တီဘီရောဂါရှိ၊ မရှိ အခမဲ့စစ်ဆေးပေးခြင်းအစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ် ဖျားနာကုအခမဲ့ဆေးခန်း၌ Mobile Team အဖွဲ့က လာရောက်ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို ဇူလိုင် ၁ ရက်မှစတင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသော ဖျားနာကုအခမဲ့ဆေးခန်းများ၌ တစ်ပတ်လျှင် တစ်ရက်နှုန်း အလှည့်ကျဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရွှေပြည်သာမြို့နယ် ဖျားနာကုအခမဲ့ဆေးခန်း၌ အလှည့်ကျ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဖျားနာကုအခမဲ့ဆေးခန်းများနှင့်ပူးပေါင်း၍ ပြည်ကြီးခင်လူမှုရေးအဖွဲ့အစည်း(PGK)တို့က တီဘီရောဂါရှာဖွေရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး တီဘီဌာနမှ တီဘီဆရာဝန်တစ်ဦး၊ ဓာတ်မှန်ကျွမ်းကျင်တစ်ဦးနှင့် ဓာတ်မှန်အကူတစ်ဦးတို့ပါဝင်သည့် Mobile Team အဖွဲ့က ဖျားနာကုအခမဲ့ဆေးခန်းများသို့လာရောက်သောလူနာများအနက်မှ တီဘီသံသယလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်းဖြစ်သည်။

တီဘီရောဂါနှင့်ပတ်သက်၍ ဓာတ်မှန်ရိုက်အခမဲ့စစ်ဆေးပေးမှုကို ဖျားနာကုဆေးခန်းများသို့ လာရောက်ပြသသည့် လူနာများအတွက်သာမက အဆိုပါမြို့နယ်အတွင်းရှိ ဆေးခန်းများမှ တီဘီရောဂါသံသယရှိသူ လူနာများအား ဓာတ်မှန်ရိုက်ရန် လွှဲပေးပါကလည်း အခမဲ့ဓာတ်မှန်ရိုက်ပေးသွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် ဖျားနာကုဆေးခန်းများ၌ သွေးတိုး၊ ဆီးချိုရောဂါများကိုပါ အသက်အရွယ်အလိုက် ရောဂါအခြေအနေအပေါ်မူတည်ပြီး ကြည့်ရှုကုသပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ဒေါက်တာသစ်လွင်၏ ပြောပြချက်အရ သိရသည်။

အေးမင်းသူ



## ရပ်စောက်မြို့ ဗထူးစမ်းနှင့် အင်းခေါင်းကန်အတွင်း ငါးမျိုးစိုက်ထည့်

**တောင်ကြီး ဇူလိုင် ၇**
ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ဗထူးတပ်အတွင်းရှိ ဗထူးစမ်းနှင့် အင်းခေါင်းကန်တို့၌ ဇူလိုင် ၅ ရက် နံနက်ပိုင်းက ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ဗထူးတပ်နယ်မှူးနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဗထူးစမ်းအတွင်း ငါးမြစ်ချင်း ၂၀၀၀၀၊ ရွှေငါး ၂၀၀၀၀၊ မြက်စားငါး ၂၀၀၀၀ စိုက်ထည့်ပေးပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ဗထူးတပ်အတွင်းရှိ တပ်မတော်ကြည်း (တိုက်ခိုက်ရေးကျောင်း)၊ တပ်မတော်ကြည်း (အတိုက်သင်တန်းကျောင်း၊ ဗထူး)၊ အမှတ်(၁) ဘင်ခရာနှင့် အကြပ်ကြီးသင်ကျောင်း၊ အမှတ်(၁) တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးကျောင်း၊ အမှတ်(၅၇၇) ခြေမြန်တပ်ရင်း၊ အမှတ်(၅၈၉) ခြေမြန်တပ်ရင်း၊ အမှတ်(၄) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)၊ အမှတ်(၅) အလုပ်ရုံတပ်စု (လျှပ်/စစ်)တို့အတွက် အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများသည် ရပ်စောက်မြို့ အင်းခေါင်းကန်အတွင်း ငါးမြစ်ချင်း ၃၀၀၀၀၊ ရွှေငါး ၃၀၀၀၀၊ မြက်စားငါး ၃၀၀၀၀ ငါးမျိုးစိုက်ထည့်ခဲ့သည်။ ထို့နောက် တောင်ကွက်သစ်ရပ်ကွက် ကမ္ဘဋ္ဌာန်းကျောင်း၌ အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိမှုကို သွားရောက်ကြည့်ရှုပြီး တာဝန်ကျ ဆရာဝန်၊ ဆရာမများအား ပြည်နယ်ဝန်ကြီးက အလှူငွေကျပ် ငါးသိန်း၊ ပြည်နယ်ကျေးလက်ဦးစီးဌာန ပြည်နယ်မှူးက အလှူငွေကျပ် ငါးသိန်းနှင့် ဆရာဝန်၊ ဆရာ ဆရာမများ လိုအပ်သည့်နေရာတွင် အသုံးပြုရန် အလှူငွေကျပ် နှစ်သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပညာရေးဝန်ကြီးဌာန “၂၀၂၀-၂၀၂၁ ပညာသင်နှစ်” မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်းကြောင့်လည်းကောင်း၊ ကျောင်းအပ်နှံနှုန်းမြင့်မားလာခြင်းကြောင့်လည်းကောင်း၊ ထပ်ကျော့ ကျောင်းအပ်နှံခြင်းကြောင့်လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို လုံလောက်စွာ ဖြန့်ဝေပေးလိုပါသဖြင့် မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ မိဘများအနေဖြင့် မိမိသားသမီးအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်မှန်ရေးနှင့် အိမ်စာမှန်မှန်လုပ်ဆောင်ရေးအတွက် မိဘများက ကြီးကြပ်၍ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်း (၄)ကြိမ် စစ်ဆေးမည်ဖြစ်ပြီး နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၂၁ ခုနှစ်၊ မတ်လတွင် လည်းကောင်း၊ သက်ဆိုင်ရာ အတန်းအလိုက် စစ်ဆေးအကဲဖြတ်ခြင်းပြုလုပ်ပြီးလျှင် ဖြည့်ဆည်းသင်ကြားပေးခြင်းကို နှစ်ဆုံး စစ်ဆေးခြင်းမတိုင်မီအထိလည်းကောင်း ဆောင်ရွက်မည်ဖြစ်သဖြင့် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး မိမိသား၊ သမီးများကို တိုက်တွန်းအားပေးပါရန်။
- ❖ မိဘဆရာအသင်းနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများကပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်နှင့် မှုဝေခြင်းဆိုင်ရာအစီအစဉ်တွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရေးကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ (TV,Video,Phone,Computer) ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ပါးစပ်နှင့်နှာခေါင်းစည်း(mask)နှင့် မျက်နှာအကာ (Face Shield) များကို ကျောင်းသား၊ ကျောင်းသူများ ညွှန်ကြားချက်များအတိုင်း စနစ်တကျတပ်ဆင်ပြီး သင်ယူနိုင်ရေးပူးပေါင်းကူညီရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ လက်ကိုရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် လိုအပ်သည့်အခါတိုင်း စနစ်တကျ မကြာခဏ ဆေးကြောရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများ မကိုင်ရေးအတွက် ပူးပေါင်းကူညီရန်။ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာစေဘဲ နီးစပ်ရာ ကျန်းမာရေး ဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။

မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe.edu.mm သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

## ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၄၀ ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇူလိုင် ၇**
တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက နေရပ်ပြန်ပြည်သူ ၂၃ ဦးနှင့် ယနေ့မွန်းလွဲ ၂ နာရီက ၁၇ ဦး စုစုပေါင်း ၄၀ ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၄၀ တို့မှာ အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၁၇ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ငါးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ခြောက်ဦး၊ မကွေးတိုင်းဒေသကြီးမှ နှစ်ဦး၊ နေပြည်တော်မှ နှစ်ဦးနှင့် ရှမ်းပြည်နယ်မှ ၂၃ ဦးတို့ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၁၅၆ ဦးနှင့် အမျိုးသမီး ၅၇၅၂ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၂၉၀၈ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ဇင်ဇင်(ပြန်/ဆက်)**



## ကျိုက်ထိုမြို့နယ်၌ Cash For Work စီမံကိန်းမိတ်ဆက်ရှင်းလင်း

**ကျိုက်ထို ဇူလိုင် ၇**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝထိခိုက်မှုများကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် Cash For Work စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကဒိုင်ဒွတ်ကျေးရွာအုပ်စု ဆောင်နိုင်ကြီးကျေးရွာ၌ Cash For Work စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက Cash For Work စီမံကိန်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရသည့် အကြောင်းရင်းများ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျေးရွာကော်မတီဝင် ခုနစ်ဦး ရွေးချယ်ခဲ့သည်။

အဆိုပါ Cash For Work စီမံကိန်းသည် ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် သတ်မှတ်ချက်နှင့်ကိုက်ညီသော ကျေးရွာ၏ လိုအပ်ချက်များကို ကျေးရွာလူထုကိုယ်တိုင် ရွေးချယ်ဖော်ထုတ်ကာ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်စေပြီး ကိုဗစ်-၁၉ ကာလအတွင်း ဝင်ငွေနည်း ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းဖြင့် ချက်ချင်းဝင်ငွေရရှိစေရန်နှင့် ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



## ညောင်ရွှေမြို့နယ်သမဝါယမအသင်းစုက စိုက်ပျိုးရေးသွင်းအားစုနှင့် ဆန်များရောင်းချ

**ညောင်ရွှေ ဇူလိုင် ၇**
ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်သမဝါယမ အသင်းစုက အသင်းသားတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရန်အတွက် စိုက်ပျိုးရေးအထောက်အကူပြုသွင်းအားစုပစ္စည်းများနှင့် ဆန်များ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးမျိုးစုံကို အခြေခံသမဝါယမအသင်း ၄၀ မှ အသင်းသားတောင်သူ ၅၅၀ သို့ သီးနှံပေါ်ပေးစနစ်ဖြင့်လည်းကောင်း၊ စားသောက်ကုန်ဖြစ်သည့် ဆန်ဖြန့်ဖြူးခြင်းလုပ်ငန်းကိုလည်း အဟောင်းပေး အသစ်ယူစနစ်ဖြင့် ရွှေရတနာဆန် တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀ နှုန်းနှင့် မြရတနာပေါ်ဆန်းမွှေးတစ်အိတ်လျှင် ငွေကျပ် ၄၉၀၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ တစ်လလျှင် ဆန်လတ်အိတ် ၄၀၀ နှင့် ပေါ်ဆန်းမွှေး အိတ် ၃၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၅၅ သိန်းဖိုးခန့် ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ

(ယမန်နေ့မှအဆက်)

**ယခင်မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမှ စိစစ်ဖြေရှင်းရာ၌ နေရပ်လိပ်စာ ရှာဖွေဆက်သွယ်မရခဲ့သည့် တိုင်ကြားသူများ၏အမှုတွဲစာရင်း**

**ရန်ကုန်တိုင်းဒေသကြီး**

| စဉ် | အမည် | တိုင်ကြားစာပါဖော်ပြနေရပ်လိပ်စာ |
|---|---|---|
| ၈၁ | ဦးမင်းကျော် | အနော်ရထာလမ်း၊(၂၅)လမ်းထောင့်၊ပန်းဘဲတန်း |
| ၈၂ | ဦးဝင်းရွှေ | မြောက်ပိုင်းရပ်ကွက် ၊မင်္ဂလာဒုံ |
| ၈၃ | ဒေါ်စိန်းအေး | ပေါက်ကုန်းရပ်ကွက် ၊ မင်္ဂလာဒုံ |
| ၈၄ | ဦးကြီးရှိန် | ရွှေနံ့သာကျေးရွာ၊ မင်္ဂလာဒုံ |
| ၈၅ | ဒေါ်မာလာလှိုင် | (၂၁၂)၊ (၇လွှာ)၊ (၃၁)လမ်း၊ပန်းဘဲတန်း |
| ၈၆ | ဒေါ်သန်းသန်း | သစ်ဆိမ့်ကုန်းကျေးရွာ၊ မင်္ဂလာဒုံ |
| ၈၇ | ဦးမောင်ဝင်း | (၇၆)အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့် |
| ၈၈ | ဦးစိုင်းထွန်းလှိုင် | (၂၄၈)၊ပေါလျှံ(၃)ဈေးလမ်း၊ဝိန်းကျောက်ရပ်ကွက်၊တာချီလိတ် |
| ၈၉ | ဒေါ်သီတာလွင် | ထောက်ကြန့်ရွာမရပ်ကွက်၊ မင်္ဂလာဒုံ |
| ၉၀ | ဦးစိန်လင်း | (၈)ရပ်ကွက်၊ ရွှေပြည်သာ |
| ၉၁ | ဦးရွှေအုပ်ပါတောင်သူ(၅)ဦး | စက်မှုဇုန်အပိုင်း ( ၁၊ ၂ )၊ ရွှေပြည်သာ |
| ၉၂ | ဦးအောင်ကြည် | (၁)ရပ်ကွက် ၊ရွှေပြည်သာ |
| ၉၃ | ဦးသိန်းညွန့်ပါ တောင်သူများ | ရေဥက္ကံကျေးရွာ ၊ လှိုင်သာယာ |
| ၉၄ | ဦးဝါဝင်းပါ (၁၂)ဦး | အတွင်းပဒံ ကျေးရွာ ၊လှိုင်သာယာ |
| ၉၅ | ဦးမောင်မောင် | (၈)ရပ်ကွက်၊ လှိုင်သာယာ |
| ၉၆ | ဦးကျော်ဝင်း | ရွှေလင်ပန်းကျေးရွာ၊ လှိုင်သာယာ |
| ၉၇ | ဒေါ်သန်းသန်းချို | ရွှေလင်ပန်းကျေးရွာ၊ လှိုင်သာယာ |
| ၉၈ | ဦးကံသာပါ ( ၆၉ )ဦး | ရွှေလင်ပန်းကျေးရွာ၊ လှိုင်သာယာ |
| ၉၉ | ဦးကိုကိုကြီးနှင့် မနုနုဝင်း | ညောင်ကျေးရွာ၊ လှိုင်သာယာ |
| ၁၀၀ | ဦးညွန့်ဆွေ | ညောင်ကျေးရွာ၊ လှိုင်သာယာ |
| ၁၀၁ | ဒေါ်ကြိုင်ကြိုင်ဝင်း | ညောင်ကျေးရွာ၊ လှိုင်သာယာ |
| ၁၀၂ | ဒေါ်ငွေးငွေးမြင့် | ညောင်ကျေးရွာ၊ လှိုင်သာယာ |
| ၁၀၃ | ဦးဇော်ရွှေပါ ( ၂ )ဦး | ရေဥက္ကံကျေးရွာ၊ လှိုင်သာယာ |
| ၁၀၄ | ဦးဝင်းမြင့် | အပြင်ပဒံကျေးရွာ၊ လှိုင်သာယာ |
| ၁၀၅ | ဗိုလ်မှူးသန့်ဇင်(ငြိမ်း) | ညောင်ကျေးရွာ၊ လှိုင်သာယာ |
| ၁၀၆ | ဦးငွေးပါ ( ၄ )ဦး | လှည်းကူး |
| ၁၀၇ | ဦးထွန်းဦး (ခ)ဦးကုလား | ကြာအင်းကျေးရွာ၊ လှည်းကူး |
| ၁၀၈ | ဦးမောင်စိန် | ကြာအင်းကျေးရွာ၊ လှည်းကူး |
| ၁၀၉ | ဒေါ်မြသာပါ ( ၇ )ဦး | သူငယ့်ချောင်ကျေးရွာ၊ လှည်းကူး |
| ၁၁၀ | ဦးစိုင်ဘော်ပက် | ဝါးနက်ကုန်းကျေးရွာ၊ လှည်းကူး |
| ၁၁၁ | ဦးတင့်လွင်ပါ ( ၂ )ဦး | မင်းကုန်းကျေးရွာ၊ လှည်းကူး |
| ၁၁၂ | ဒေါ်တင်မေရီ | လှည်းကူး |
| ၁၁၃ | ဦးညွန့်နိုင်ပါ ( ၆ )ဦး | ကြာအင်းကျေးရွာ၊ လှည်းကူး |
| ၁၁၄ | ဦးလှကြည်ပါ ( ၂ )ဦး | ဟိုင်းကူးကျေးရွာ၊ လှည်းကူး |
| ၁၁၅ | အမည်မသိ | သူငယ့်ချောင်ကျေးရွာ၊ လှည်းကူး |
| ၁၁၆ | ဦးလှဝင်းပါ ( ၂၅ )ဦး | ကြာအင်းကျေးရွာ၊ လှည်းကူး |
| ၁၁၇ | ဦးအောင်တင့် | ကြာအင်းကျေးရွာ၊ လှည်းကူး |
| ၁၁၈ | ဦးခင်မောင်ဝင်း | တံခွန်တိုင်(အင်းစိန်)ကျေးရွာ၊ လှည်းကူး |
| ၁၁၉ | ဒေါ်ကြည်စန်းပါ ( ၄၉ )ဦး | အင်းတိုင်ကျေးရွာ၊ လှည်းကူး |
| ၁၂၀ | ဒေါ်ခင်စန်းဝင်း | စာဘူးတောင်းကျေးရွာ၊ လှည်းကူး |
| ၁၂၁ | ဦးတိန်းဘောမ် | စာဘူးတောင်းကျေးရွာ၊ လှည်းကူး |
| ၁၂၂ | ဦးရဲအောင် | စာဘူးတောင်းကျေးရွာ၊ လှည်းကူး |
| ၁၂၃ | အမည်ဖော်ပြမထား | အထယုကျေးရွာ၊ မှော်ဘီ |
| ၁၂၄ | အမည်ဖော်ပြမထား | အထယုကျေးရွာ၊ မှော်ဘီ |
| ၁၂၅ | ဦးမင်းမင်း | သာယာကုန်းကျေးရွာ၊ မှော်ဘီ |
| ၁၂၆ | ဦးသန်းစိုး | အထယုကျေးရွာ၊ မှော်ဘီ |
| ၁၂၇ | ဦးမြဝင်း | ဖူးကြီးကျေးရွာ၊ မှော်ဘီ |
| ၁၂၈ | ဦးစောလင်း | (၁)ရပ်ကွက်၊ မှော်ဘီ |
| ၁၂၉ | ဦးအောင်သန်း | ဖူးကြီးကျေးရွာ၊ မှော်ဘီ |
| ၁၃၀ | ဦးအေးသိန်း | ဥပ္ပံကျေးရွာ၊ တိုက်ကြီး |
| ၁၃၁ | ဦးပန်းစိန် | ကျားချောင်းကျေးရွာ၊ တိုက်ကြီး |
| ၁၃၂ | ဒေါ်အုန်းမွှေး | ရေစိုကျေးရွာ၊ ထန်းတပင် |

**ရှမ်းပြည်နယ်**

| စဉ် | အမည် | တိုင်ကြားစာပါဖော်ပြနေရပ်လိပ်စာ |
|---|---|---|
| ၁ | ဦးကျော်လူပါ(၁၁)ဦး | ပါပေါက်ရွာ၊ဆီဆုံအုပ်စု၊ကြံခင်း/နားခါးရွာ၊ဒိုးပင်အုပ်စု၊နောင်ချို |
| ၂ | ဦးကော်ရှောက်ဟွမ် | ကောင်းကြဲ(အီ)လုပ်စု၊လားရှိုး |
| ၃ | ဒေါ်နန်းကော် | ဟိုမွန်ရပ်ကွက်၊ မူဆယ် |
| ၄ | ဒေါ်နန်းလှငွေ | ၈၂ လမ်း၊၂၁x၂၂ လမ်း ကြား၊ မန္တလေး |
| ၅ | ဦးမောင်လှပါ(၂)ဦး | မယ်ဟန်အုပ်စု၊လားရှိုး |
| ၆ | ဦးစိုင်းအောင်ပွင့် | (၁/၁၀)တောင်ရပ်ကွက်၊ မူဆယ် |
| ၇ | ဒေါ်လုံးကြည် | (၁၂)ရပ်ကွက်၊ အေးသာယာ၊ တောင်ကြီး |

**လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ တိုင်ကြားစာတင်ပြခဲ့ပြီးနောက် ဆက်သွယ်ဆောင်ရွက် မရရှိသူများစာရင်း**

**ကချင်ပြည်နယ်**

| စဉ် | အမည် | တိုင်ကြားစာပါဖော်ပြပါနေရပ်လိပ်စာ |
|---|---|---|
| ၁ | ဦးဂိုလ်ပါး(ပါ) ၂၁ ဦး | ခေါင်းဖူးရွာသစ်၊ ဆင်ဘိုမြို့၊ မြစ်ကြီးနား |

**စစ်ကိုင်းတိုင်းဒေသကြီး**

| စဉ် | အမည် | တိုင်ကြားစာပါ ဖော်ပြပါနေရပ်လိပ်စာ |
|---|---|---|
| ၁ | ဦးနန်းဆွင်းထန် | ပြည်တော်သာကျေးရွာ၊ ကလေး |

**မန္တလေးတိုင်းဒေသကြီး**

| စဉ် | အမည် | တိုင်ကြားစာပါ ဖော်ပြပါနေရပ်လိပ်စာ |
|---|---|---|
| ၁ | ဒေါ်သန်းသန်းနွယ် (၉/နထက(နိုင်) ၀၀၃၅၂၈) | အိမ်အမှတ်(၂၅)၊ (၁)ရပ်ကွက်၊ ပြည်ကြီးတံခွန် |

**ရန်ကုန်တိုင်းဒေသကြီး**

| စဉ် | အမည် | တိုင်ကြားစာပါဖော်ပြပါနေရပ်လိပ်စာ |
|---|---|---|
| ၁ | ဦးအောင်ကျော်နိုင် | (၁၄၀/ခ)၊ ဆရာချိုလမ်း၊ (၅၈)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း) |
| ၂ | ဦးတင်ဝင်း | (၁၄၁၇)၊ ခရေလမ်း၊ (၆၅)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း) |
| ၃ | ဦးသန်းညွန့် | (၅၈)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း) |
| ၄ | ဦးထွန်း(ပါ)၂၉ ဦး | (၈၉)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း) |
| ၅ | ဦးရဲမြတ်ဖြိုး | မ ၉၉၂၊ ပိတောက်မြိုင်လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံ(တောင်) |
| ၆ | ဦးတင်ထွန်း(ပါ)၇ ဦး | (၂၁၉)၊ စည်ပင်လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံ(တောင်) |
| ၇ | ဒေါ်သန်းသန်းငွေး | (၈၅၁)၊ (၅)လွှာ၊ ခြေယာဘက်၊ သမာဓိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေ |
| ၈ | ဦးတင်မောင်ထွေး | (၁၁၁၇)၊စိန်မြရန်ချယ်လမ်း၊ (၅၆)ရပ်ကွက်၊ ဒဂုံ(တောင်) |
| ၉ | ဒေါ်ကျင်ရွှေ | (၄၁၉)၊သရက်မြိုင်(၂)လမ်း၊ (၆၅)ရပ်ကွက်၊ဒဂုံ(တောင်) |
| ၁၀ | ဒေါ်မိုး(ပါ) ၁၃ ဦး | သိမ်ချောင်းရွာမကျေးရွာအုပ်စု၊ ဒဂုံ(တောင်) |
| ၁၁ | ဒေါ်မြင့်ရွှေ | (၂၀)ရပ်ကွက်၊ဒဂုံ(တောင်) |
| ၁၂ | ဦးလှထွန်း | (၁၄၈)၊ ဂျာမနီလမ်း၊ (၆၉)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း) |
| ၁၃ | ဒေါ်ငွေး | (၆၈)၊ (၂)လမ်း၊ မြယမုံလမ်း၊ သာယာကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်း |
| ၁၄ | ဦးမောင်စိန်ဝင်း | (၂၁) ရပ်ကွက်၊ ဒဂုံ(တောင်) |
| ၁၅ | ဒေါ်ဆန်းနွဲ့ | (၈၉)ရပ်ကွက်၊ ကေတုမတီလမ်း၊ ဒဂုံ(ဆိပ်ကမ်း) |
| ၁၆ | တောင်သူ (၂၉၃)ဦး | (၂၆)ရပ်ကွက်၊ ဒဂုံ(တောင်) |
| ၁၇ | ဦးမြင့်ငွေး | (၁၂၁)၊အောင်သပြေလမ်း၊(၃၅)ရပ်ကွက်၊ဒဂုံ(မြောက်) |
| ၁၈ | ထားဝယ်ချောင်၊ ကျေးရွာသူ/သား လယ်သမားများ | (၅၀)ရပ်ကွက်၊ ဒဂုံ(မြောက်) |
| ၁၉ | ဦးမောင်တိုး | တိုက်(၃၇)၊ အခန်း(၀၀၁)၊ စီ(၇)လမ်း၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်း |
| ၂၀ | ဒေါ်မြင့်မြင့်ကြိုင် | (၂၉)ရပ်ကွက်၊ ဒဂုံ(မြောက်) |
| ၂၁ | ဦးဝင်းနိုင် | (၂၉)၊ (၁၃၇)လမ်း၊ တာမွေ |
| ၂၂ | ဦးအောင်ဝင်း | (၂၇)ရပ်ကွက်၊ ဒဂုံ(မြောက်) |
| ၂၃ | ဒေါ်အေးအေးမော် | (၂၇)ရပ်ကွက်၊ ဒဂုံ(မြောက်) |
| ၂၄ | ဦးမြင့်ကြူ | (၂၇)ရပ်ကွက်၊ ဒဂုံ(မြောက်) |
| ၂၅ | ဦးမောင်စိုး | (၄၆)၊ (၆)လွှာ (A)၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်း |
| ၂၆ | ဦးမောင်စိန်(ကစ) ဦးခင်မောင်ဝင်း | (၃၃)၊ သုမနလမ်း၊(၃/ရန်ပြေရပ်ကွက်)၊ သာကေတ |
| ၂၇ | ဦးသိန်းဝင်း(ပါ) ၄ ဦး | ဂြိုဟ်တုဆက်သွယ်ရေးဝင်း၊ က/၈၊(၂၆)ရပ်ကွက်၊ ဒဂုံ(တောင်) |
| ၂၈ | ဦးစိန်ဝိုင်း(ပါ)၂ ဦး | (၁၄၈)၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ မြို့မတောင်ရပ်ကွက်၊ သန်လျင် |
| ၂၉ | ဦးမောင်မောင် | (၇၈၅)၊ မြေညီထပ်၊ ဇေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊တာမွေ |

(ဆက်လက်ဖော်ပြပါမည်)

# ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

(က) ကွယ်လွန်ခြင်း၊ သို့မဟုတ် စိတ်ပေါ့သွပ်ခြင်း၊

( ခ ) အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ငန်းတာဝန် ဆက်လက်မထမ်းဆောင်နိုင်ခြင်း၊

( ဂ ) ခိုင်လုံသောအကြောင်းမရှိဘဲ ဒါရိုက်တာအဖွဲ့အစည်းအဝေးကို တစ်ဆက်တည်း သုံးကြိမ်တက်ရောက်ရန် ပျက်ကွက်ခြင်း၊

(ဃ) ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်လုပ်ကိုင်ခြင်း၊

(င) ရာဇဝတ်ကြောင်းအရ တရားရုံးတစ်ခုခုတွင် တရားစွဲဆိုခံရ၍ ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(စ) ပုဒ်မ ၅ ပါ အရည်အချင်းတစ်ရပ်ရပ် ပျက်ယွင်းခြင်း။

၂၂။ အစိုးရအဖွဲ့သည် ဝန်ကြီးဌာနက ပုဒ်မ ၂၁ အရ တင်ပြသည့် ဒါရိုက်တာအဖွဲ့ဝင်ကို တာဝန်မှရပ်စဲရမည်။

၂၃။ အစိုးရအဖွဲ့သည် ဥက္ကဋ္ဌ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦးကို တာဝန်မှ ရပ်စဲခြင်းကြောင့်ဖြစ်စေ၊ ဆန္ဒအလျောက် နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ လစ်လပ်သည့်အခါ ဒါရိုက်တာအဖွဲ့ဝင်အသစ်ကို အစားထိုးခန့်အပ်ရမည်။

၂၄။ (က) ဒါရိုက်တာအဖွဲ့ဝင်သည် မိမိသက်တမ်းအတွင်း နုတ်ထွက်လိုပါက ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ကိုရယူပြီး ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) နုတ်ထွက်မည့် ဒါရိုက်တာအဖွဲ့ဝင်သည် ဒါရိုက်တာအဖွဲ့ဝင်အသစ် အစားထိုးခန့်အပ်ပြီးချိန်အထိ မိမိတာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်။

**အခန်း(၇)**

**ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များ**

၂၅။ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဗဟိုရန်ပုံငွေဆိုင်ရာ မူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများချမှတ်ခြင်းနှင့် ထုတ်ပြန်ခြင်း၊

(ဂ) ဗဟိုရန်ပုံငွေ တိုးတက်မှုကို ဖြစ်ပေါ်စေမည့် ငွေချေးသက်သေခံလက်မှတ်များ၊ ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ အစုရှယ်ယာများ၊ ငွေစုလက်မှတ်များ ဝယ်ယူခြင်း၊ ငွေစုဆောင်းခြင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေး မဟုတ်သော အဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊

(ဃ) ပြည်တွင်းပြည်ပတွင် သင့်လျော်သည့် အခြားရင်းနှီးမြှုပ်နှံမှုများအား ရှာဖွေဖော်ထုတ် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် မူဝါဒချမှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ထည့်ဝင်ထားသည့် ရန်ပုံငွေအသီးသီးအတွက် အကျိုးခံစားခွင့်နှုန်းထားများအား ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် သတ်မှတ်ခွင့်ပြုခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) ရင်းနှီးမြှုပ်နှံခြင်းဖြင့် ဗဟိုရန်ပုံငွေတိုးတက်လာမှုအပေါ်မူတည်၍ ဗဟိုရန်ပုံငွေအဖွဲ့ဝင်များ၏ အကျိုးခံစားခွင့်များကို တိုးမြှင့်ပြင်ဆင်ခံစားခွင့်ပြုခြင်း၊

(ဆ) မိမိ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည့်ကော်မတီများကိုဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဇ) ဒါရိုက်တာအဖွဲ့အစည်းအဝေးကို အနည်းဆုံး နှစ်လတစ်ကြိမ် ကျင်းပ၍ ဆုံးဖြတ်ချက်များချမှတ်ခြင်း၊

(ဈ) ပုဂ္ဂလိကကဏ္ဍရှိ ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ဗဟိုရန်ပုံငွေထူထောင်ခွင့်ပြုခြင်း၊ အားပေးခြင်း၊

(ည) ပုဒ်မခွဲ (ဈ) အရထူထောင်သည့်ရန်ပုံငွေများကိုအတွင်းရေးမှူးရုံးက ကြီးကြပ်ကွပ်ကဲနိုင်ရန် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်း၊

(ဋ) ဗဟိုရန်ပုံငွေစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုအစီအစဉ်များ၊ စီမံချက်များချမှတ်ပြီး ဆောင်ရွက်စေခြင်း၊ တွေ့ရှိချက်များကို ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဌ) ဤဥပဒေပါ ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ ငွေရေးကြေးရေး လက်လှမ်းမီမှု (Financial Inclusion)၊ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု (Digital Financing)၊ မိုလ်ဘိုင်းဖုန်းဖြင့် ဘဏ်ဝန်ဆောင်မှု (Mobile Banking) များကို ဗဟိုရန်ပုံငွေအဖွဲ့ဝင်များ အသုံးပြုနိုင်ရန် အားပေးကူညီခြင်း၊

(ဍ) ဗဟိုရန်ပုံငွေနှင့် စပ်လျဉ်းသည့် လုပ်ငန်းများကိုစစ်ဆေးခြင်း၊ ကြည့်ရှုခြင်း၊ ယင်းလုပ်ငန်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သူများကို ဆင့်ဆို၍ စစ်မေးခြင်း၊ လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း၊ လိုအပ်ပါက ထိုသို့ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးခြင်း၊

(ဎ) အငြိမ်းစားအကျိုးခံစားခွင့်ကို လွှဲပြောင်းခြင်း၊ လက်ခံခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စိစစ်ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဏ) ဗဟိုရန်ပုံငွေနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနတို့က အခါအားလျော်စွာ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၂၆။ ဥက္ကဋ္ဌသည် –

(က) ပြည်ထောင်စုဝန်ကြီးအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း တာဝန်ခံရမည်၊

(ခ) သဘောတူစာချုပ်များ၊ စာချုပ်စာတမ်းများ၊ သို့မဟုတ် နားလည်မှုစာချွန်လွှာများကို သတ်မှတ်ချက်နှင့်အညီ ဒါရိုက်တာအဖွဲ့ကိုယ်စားလက်မှတ်ရေးထိုးခွင့်ရှိသည်၊

(ဂ) ပင်စင်ဦးစီးဌာန၏ ငွေကြေးသုံးစွဲမှု၊ ပေးချေမှုစနစ်နှင့် လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်တို့ကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မဟာဗျူဟာရေးဆွဲနိုင်စေရန် ဦးဆောင်ရမည်၊

(ဃ) ဗဟိုရန်ပုံငွေတိုးပွားစေရေးအတွက် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသည့် ခေတ်မီကောင်းမွန်သော ရန်ပုံငွေစီမံခန့်ခွဲရေးလုပ်ငန်းများကို လေ့လာကျင့်သုံးဆောင်ရွက်ခြင်းနှင့် အကျိုးရှိထိရောက်စွာ လည်ပတ်နိုင်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အကဲဖြတ်လမ်းညွှန်မှုပြုရမည်၊

(င) ဗဟိုရန်ပုံငွေရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပရှိ အကျိုးသက်ဆိုင်သူများနှင့် ထိရောက်သော ဆက်သွယ်ဆောင်ရွက်မှုဖြစ်စေရန် လမ်းညွှန်မှုပြုရမည်၊

(စ) အငြိမ်းစားအကျိုးခံစားခွင့်များ ခံစားခွင့်ပြုနိုင်ရေးအတွက်ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်၊

(ဆ) ဗဟိုရန်ပုံငွေအဖွဲ့ဝင်က ပေးပို့သည့် အကြံပြုချက်၊ ဝေဖန်ထောက်ပြချက်များနှင့် တိုင်ကြားမှုကို သတ်မှတ်ချက်နှင့်အညီ စိစစ်သုံးသပ်စုံစမ်းစစ်ဆေးနိုင်ရန် အတွင်းရေးမှူးရုံးသို့ လမ်းညွှန်မှုပြုရမည်၊

(ဇ) လိုအပ်ပါက ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်၊

(ဈ) ပုဒ်မခွဲ (ခ) ပါ မိမိ၏လုပ်ပိုင်ခွင့်ကို ဒါရိုက်တာအဖွဲ့ဝင်အများစု၏ သဘောတူဆုံးဖြတ်ချက်ဖြင့် အတွင်းရေးမှူးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

**အခန်း(၈)**

**အတွင်းရေးမှူးရုံး၏လုပ်ငန်းတာဝန်များ**

၂၇။ အတွင်းရေးမှူးရုံးသည် အောက်ပါလုပ်ငန်းတာဝန်များကို ဒါရိုက်တာအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည် –

(က) ဤဥပဒေနှင့် သက်ဆိုင်သော ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ပေးပို့သည့် နှစ်စဉ်ခန့်ထားမည့် ဝန်ထမ်းစာရင်းပြုစုခြင်း၊

(ခ) အမှန်ခန့်ထားမည့် ဝန်ထမ်းစာရင်းနှင့် ဗဟိုရန်ပုံငွေအဖွဲ့ဝင်စာရင်းတို့အရ နိုင်ငံတော်ဘဏ္ဍာမှ ထည့်ဝင်ရမည့် နိုင်ငံတော်ထည့်ဝင်ကြေးလျာထားချက်အား နှစ်စဉ်ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဂ) ခွင့်ပြုချက်ရရှိသည့် နိုင်ငံတော်ထည့်ဝင်ကြေးကို ဗဟိုရန်ပုံငွေအဖွဲ့ဝင်၏ ငွေစာရင်းသို့ လစဉ်ထည့်သွင်းခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပဘဏ်များတွင် ရန်ပုံငွေစာရင်းများ ဖွင့်လှစ်ခြင်း၊

(င) ငွေချေးသက်သေခံလက်မှတ်များ၊ ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ အစုရှယ်ယာများ၊ ငွေစုလက်မှတ်များ ဝယ်ယူခြင်း၊ ငွေစုဆောင်းခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊

(စ) ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော အဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊

(ဆ) ပြည်တွင်းပြည်ပတွင် သင့်လျော်သည့် အခြားရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်း၊

(ဇ) ဗဟိုရန်ပုံငွေစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုအစီအစဉ်များ၊ စီမံချက်များချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တွေ့ရှိချက်များကို ဒါရိုက်တာအဖွဲ့သို့တင်ပြခြင်း၊

(ဈ) ဗဟိုရန်ပုံငွေတိုးပွားရေးအတွက် ရန်ပုံငွေ ရေရှည်တည်တံ့ခိုင်မာစေမည့် ဆန်းစစ်လေ့လာစိစစ်သုံးသပ်မှုများကို ပြုလုပ်တင်ပြခြင်း၊

(ည) ပင်စင်ဦးစီးဌာနဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်၍ လူ့စွမ်းအားအရင်းအမြစ် ထိန်းသိမ်းနိုင်ရေးအတွက် ဗဟိုရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊

(ဋ) ဗဟိုရန်ပုံငွေအဖွဲ့ဝင်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဆက်ဆံဆက်သွယ်ဆောင်ရွက်ရေးဗဟိုဌာန (Customer Relations and Communication Centre) ထူထောင်ခြင်း၊ မီဒီယာမှတစ်ဆင့် အသိပညာပေးခြင်း၊ စာအုပ်စာတမ်းများဖြန့်ဝေခြင်း၊

(ဌ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဆ) အရ ဖွဲ့စည်းသည့် ကော်မတီတွင် ပါဝင်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကော်မတီဝင်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပင်စင်ဦးစီးဌာန၏အသုံးစရိတ်မှ သတ်မှတ်ကျခံခြင်း၊

(ဍ) ဝန်ထမ်းထည့်ဝင်ကြေးကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်စေခြင်း၊ စာရင်းပြုစုခြင်း၊ ထုတ်ပြန်ခြင်းတို့အတွက် ဗဟိုအချက်အလက်ထိန်းသိမ်းရေးဌာနခွဲ (Central Record Keeping Division) အဖြစ် ဆောင်ရွက်ခြင်း၊

(ဎ) ဗဟိုရန်ပုံငွေဆိုင်ရာစီမံခန့်ခွဲမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် လက်ကျန်ရှင်းတမ်းဆိုင်ရာ စာရင်းအချက်အလက်များ စုဆောင်းခြင်း၊ တွက်ချက်ခြင်း၊ ထုတ်ပြန်ခြင်းပြုနိုင်ရန် သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် ထူထောင်ခြင်း၊

(ဏ) ဗဟိုရန်ပုံငွေနှင့် စပ်လျဉ်း၍ လျှို့ဝှက်ထိန်းသိမ်းထားရမည့်အချက်အလက်များမှတစ်ပါး ထုတ်ပြန်သင့်သည့် စာရင်းအချက်အလက်ကို ထုတ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(တ) ဝန်ထမ်းထည့်ဝင်ကြေးထည့်ဝင်ရန် ပျက်ကွက်သူကိုလည်းကောင်း၊ ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) အရ ထည့်ဝင်ကြေးထည့်ဝင်ရန် ပျက်ကွက်သူကိုလည်းကောင်း၊ သတ်မှတ်ချက်နှင့်အညီ အရေးယူဆောင်ရွက်ခြင်းနှင့် မိမိ၏ဆောင်ရွက်ချက်ကို ဒါရိုက်တာအဖွဲ့သို့တင်ပြခြင်း၊

(ထ) အငြိမ်းစားအကျိုးခံစားခွင့်အပြင် အခြားအကျိုးခံစားခွင့်များ ရရှိရေးအတွက် သီးခြားရန်ပုံငွေထူထောင်ခြင်း၊

(ဒ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဈ) အရ ထူထောင်သည့် ရန်ပုံငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဓ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဌ) ပါ ဝန်ဆောင်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၂၈။ အတွင်းရေးမှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဒါရိုက်တာအဖွဲ့ကချမှတ်သော မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ခ) ဒါရိုက်တာအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အတွင်းရေးမှူးရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များကို ညွှန်ကြားခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ဒါရိုက်တာအဖွဲ့ အစည်းအဝေးကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) အတွင်းရေးမှူးရုံး၏ ဆောင်ရွက်ချက်အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့ အစည်းအဝေးသို့ တင်ပြခြင်း၊

(င) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဍ) အရ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်းနှင့် ယင်းဆောင်ရွက်ချက်ကို ဥက္ကဋ္ဌထံ အစီရင်ခံတင်ပြခြင်းနှင့် သက်ဆိုင်ရာ ဗဟိုရန်ပုံငွေအဖွဲ့ဝင်ထံ သတ်မှတ်ချက်နှင့်အညီ ပြန်ကြားခြင်း၊

(စ) ဗဟိုရန်ပုံငွေတိုးပွားရေးအတွက် ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာများ ရေးဆွဲခြင်း၊ ရင်းနှီးမြှုပ်နှံမှုစီမံချက်များကို စိစစ်ခြင်း၊ စွန့်စားရမှုများကို စီမံခန့်ခွဲခြင်းနှင့် အရင်းအနှီးစီးဝင်မှု၊ စီးထွက်မှုများနှင့် စပ်လျဉ်း၍ ဒါရိုက်တာအဖွဲ့သို့ စိစစ်တင်ပြခြင်း။

၂၉။ အတွင်းရေးမှူးသည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌအား တာဝန်ခံရမည်။

**အခန်း(၉)**

**ဗဟိုရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း**

၃၀။ ဒါရိုက်တာအဖွဲ့သည် ဗဟိုရန်ပုံငွေကို နိုင်ငံတော်ထည့်ဝင်ကြေးနှင့် ဝန်ထမ်းထည့်ဝင်ကြေးများဖြင့် ထူထောင်ရမည်။

၃၁။ ပင်စင်ဦးစီးဌာနသည် ကနဦးနိုင်ငံတော်ထည့်ဝင်ကြေးကို ဗဟိုရန်ပုံငွေ ထူထောင်သည့် ဘဏ္ဍာရေးနှစ်မှ စတင်၍ ထည့်ဝင်ရမည်။

၃၂။ ဝန်ကြီးဌာနသည် ဤဥပဒေနှင့် သက်ဆိုင်သော နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံတော်ထည့်ဝင်ကြေးကို ဝန်ထမ်းတာဝန်ထမ်းဆောင်သည့်ကာလပတ်လုံး နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ နှစ်စဉ်လျာထား၍ လစဉ်ထည့်ဝင်ရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# Cash for Work စီမံချက်ဖြင့် လုပ်သားအရေအတွက် ၂ ဒသမ ၇ သန်း အကျိုးခံစားခွင့်ရရှိမည်

## အောင်ကြည် (ကျေးလက်)

ကိုဗစ် – ၁၉ ကူးစက်ရောဂါဖြစ်ပွားစဉ် ကာလအတွင်း တွေ့ကြုံရသောအခက်အခဲများအတွက် နိုင်ငံတော်က ရေးဆွဲဆောင်ရွက်လျက်ရှိသော ကိုဗစ်ကာလ စီးပွားရေး ကုစားမှုအစီအစဉ် (COVID–19 Economic Relief Plan– CERP) အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ကိုဗစ်ကာလ အရေးပေါ်တုံ့ပြန်ရေးအစီအစဉ် (Contingency Emergency Response Component) တစ်ခုအဖြစ် Cash for Work စီမံကိန်းကို ရေးဆွဲဆောင် ရွက်လျက်ရှိပါသည်။ Cash for Work စီမံကိန်း အကောင် အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ ကိုဗစ်–၁၉ စီးပွားရေးကုစားမှု အစီအစဉ်ကို အထောက်အကူပြုခြင်း၊ ပြည်သူများချက်ချင်းဝင်ငွေရရှိခြင်း၊ ကျေးရွာ ဖွံ့ဖြိုးရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံ များ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် လယ်ယာ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးမှုကို အထောက်အကူပြုခြင်း စသည့် အကျိုး ကျေးဇူးများ ရရှိမည်ဖြစ်သည်။

### Cash for Work

Cash for Work ဆိုသည်မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ အကျိုးဆက်သက်ရောက်ခြင်းခံနေရသော ကျေးလက်ဒေသများရှိ မိသားစုများ၏ ဝင်ငွေရရှိရေး လုပ်ငန်းများ ထိခိုက်မှုဖြစ်ပေါ်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများအား ၎င်းတို့ကျေးရွာ၏ ကုန်ထုတ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင်ဆောင်ရွက် စေပြီး လုပ်အားခငွေပေးချေခြင်းဖြင့် ကျေးလက်နေ ပြည်သူများ ဝင်ငွေရရှိစေရုံသာမက ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေသည့် စီမံကိန်း အမျိုးအစား ဖြစ်ပါသည်။

Cash for Work စီမံကိန်းအတွက် ကျေးရွာဖွံ့ဖြိုးမှု လုပ်ငန်းများကို ကျေးရွာလူထုကိုယ်တိုင် ရွေးချယ်ရမည် ဖြစ်ပြီး စီမံကိန်းကာလ သုံးလတာအတွင်း ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းများ ရွေးချယ်ရာတွင်လည်း နည်းပညာ ရှုပ်ထွေးမှုမရှိဘဲ ရိုးရှင်းလွယ်ကူသည့် အခြေခံအဆောက် အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာ ရွေးချယ်ဆောင်ရွက် ရမည်ဖြစ်သည်။ ဥပမာ– လမ်းပြုပြင်ခြင်း၊ လမ်းအဆင့် မြှင့်တင်ခြင်း၊ သောက်သုံးရေကန်များ ပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း၊ ရေနုတ်မြောင်းနှင့် ရေဆိုးမြောင်း တူးဖော်ခြင်း၊ မြေသားရေကန် တူးဖော်ခြင်းအစရှိသည့် ကျေးရွာအသီးသီးက မိမိတို့ကိုယ်တိုင်ရွေးချယ်သော လုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။

Cash for Work စီမံကိန်းကာလ သုံးလအတွင်း စီမံကိန်းစက်ဝန်းလုပ်ငန်းစဉ်များဖြစ်သော ကျေးရွာအဆင့် တွင် (၁) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်း၊ (၂) ကော်မတီ ဖွဲ့စည်းခြင်းနှင့် သင်တန်းပို့ချခြင်း၊ (၃) စီမံကိန်းလုပ်ငန်း၊ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်းနှင့် မြို့နယ်စီမံကိန်း ရေးဆွဲ ရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီအား တင်ပြခြင်း၊ (၄)အကျိုးခံစားခွင့် အိမ်ထောင်စုများရွေးချယ်ခြင်း၊ (၅) စီမံကိန်းလုပ်ငန်းများ အတည်ပြုခြင်းနှင့် ရန်ပုံငွေ လွှဲပြောင်း ပေးအပ်ခြင်း၊ (၆) လုပ်သားများအား စီမံခန့်ခွဲခြင်း၊ (၇) စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ (၈) စောင့်ကြည့်ခြင်း၊ စစ်ဆေးခြင်းနှင့် စီမံကိန်းပိတ်သိမ်းခြင်း စသည်တို့ကို အဆင့်အလိုက် ဆောင်ရွက်သွားမည်ဖြစ်သည်။

### ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးသွားမည်

စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ် သိန်း ၁၀၀ ထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။ အခြေခံအဆောက် အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပစ္စည်းဝယ်ယူမှု ၄၀ ရာခိုင်နှုန်းနှင့် လုပ်အားခ ၆၀ ရာခိုင်နှုန်းအချိုး မျှော်မှန်း ထားပြီး ကျေးရွာတစ်ရွာအတွက် အကျိုးခံစားခွင့်ရရှိမည့် အိမ်ထောင်စုများအား စုစုပေါင်းပေးချေမည့် လုပ်အားခ သည် ငွေကျပ်သိန်း ၆၀ ခန့် ရရှိမည်ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Cash for Work စီမံကိန်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကျေးရွာ ပေါင်း ၂၄၈၈ ရွာတွင် ဆောင်ရွက်မည် ဖြစ်ပါသည်။ အဆိုပါ ကျေးရွာများရှိ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်သားအရေအတွက် ၂ ဒသမ ၇ သန်းအတွက် လုပ်အားခစုစုပေါင်း ငွေကျပ် ၁၄၉၂၈ သန်း ခန့် အကျိုးခံစားခွင့်ရရှိမည် ဖြစ်ပါသည်။

ထိုကဲ့သို့ Cash for Work စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သော အကျိုးခံစားခွင့်ရှိသည့် အိမ်ထောင်စု များအား လုပ်အားခပေးချေရာ၌ ကျွမ်းကျင်လုပ်သားများ အတွက် ဒေသပေါက်ဈေးအတိုင်း ပေးချေရမည်ဖြစ်ပြီး ရိုးရိုးလုပ်သားများအတွက် လုပ်အားခ အနိမ့်ဆုံး နှုန်းထား ၄၈၀၀ ကျပ်မှ ၆၀၀၀ ကျပ်အထိ သတ်မှတ်ထားပါသည်။ သို့သော်လည်း လုပ်သားတစ်ဦးလျှင် ပျမ်းမျှလုပ်အားခ နှုန်းထား တစ်ရက်လျှင် ၅၄၀၀ ကျပ်နှုန်းရရှိမည် ဖြစ်သည့် အတွက် ကျေးရွာတစ်ရွာတွင် တစ်ရက်လျှင် လုပ်သား ၃၅ ယောက်နှုန်းဖြင့် ခန့်မှန်းအလုပ်လုပ်ရက် ရက်ပေါင်း ၃၀ ခန့်ဖြင့် လုပ်သားအင်အား ၁၁၀၀ ခန့်အတွက် အကျိုး ခံစားခွင့်ရရှိစေမည် ဖြစ်ပါသည်။

### တစ်အိမ်ထောင်လျှင် တစ်ဦးနှုန်း ပါဝင်ဆောင်ရွက်နိုင်ရန်လျာထား

Cash for Work စီမံချက်တွင် ပါဝင်ဆောင်ရွက်ရန် အတွက် လုပ်သားများရွေးချယ်ရာတွင် ပျမ်းမျှ တစ်အိမ်ထောင်လျှင် တစ်ဦးနှုန်းပါဝင်ဆောင်ရွက်နိုင်ရန် လျာထားပါသည်။ ပူးပေါင်းဆောင်ရွက်ရန် စိတ်အား ထက်သန်သည့် လုပ်သားအင်အားလိုအပ်သည်ထက် များပြားနေပါက စီမံကိန်းအကျိုးခံစားခွင့် အိမ်ထောင်စု ရွေးချယ်ရေး စံနှုန်းများအား အသုံးပြုကာ အမှတ်ပေးကတ် ဖြင့် ပါဝင်မည့်လုပ်သားများကို ကျေးရွာကော်မတီက ရွေးချယ်ပေးရမည်ဖြစ်သည်။ အခြေခံကျသော ရွေးချယ် ရေးစံနှုန်းများဖြစ်သည့် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါသည်နှင့် သက်ကြီးရွယ်အိုများ ပါဝင်သော မိသားစု၊ ပုံမှန်အလုပ်အကိုင်မရှိသော အိမ်ထောင်စုဝင် များမှ လုပ်သားများကို ဦးစားပေးရွေးချယ်မည်ဖြစ်သည်။

ကာလတိုစီမံချက်ဖြစ်သော်လည်း လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်ကို ပုံမှန်စီမံကိန်းလုပ်ငန်းစဉ်များကဲ့သို့ စောင့်ကြည့်ကြီးကြပ်ရေးလုပ်ငန်းများနှင့် ကျေးရွာအဆင့် တွင် လုပ်ငန်းစတင်အကောင်အထည်ဖော်ရာမှ လုပ်ငန်း တိုးတက်မှုအစီရင်ခံစာ ပြုစုခြင်းများကိုပါ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ဖြစ်ပေါ် လာနိုင်သော အခက်အခဲများ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းနိုင်ရန်တို့အတွက် ကျေးရွာများအတွင်း ဝေဖန် အကြံပြု တိုင်ကြားရေးစနစ်ကိုပါ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် စီမံကိန်း ဆိုင်ရာ သတင်းအချက်အလက်များအား ကျေးရွာလူထု/ အများပြည်သူ သိရှိနိုင်စေရန် ရည်ရွယ်၍ စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှု စာရွက်စာတမ်းများနှင့် ပိုစတာများအား ကြော်ငြာသင်ပုန်းတွင်ကပ်၍ ချပြရှင်းလင်းသွားမည် ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေ ဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၊ မြစိမ်းရောင်စီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်းအစရှိသည့် စီမံကိန်းလုပ်ငန်းများ ကိုလည်း နိုင်ငံတစ်ဝန်း ဒေသအသီးသီးတွင် အကောင် အထည်ဖော်လျက်ရှိပါသည်။ ယင်းစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှရရှိသော သင်ခန်းစာများနှင့် အတွေ့အကြုံများကို အသုံးချပြီး ယခု ကိုဗစ်ကာလအတွက် Cash for Work စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသော ကိုဗစ်ကာလ စီးပွားရေးကုစားမှုအစီအစဉ် (COVID–19 Economic Relief Plan – CERP) အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရုံးအဆင့် ဆင့် ဌာနဝန်ထမ်းများနှင့် အရင်းအမြစ်များကို အသုံးပြု ကာ ယခု Cash for Work စီမံကိန်းကို ထိရောက် အောင်မြင်မှုရှိစေရန် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



**Cash for Work ဆိုသည်မှာ ကုန်ထုတ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရုံသာမက ကျေးရွာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေသည့် စီမံကိန်းအမျိုးအစားဖြစ်**




UNFPA
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
ကမ္ဘာ့လူဦးရေနေ့
"COVID-19 ကာလမှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ကျန်းမာရေးနှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပါ"
"Putting the brakes on COVID-19: how to safeguard the health and rights of women and girls now"
၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁၁) ရက်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၀)သို့ တက်ရောက် အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၇**
အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၀)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ရှေးဦးစွာ ဒုတိယသမ္မတသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးနှင့် ပညာပေးရေးဌာနခွဲ၊ ခရီးသွားမြှင့်တင်မှု( Digital Marketing) ဌာနခွဲနှင့် e-Government Office တို့အား လှည့်လည်ကြည့်ရှုသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (၁၉)ကြိမ်မြောက် အစည်းအဝေး ကျင်းပ




ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (၁၉)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၇**
ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ (၁၉) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က JMC သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များအား အဓိကလုပ်ဆောင်ရသည့် ပူးတွဲစောင့်ကြည့်ရေးအဖွဲ့ဖြစ်ပါကြောင်း၊ JMC အနေဖြင့် အစည်းအဝေးမှတ်တမ်းချမှတ်မှုများ၊ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရပါကြောင်း၊ ယင်းကိစ္စများအား နှစ်ဖက်ညှိနှိုင်းကာတိကျသည့်စကားလုံးဖြင့် ဆောင်ရွက်ထားသည့်အတွက် လုပ်ထုံးလုပ်နည်းလမ်းညွှန်ချက်များအား လေးစားလိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံမှ ပဋိပက္ခများသည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့ခြင်းဖြစ်ပါကြောင်း၊ ပဋိပက္ခများကို ပြန်ကြည့်ပါက ဘာသာရေး၊ လူမျိုးရေးနှင့် ဂိုဏ်းဂဏတို့ကိုအခြေခံကာ ဖြစ်ပွားနေခြင်းများ ရှိပါကြောင်း၊ ပဋိပက္ခဖြစ်သည်နှင့် ယင်းဝန်ထုပ်ဝန်ပိုးအား

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍


**ကြေးမုံ ယနေ့ ဖတ်စရာ**

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် တောင်ပိုင်းတွင် အင်တာနက်ယာယီ ဖြတ်တောက်ထားရခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် စာမျက်နှာ » ၁၁

- - - - - - - - - - - - - -

အသွားအလာကန့်သတ်မှု ဖြေလျှော့သည့်အနေဖြင့် သီရိလက်ာ၌ စာသင်ကျောင်းအချို့ ပြန်ဖွင့် စာမျက်နှာ » ၁၂

- - - - - - - - - - - - - -

တရုတ်နှင့် အာရပ်နိုင်ငံများက ကိုဗစ်-၁၉ ရောဂါ ပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီ စာမျက်နှာ » ၁၃

- - - - - - - - - - - - - -

ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့ စာမျက်နှာ » ၁၆


# မြန်မာအားကစားအဖွဲ့များ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအတွက် နှစ်ကုန်ပိုင်းမှသာ ပြင်ဆင်နိုင်ဖွယ်ရှိ

**ရန်ကုန် ဇူလိုင် ၇**
မြန်မာအားကစားအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် နှစ်ကုန်ပိုင်းမှသာ စတင်ပြင်ဆင်နိုင်ဖွယ်ရှိနေသည်။ မြန်မာအားကစားအဖွဲ့များသည် ကိုဗစ်-၁၉ ရောဂါကြောင့် လေ့ကျင့်မှုရပ်နားထားရပြီး လေ့ကျင့်မှုအစီအစဉ်များ ပြောင်းလဲထားရသည်။

မြန်မာအားကစားအဖွဲ့သည် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ လေးခု၊ ငွေ ၁၈ ခု၊ ကြေး ၅၁ ခုဖြင့် နိုင်ငံအလိုက် ဆုရရှိမှုတွင် အဆင့်(၇)နေရာ၌ ရပ်တည်ခဲ့သောကြောင့် လာမည့်ပြိုင်ပွဲတွင် ပိုမိုအောင်မြင်ရန် ဆောင်ရွက်လိုသဖြင့် နှစ်ဆန်းပိုင်းကတည်းက စတင်လေ့ကျင့်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် မတ်လတွင် လေ့ကျင့်မှုရပ်နားထားရပြီး အားကစားအဖွဲ့အချို့မှာမူ ၂၀၁၉ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက လေ့ကျင့်နိုင်ခြင်း မရှိသေးပေ။

၂၀၂၁ ခုနှစ် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသော်လည်း ဆီးဂိမ်းပြိုင်ပွဲအတွက် အစည်းအဝေးပြုလုပ်နိုင်ခြင်းမရှိသေးခြင်းကြောင့် ထည့်သွင်းကျင်းပမည့် အားကစားနည်းများ၏ ပဏာမစာရင်းကိုပင် ထုတ်ပြန်နိုင်ခြင်းမရှိသေးပေ။ ဗီယက်နမ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ဆီးဂိမ်းပြိုင်ပွဲအတွက် အရှေ့တောင်အာရှနိုင်ငံများနှင့် ဆွေးနွေးရခြင်းမရှိသေးဘဲ နှစ်ကုန်ပိုင်းမှသာ အတည်ပြုနိုင်ဖွယ်ရှိနေသည်။

**ရှိုင်းထက်ဇော်**